မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ **ပါပဝဂ် (ဓမ္မပဒ - ၁၁၆)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၂၂)

မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကျင်းပ

ချယ်ရီပင်ပေါင်း ၁၀၀၀ ကို နေပြည်တော် ကြာပန်းအဝိုင်းမှ လွှတ်တော်သို့သွားသည့် ဇဝနလမ်းဝဲယာတွင် စိုက်ပျိုးသွားမည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာသည့် ဧည့်သည်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၉

နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အနာဂတ်လူငယ်များ ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နိုင်ရန်၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇဝနလမ်းရှိ ဗိုလ်ရှုသဘင်အနီး၌ ကျင်းပ ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်ကို စိုက်ပျိုးပေးသည်။

ချယ်ရီပန်းသည် သင်္ကေတတစ်ခုဖြစ်

အခမ်းအနား၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ချယ်ရီပင်များ၏ သင်္ကေတသည် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြားရှိ

စာမျက်နှာ ၃ ကော်လံ ၁ ❁

မန္တလေးမြို့၌ သုံးရက်တိုင်တိုင် ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်ကြီး နောက်ဆုံးရက်တွင် လူတစ်သိန်းနီးပါး ဝင်ရောက်

စာ » ၈

အစ္စလာမ့်နိုင်ငံများမှ ရွှေ့ပြောင်းသွားလာသူများ အမေရိကန်သို့ဝင်ရောက်ခွင့် ပိတ်ပင်ရာမှ မကျေနပ်မှုများပေါ်ပေါက်

စာ » ၁၀

အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏကို ယခုနှစ်အတွင်း အဆင့်မြှင့်တင်မည်

စာ » ၁၁

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇဘာ

မြန်မာ့အလင်း

အကြမ်းဖက် လူသတ်ဝါဒ ကျဆုံးပါစေ

ယနေ့ သတင်းဆိုးတစ်ခု ကြားရသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအကြံပေးဖြစ်သူ ရှေ့နေဦးကိုနီ ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသည့်သတင်းဖြစ်ပါသည်။ ကနဦး သတင်းများဖြစ်သည့်အတွက် အခြေအနေမရှင်းသေးသော်လည်း ရှေ့နေဦးကိုနီ ကွယ်လွန်သည့်သတင်းကိုမူ အတည်ပြုနိုင်ပါသည်။

နိုင်ငံရေးအမြင်မတူသူ၊ ဘာသာတရားကွဲပြားသူ၊ လူမျိုးကွဲပြားသူများကြား လုပ်ကြံသတ်ဖြတ်ကြခြင်းသည် မည်သူကမှ လက်မခံနိုင်သောကိစ္စဖြစ်ပါသည်။ မြန်မာ့နိုင်ငံရေးတွင် ထိုသို့သော အစဉ်အလာတချို့ရှိခဲ့ရာ ယနေ့တိုင် ကြီးစွာသောဆုံးရှုံးမှုများကို ခံစားနေရတုန်းပင်ဖြစ်သည်။ မည်သူက၊ မည်သည့်အဖွဲ့အစည်းက မည်သည့်အကြောင်းကြောင့် လုပ်ကြံသတ်ဖြတ်သည်ဖြစ်ပါစေ မည်သို့မှ လက်မခံနိုင်သည့်ကိစ္စပင် ဖြစ်ပါသည်။

လုပ်ကြံသတ်ဖြတ်ခြင်းသည် ပြဿနာကို ဖြေရှင်းခြင်းမဟုတ်ဘဲ တန်ပြန်လက်တုံ့ပြန်မှုများ၊ ဥပဒေကြောင်းအရ အရေးယူမှုများဖြင့် အဆိုးသံသရာကိုသာ ရှည်စေသည်။ လူ့အဖွဲ့အစည်းအတွင်း အကြောက်တရား ဖုံးလွှမ်းစေပြီး အမုန်တရားကိုပါ ကွယ်ပျောက်စေပါသည်။ လူငယ်၊ လူလတ်များအတွင်း ဆွေးနွေးငြင်းခုံမှုဖြင့် အဖြေရှာခြင်းထက် အကြမ်းဖက်နည်းဖြင့် ဖြေရှင်းလိုသောအတွေးအခေါ်များ ပျံ့နှံ့စေသည်။

လက်ရှိ မြန်မာ့နိုင်ငံရေးသည် စိန်ခေါ်မှုများစွာကို လိမ္မာပါးနပ်စွာ ရင်ဆိုင်ဖြေရှင်းနေရသော အချိန်ဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုတွေ စိန်ခေါ်မှုများရှိနေသလို မြန်မာ့အနောက်ဘက် နယ်နိမိတ်ဖြစ်သော ရခိုင်ပြည်နယ် မောင်တောဒေသပြဿနာများကို ကြိုးစားပမ်းစား ဖြေရှင်းနေချိန်ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဆင်းရဲချမ်းသာကွာဟမှု၊ အဂတိလိုက်စားမှုများ၊ မူးယစ်ဆေးဝါးပြဿနာများ၊ တရားမဝင်ကုန်သွယ်မှုများ၊ လူ့အသိုင်းအဝိုင်း အချင်းချင်းကြား မသင့်မြတ်မှုများကို အစိုးရအနေနှင့် သဘောထားကြီးစွာ မေတ္တာတရားအခြေခံဖြင့် ဖြေရှင်းနေရချိန်ဖြစ်ပါသည်။

လူ့အဖွဲ့အစည်း၏ နေရာတစ်နေရာ၊ အုပ်စုတစ်စု၊ အသိုင်းအဝိုင်းတစ်ခုခု၏ မကျေနပ်မှု၊ အာဃာတတရားထားရှိမှု၊ လက်စားချေလိုမှုသည် ကျန်အသိုင်းအဝိုင်းအားလုံးသို့ မကောင်းသော အကျိုးသက်ရောက်မှု ပျံ့နှံ့သွားစေခြင်းဖြစ်ရာ များစွာသတိထားရန်လိုသော ကိစ္စများဖြစ်ပါသည်။ အထူးသဖြင့် အစွန်းရောက်ဘာသာရေးအတွေးအခေါ်၊ အစွန်းရောက် လူမျိုးရေးအတွေးအခေါ်များ အပါအဝင် အစွန်းရောက်အယူအဆမှန်သမျှ ယနေ့ခေတ်ကာလနှင့် အံမဝင်တော့သော အချိန်ဖြစ်ပါသည်။ ဤအတွေးအခေါ်များသည် လူထုတစ်ရပ်လုံး၏ အေးချမ်းစွာနေလိုမှု၊ လွတ်လပ်ပျော်ရွှင်စွာ အသက်မွေးဝမ်းကျောင်းမှု၊ လူ့အသိုင်းအဝိုင်းအားလုံးကြား သဟဇာတဖြစ်စွာ ယှဉ်တွဲနေထိုင်လိုမှု စိတ်ဆန္ဒများနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဝေးကွာလွန်းလှပါသည်။

ယနေ့အဖြစ်အပျက်သည် လွန်စွာစိတ်မကောင်းဖွယ် ဖြစ်ရပ်ဖြစ်သည်။ မည်သည့်လူမျိုး၊ မည်သည့်ဘာသာ ကိုးကွယ်သူဖြစ်ပါစေ အစိုးရတွင် တရားခံနှင့် နောက်ခံအသိုင်းအဝိုင်းများကို ဖော်ထုတ်ရန် တာဝန်ရှိလာပါသည်။

ဤသို့သော လုပ်ကြံသတ်ဖြတ်သည့် အစဉ်အလာများကို မြန်မာ့လူ့အဖွဲ့အစည်းမှ လက်မခံကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြရန်လိုပါသည်။ အစိုးရတာဝန်ကြီးကြီး ယူထားသူများကြား နောင်ဤသို့ မဖြစ်စေရန်အတွက် လုံခြုံရေးအစီအစဉ်များ အထူးတင်းကျပ်ရန် လိုအပ်လာပါသည်။

ဤအဖြစ်အပျက်မှ သင်ခန်းစာယူ၍ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ မတူကွဲပြားမှုများကြား မျှတစွာပေါင်းစည်းလုပ်ဆောင်ရေး၊ လက်ရှိအစိုးရ၏ မေတ္တာတရားအခြေခံသော အုပ်ချုပ်မှုကို နားလည်သဘောပေါက်စေရေးလုပ်ငန်းများ အဆက်မပြတ် ပညာပေးလုပ်ဆောင်ရန် လိုအပ်ကြောင်း တင်ပြရပါသည်။ အကြမ်းဖက် လူသတ်ဝါဒ ကျဆုံးပါစေ။ ။

ငြိမ်းချမ်း ချစ်ကြည်၊
တွဲလက်ညီ
ပြည်ထောင်စုသား
သွေးချင်းများ။
—
တန်းတူညီမျှ …
အခွင့်အရေးရ
ငြိမ်းချမ်းသာယာ …
ပြည်ထောင်စုမှာ။

ထင်သာမြင်သာပြုပြင်စရာ

ယာဉ်များဖြင့်ပိတ်ဆို့နေသော စလင်းစည်ပင်ဈေးလမ်း ရှင်းလင်းပေးစေလို

မကွေးတိုင်းဒေသကြီး စလင်းစည်ပင်ဈေးလမ်းသည် ယခင်က လမ်းကျဉ်းသဖြင့် လူသွားပလက်ဖောင်းများကိုဖြိုကာ လမ်းချဲ့ထွင်ပေးခဲ့ပါသည်။ လမ်းကျယ်သွားသော်လည်း စည်းကမ်းမဲ့ ဈေးလာမော်တော်ယာဉ်များသည် ယာဉ်ကြောပြောင်းပြန်ရပ်ခြင်းနှင့် လမ်းကို ကန့်လန့်ခံ၍ ရပ်နားထားခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါစည်းကမ်းမဲ့ ရပ်နားထားသော ယာဉ်များကြောင့် ဈေးသွား ဈေးပြန်များ၊ ကျောင်းသား ကျောင်းသူများမှာ လမ်းကြောကျဉ်းမြောင်းပိတ်ဆို့ပြီး ယာဉ်တိုက်မှု အန္တရာယ်ဖြစ်ပွားရန်စိုးရိမ်နေရသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံး ရှင်းလင်းပေးစေလိုကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ပန်းချီပြိုင်၊ စက္ကူခေါက်နှင့် စကားရည်လုပြိုင်ပွဲများ ကျင်းပ

မိုးမိတ် ဇန်နဝါရီ ၂၉

မိုးမိတ်ခရိုင် ပြည်သူ့စာကြည့်တိုက်တွင် ပြည်သူများအားထားယုံကြည်ရသော လူမှုအခြေပြုဗဟိုဌာန (Community Center) နှင့် လူမှုအခြေပြုစာကြည့်တိုက် (Community Library) အဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပသော စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ ၊ စက္ကူခေါက်ပြိုင်ပွဲ ၊ စကားရည်လုပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ထက်/လယ်/မူ ကျောင်းသား ကျောင်းသူလေးများက စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၉-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၁၆၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၇၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၆၉၀/၇၀၀ ကျပ်
အောက်တိန်း ၉၂	၇၀၀/၇၁၀ ကျပ်
အောက်တိန်း ၉၅	၇၄၀/၇၅၀ ကျပ်
ပရီမီယံဒီဇယ်	၇၁၀/၇၂၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၀ · ၀
ဥရောပ	တစ်ယူရို	၁၄၄၈ · ၃
စင်ကာပူ	တစ်ဒေါ်လာ	၉၅၀ · ၃၀
ထိုင်း	တစ်ဘတ်	၃၈ · ၃၄
အိန္ဒိယ	တစ်ရူပီး	၁၉ · ၈၅
တရုတ်	တစ်ယွမ်	၁၉၆ · ၁၂
မလေးရှား	တစ်ရင်းဂစ်	၃၀၄ · ၉၁

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဂျပန်ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်အခမ်းအနား၌ နှုတ်ခွန်းဆက်စကားပြောကြားစဉ် (သတင်းစဉ်)

❀ ရှေ့စာမျက်နှာမှ

ချစ်ကြည်ရေးသင်္ကေတပင် ဖြစ်ကြောင်း၊ ချယ်ရီပန်းသည် ဂျပန်နိုင်ငံသူ နိုင်ငံသားများ အင်မတန် နှစ်သက်သည့် ပန်းဖြစ်ပြီး အင်မတန်လှပသည့် ပန်းဖြစ်ပါကြောင်း၊ ချယ်ရီပန်းပင်များကို မြန်မာနိုင်ငံ၌ လာရောက်စိုက်ပျိုးခြင်းသည် ထိုပန်းကဲ့သို့သော အလှအပများ မြန်မာနိုင်ငံသို့ ရောက်ရှိလာစေရန်ဖြစ်ကြောင်း၊ ချယ်ရီပန်းသည် ဂျပန်ယဉ်ကျေးမှုတွင် အင်မတန်အရေးကြီးသည့် သင်္ကေတတစ်ခုဖြစ်ကြောင်း၊ ချယ်ရီပန်းများသည် သစ္စာရှိရှိဖြင့် နှစ်တိုင်းနှစ်တိုင်းပွင့်ပါကြောင်း၊ သို့သော်လည်း ကြာကြာမခံဘဲ ပွင့်ပြီး ခဏလေးဖြင့် ပြန်ကြွေသွားပါကြောင်း။

ရုပ်ပိုင်းဆိုင်ရာတင်မက စိတ်ဓာတ်ပိုင်းဆိုင်ရာ လှပတင့်တယ်ရန် လိုအပ်

သို့သော်လည်း ထိုပန်း၏အလှသည် ရှိနေသမျှ၊ ခံသမျှတော့ အင်မတန်တင့်တယ်ပါကြောင်း၊ ထို့ကြောင့် ချယ်ရီပန်းမှ သင်ခန်းစာယူရမည်ဆိုလျှင် မိမိတို့သည် လူ့ဘဝတွင် ရှိနေသရွေ့တော့ တင့်တယ်အောင်နေရမည်၊ မိမိပတ်ဝန်းကျင်ကို လှပအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်လှပရေးဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာတင်မက စိတ်ဓာတ်ပိုင်းဆိုင်ရာ လှပတင့်တယ်ရန်လိုအပ်ပါကြောင်း။

မျှဝေပေးသည့်အတွက် ကျေးဇူးတင်ရှိ

မိမိတို့လူ့ဘဝသည် မည်မျှတိုတောင်းသည်ဖြစ်စေ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ နေထိုင်သည့်နိုင်ငံ၊ မိမိတို့ နေထိုင်သည့် ကမ္ဘာကြီးအတွက် အကျိုးဖြစ်အောင် အသုံးပြုရမည်ဟုဆိုလိုခြင်း သဘောဖြစ်ပါကြောင်း၊ ချယ်ရီပန်းများကို တန်ဖိုးထားခြင်းသည် အဆိုပါအတွေးအခေါ်များကို တန်ဖိုးထားခြင်းဖြစ်ကြောင်း၊ မည်သည့်ယဉ်ကျေးမှုတွင်မဆို ကောင်းမွန်သည့် အရာများ၊ မျှဝေပေးနိုင်သည့်အရာများ များစွာရှိပါကြောင်း၊ မျှဝေပေးသင့်သည့်အရာများကို ယခုလို မျှဝေပေးသည့်အတွက်လည်း များစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကောင်းမွန်သည့် လက္ခဏာဖြစ်

ယခုလို မျှဝေပေးခြင်းအားဖြင့် တစ်ကမ္ဘာလုံးတွင် လူသားအချင်းချင်း ဆက်သွယ်သည့် စိတ်ဓာတ်များ ပိုမိုခိုင်မာလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ယခု မိမိတို့နိုင်ငံ၏ ရာသီဥတုအခြေအနေသည် မပူလွန်း မအေးလွန်း မျှတသည့် ရာသီဥတုအချိန်အခါဖြစ်သည့်အတွက် ချယ်ရီပင်များ စိုက်ပျိုးခြင်းသည် အင်မတန်ကောင်းမွန်သည့် လက္ခဏာဖြစ်ပါကြောင်း။

ပန်းတိုင်ကို ခေါ်ဆောင်သွားနိုင်မည်

မိမိတို့နိုင်ငံသည် ယခုအခါ ငြိမ်းချမ်းရေးလမ်းပေါ်တွင် စတင်လျှောက်လှမ်းနေသည့်အချိန်ဖြစ်ပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးလမ်းသည်လည်း လှပခြင်း၊ တင့်တယ်ခြင်း၊ မှန်ကန်ခြင်း၊ သဟဇာတဖြစ်ခြင်းဆိုသည့်တန်ဖိုးများကို အလေးထားပြီး ဆောက်တည်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောက်တည်သည့် လမ်းမှသာ မိမိတို့လိုချင်သည့် ပန်းတိုင်ကို ဖြောင့်ဖြောင့်ဖြူးဖြူးဖြင့် ခေါ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. ICHIRO AISAWA တို့ ချယ်ရီပင်များ စိုက်ပျိုးပေးစဉ် (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချယ်ရီပင်စိုက်ပျိုးစဉ် (သတင်းစဉ်)

ငြိမ်းချမ်းရေး၏သင်္ကေတပင်ဖြစ်

ကမ္ဘာကြီးတွင် လူသားများအားလုံးသည် ငြိမ်းချမ်းရေးကို လိုချင်၊ လိုလား၊ တမ်းတတန်ဖိုးထားကြသည်ကို ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေး၏ အဓိပ္ပာယ်နှင့် ငြိမ်းချမ်းရေး၏ တန်ဖိုးကို နားမလည်ကြသူများသာ ငြိမ်းချမ်းရေးကို အလေးမထား၊ မလိုလားခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ နိုင်ငံသူ နိုင်ငံသားများ ငြိမ်းချမ်းရေး၏ အလှအပကို နားလည်စေရန် သင်္ကေတအမျိုးမျိုးဖြင့် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသင်္ကေတသည် ချိုးဖြူလေးဖြစ်သည်ကို အားလုံး အသိဖြစ်ပါကြောင်း၊ ချယ်ရီပန်းကဲ့သို့ အင်မတန်လှပပြီး မတူညီသည့် ယဉ်ကျေးမှုများကြားတွင် အဆက်အသွယ်လုပ်ပေးနိုင်သည့် ပန်းလေးတစ်ခုသည်လည်း ငြိမ်းချမ်းရေး၏သင်္ကေတပင်ဖြစ်ပါကြောင်း၊ မတူကွဲပြားသည့်

စာမျက်နှာ ၄ သို့

ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် ကဏ္ဍစုံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်-မြန်မာပါလီမန်ချင်းချစ်ကြည်ရေး ကော်မတီဥက္ကဋ္ဌနှင့် Parliamentary Sakura Promotion Association of Japan ဥက္ကဋ္ဌ H.E.Mr. ICHIRO AISAWA အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ ဂျပန်-မြန်မာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ ကဏ္ဍစုံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဂျပန် - မြန်မာ ပါလီမန်ချင်းချစ်ကြည်ရေး ကော်မတီဥက္ကဋ္ဌနှင့် Parliamentary Sakura Promotion Association of Japan ဥက္ကဋ္ဌ H.E.Mr. ICHIRO AISAWA တို့ ဆွေးနွေးစဉ်

စာမျက်နှာ ၃ မှ

စိတ်ထားများကို ညီညွတ်စေသည့် အလှတရားများအား မိမိတို့ကိုသင်ပေးသည်ဟု ယူဆပါကြောင်း။

တိုက်တွန်းမှာကြား

ထို့ကြောင့် ချယ်ရီပန်းပင်များကို စိုက်ပျိုးသည့်အခါ ပန်းပင်စိုက်သည်ဟု မစဉ်းစားဘဲ နိုင်ငံနှစ်ခုကြားတွင်ရှိသည့် ချစ်ကြည်မှု၊ ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန် စိုက်ထူသည်၊ ပြုစုပျိုးထောင်သည်ဟု သဘောထားပြီး မိမိနိုင်ငံအတွက် အလှတရားများ တိုးပွားစေမည့် ငြိမ်းချမ်းရေးလမ်းစဉ်ကိုလည်း အထောက်အကူဖြစ်စေသည့် သင်္ကေတဟု စိတ်ထဲတွင်ထားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. ICHIRO AISAWA က ချယ်ရီပန်း၏ သဘာဝ၊ အလှတရား၊ အဓိပ္ပာယ်များနှင့် စိုက်ပျိုးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ချယ်ရီပင်စိုက်ပျိုးပွဲတော်ကိုကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သတ်မှတ်နေရာများ၌ ချယ်ရီပင်များကို စိုက်ပျိုးပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စိုက်ပျိုးသွားမည်

ဂျပန်နိုင်ငံမှ ချယ်ရီပင်ပေါင်း ၁၀၀၀ ကို နေပြည်တော် ကြာပန်းအဝိုင်းမှ လွှတ်တော်သို့သွားသည့် ဇဝနလမ်း၏ ဝဲယာတွင်စိုက်ပျိုးရန် စီစဉ်ထားကြောင်း၊ ပထမအကြိမ်အဖြစ် ချယ်ရီပင် ၁၀၀ ကို စတင်စိုက်ပျိုးခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ် နိုဝင်ဘာလတွင် ချယ်ရီပင် ၂၀၀ စီ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ချယ်ရီပင် ၃၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ် (သတင်းစဉ်)

စုစုပေါင်း ၁၁၀၀၀၀ စိုက်ပျိုးပြီး

ယခုစိုက်ပျိုးသည့် (Prunus Youkouzakura) ချယ်ရီပင်သည် ဂျပန်မူရင်းချယ်ရီပင်ဖြစ်သည့် ဆိုမဲရောရှိ (Someyoshi) အမျိုးအစားချယ်ရီပင်အား အပူပိုင်းဒေသတွင် စိုက်ပျိုးအောင်မြင်နိုင်စေရန်အတွက် မျိုးရိုးဗီဇကို အင်ဂျင်နီယာနည်းပညာဖြင့် ပြုပြင်ပြောင်းလဲမှုပြုလုပ်ခဲ့ရာမှ ရရှိလာသော အပင်အမျိုးအစားဖြစ်သည်။ ချယ်ရီပန်းပညာရှင် Mr.MASAAKI TAKAOKA က လွန်ခဲ့သည့် ၅၁ နှစ်ကတည်းက အောင်မြင်မှုရခဲ့ပြီး အဆိုပါ ချယ်ရီပင်များအား နိုင်ငံတကာတွင် စိုက်ပျိုးခဲ့ရာ ယနေ့အထိ အပင်အရေအတွက် စုစုပေါင်း ၁၁၀၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူကျောင်းသူတစ်ဦးအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်

ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူကျောင်းသူတစ်ဦးအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်

မန္တလေး ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT) ပထမထပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော်ကြီး ကျင်းပဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆုရရှိသူ ကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ရာ ပုံပြောပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ကိုယ်ပိုင်ကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ကိုယ်ပိုင်ကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ မူလတန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦး၊ အလယ်တန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲတွင်ဆုရရှိသူ ရှစ်ဦး၊ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦး၊ အလယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦးတို့အား တာဝန်ရှိသူများက ဆုများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ပွဲတော်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အကဲဖြတ်ဒိုင်များ၊ ပန်းချီ၊ ကာတွန်းပညာရှင်များ၊ အဖွဲ့အစည်းအသီးသီးမှ လာရောက်ကူညီကြသူများ၊ ပွဲတော်လာပြည်သူများအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြသည့် စာကြည့်တိုက်များ၊ မြန်မာနိုင်ငံရုပ်စုံအသင်း၊ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT)၊ မြန်မာနိုင်ငံ ရုပ်စုံသဘင်အသင်း၊ မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း (MRPSA)၊ Happy World၊ DUMEX၊ NEUTROPLEX ၊ KBZ BANK ၊ KID ZON ၊ FOREVER GROUP၊ GREAT WALL ဆောက်လုပ်ရေး၊ ဟိုတယ်ရွှေပြည်သာ၊ United Pacific Co., Ltd. & Advanced Myanmar Star Co.,Ltd.၊ ရွှေဘဲစားသောက်ဆိုင် (မန္တလေး)၊ Lucky သောက်ရေသန့်နှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်ရွက်သည့် တာဝန်ရှိသူများက မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ Evap Type အအေးပေးစနစ်ဖြင့် Novogen Brown ဥစားကြက်၊ မီးကိုင်ဥစားကြက်နှင့် အသားတိုးကြက် မွေးမြူထားရှိမှု အခြေအနေများ၊ DYL ဝက်များ၊ အသားတိုးဝက်နှင့် ဝက်သားပေါက်များ မွေးမြူရောင်းချမှုအခြေအနေများ၊ ငါးကန်များအတွင်း သုံးလွှာစနစ်ဖြင့် ငါးမျိုးစုံမွေးမြူထားရှိမှုအခြေအနေများ၊ နို့စားနွား မွေးမြူထားရှိမှုနှင့် နွားနို့ထုတ်လုပ်ရောင်းချမှုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ စိန်တလုံးသရက်၊ တစ်ရှူးငှက်ပျော၊ ငွေနှင်းမှို၊ ကြယ်ပဲနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော ငွေနှင်းမှို၊ ကြယ်ပဲနှင့် ခြံထွက်သီးနှံများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းအတွင်းရှိ ကြယ်ပဲများစိုက်ပျိုးထားရှိမှု၊ ငါးကန်များအတွင်း ငါးများမွေးမြူထားရှိမှု၊ နို့စားနွားများမွေးမြူထားရှိမှု၊ DYL ဝက်များအား Battery Case ဖြင့် မွေးမြူထားရှိမှု၊ DYL မျိုးဝက်မများအား သီးခြားစီခွဲ၍ ထားရှိမှု၊ သားခွဲအသားတိုးဝက်ပေါက်များ မွေးမြူထားရှိမှုနှင့် အသားတိုးဝက်များ မွေးမြူထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရတနာပုံသတင်းစာတိုက်သို့ သွားရောက်ပြီး သတင်းစာတိုက်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာပုံသတင်းစာတိုက်၌ ကြည့်ရှုစစ်ဆေးစဉ်

*** *ကျောဖုံးမှ***

စာပေများကို ဝယ်ယူအားပေးခဲ့ကြသည်။

ပြပွဲမြေညီထပ်တွင် ဆရာကြီး မင်းသုဝဏ်၏ စာပေမှတ်တမ်းဓာတ်ပုံများ၊ ဆရာကြီးရေးသားခဲ့သည့် ကဗျာ၊ ကလေးစာပေ၊ စာအုပ်စာပေများနှင့် စာကြည့်တိုက်များမှ ပြသထားသည့် စာအုပ်များကို လေ့လာဖတ်ရှုခြင်း၊ နံနက်ပိုင်းတွင်ကျင်းပသည့် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ပန်းချီပြိုင်ပွဲ၊ မျက်လှည့်ပြပွဲ၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊ ရော်ဘာရုပ်ပြုလုပ်ခြင်း၊ Team Building၊ Science Fair၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ အိမ်ဆောက်လုပ်နည်းကစားခြင်းတို့တွင် မန္တလေးမြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများနှင့် ပွဲတော်လာရောက်သည့် ကလေးငယ်များ စိတ်ဝင်တစား ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြပွဲပထမထပ်တွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပုံပြောပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြကာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသားကျောင်းသူများကလည်း ကျပန်းစကားပြောပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသည်။

စာပေဟောပြော

ဒုတိယထပ်၌ နံနက်ပိုင်း စာပေဟောပြောပွဲ အစီအစဉ်တွင် ကဗျာဆရာ အောင်မော်က မြန်မာ့ကာတွန်းနှင့် ကလေးစာပေခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာမ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)က ကလေးဇာတ်ကောင်များက မွေးဖွားပေးသော ကလောင်တစ်ချောင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်း၌ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဒေါက်တာအရှင်ဇဝန (သုတဉာဏ်ရောင်စာကြည့်တိုက်)၊ ဦးရဲထက်ဦး(သရပါစာကြည့်တိုက်)၊ ဦးတေဇာဆန်း(ယုံကြည်ရာစာကြည့်တိုက်)၊ ဦးအောင်သန်းထွန်း (Intensity Library)၊ ဒေါ်ခင်မျိုးဝေ (မေတ္တာရိပ်မိုဘိုင်းစာကြည့်တိုက်)တို့က မန္တလေးမြို့တော်မှ ဆန်းသစ်တီထွင်သော စာကြည့်တိုက်များခေါင်းစဉ်ကို ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ပညာရေး ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာကြည့်တိုက်များမှ တာဝန်ရှိသူများနှင့် စာပေချစ်သူများကလည်း အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ်များတွင် ပါဝင်သည့်မြို့နယ်များ၌ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကို အခြေခံ၍ တစ်အိမ်တက်ဆင်း (Door to Door) ကောက်ယူခဲ့ပါသည်။

၂။ အဆိုပါအခြေခံမဲဆန္ဒရှင်စာရင်းများကို ၁-၂-၂၀၁၇ ရက်နေ့မှ ၁၄-၂-၂၀၁၇ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များမှ မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှု၍ မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့(အခမဲ့) ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကပ်ထားကြေညာပေးမည်ဖြစ်ပါသည်။

၄။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး ၁ ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❂ ကျောဖုံးမှ

သေနတ်နဲ့ပစ်တဲ့သူက အကျႌပန်းရောင်၊ ဘောင်းဘီအတိုဝတ်ထားတာကိုတွေ့ရတယ်”ဟု အဆိုပါဖြစ်ပွားမှု အနီးရှိ မျက်မြင်သက်သေ အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်အချိန်တွင် ဆိုက်ရောက်လာသည့် Silk Air လေကြောင်းခရီးစဉ် MI 518 ဖြင့် လိုက်ပါလာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ညနေ ၄ နာရီ ၅၅ မိနစ်တွင် Terminal -1 ဂိတ် 6 အရှေ့ပလက်ဖောင်းတွင် ဦးကြည်လင်း (၅၃)နှစ်၊ (ဘ) ဦးလှိုင်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နေသူက (၉-မမ)ပစ္စတိုသေနတ်ဖြင့် ဦးခေါင်းကို အနီးကပ်တစ်ချက် ပစ်ခတ်ထွက်ပြေးခဲ့သဖြင့် ၎င်းမှာ နားထင်သေနတ်ဒဏ်ရာဖြင့် ညနေ ၅ နာရီ ၈ မိနစ်အချိန်ခန့်တွင် ရရှိဒဏ်ရာဖြင့် သေဆုံးသွားခြင်းဖြစ်သည်။

ပစ်ခတ်ထွက်ပြေးသည့် သေနတ်သမားသည် Terminal-1 ရှေ့မှ အရှေ့ဘက် ကားပါကင်တစ်လျှောက် ထွက်ပြေးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုက ဝိုင်းဝန်းလိုက်လံဖမ်းဆီးစဉ် ၎င်းနောက်သို့ ဆက်လိုက်မလာရန် လူအုပ်ကြီးအားပြောဆိုပြီး သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့သည့်အပြင် အနီးရှိ အငှားယာဉ်မောင်းဖြစ်သူ ဦးနေဝင်းကို သေနတ်ဖြင့် တစ်ချက် ပစ်ခတ်ခဲ့သည်။

“ကျွန်တော်တို့က ဇယ်တောက်နေတာ အသံကြားလို့ လှမ်းကြည့်တော့ လူတစ်ယောက် သေနတ်နှစ်လက်ကိုင်ပြီး ပြေးလာတာကို တွေ့ရတယ်၊ အဲဒီနောက်က လူငါးယောက်လောက် ပြေးလိုက်ပြီး အဲဒီကောင်ကိုဖမ်းဆိုပြီး အော်ပြောတယ်၊ အဲဒီအချိန်မှာ သေနတ်နဲ့လူက လိုက်မလာနဲ့ ပစ်လိုက်မယ်လို့ ပြောတယ်၊ ကားလမ်းပေါ်ရောက်တော့ လေဆိပ်မှာဂိတ်ထိုးတဲ့ အငှားယာဉ်မောင်း ကိုနေဝင်းက ခဲနဲ့ထုလိုက်တော့ သူ့ကို သေနတ်နဲ့ပစ်လိုက်တယ်၊ ပြီးတော့ လမ်းပေါ်မှာ မောင်းလာတဲ့

ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်သူ ဦးကြည်လင်းအား တွေ့ရစဉ်
(ဓာတ်ပုံ- Min Thant Naing Facebook)

အငှားယာဉ်တစ်စီးကို အဲဒီလူက ယာဉ်မောင်းကို သေနတ်နဲ့ ချိန်ပြီး မောင်းခိုင်းတယ်၊ အဲဒီအချိန်မှာပဲ အနောက်က လိုက်လာတဲ့ လူအုပ်ကြီးက ကားရှေ့ပိတ်ပြီး ခဲတွေနဲ့ ဝိုင်းထုကြတယ်၊ အဲဒီနောက်မှာတော့ ရဲတွေရောက်လာပြီး သူ့ကိုချုပ်ပြီး သေနတ်ဝင်လုတာကိုတွေ့ရတယ်”ဟု အနီးရှိ မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

သေနတ်သမားသည် Terminal-3 မျက်စောင်းထိုး Amazing Bistro စားသောက်ဆိုင်ရှေ့ ကားလမ်းမတွင် အငှားယာဉ်တစ်စီးအား သေနတ်ဖြင့်ချိန်၍ လုယက်ရန် ကြိုးစားနေစဉ် လေကြောင်းကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီး ဝင်းမင်းသိန်း ဦးဆောင်သည့် လုံခြုံရေးတပ်ဖွဲ့မှ သေနတ်သမားအား သေနတ်ဖြင့်ချိန်၍ လက်နက်ချရန်ပြောဆိုခဲ့ပြီး မိုးပေါ်သို့ သုံးချက်ပစ်ဖောက်ခဲ့ရာ ၎င်းမှာ ခုခံရန်ကြိုးစားသဖြင့် ဝဲဘက်ပေါင်အား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ပြီး ရဲမှူးကြီး ဝင်းမင်းသိန်းကိုယ်တိုင် လုယက်ခံရသည့် ပရိဘောဂ်အငှားယာဉ် အဖြူရောင်ကို မောင်းနှင်ပြီး မြောက်ဥက္ကလာပဆေးရုံကြီးသို့ ခေါ်ဆောင်သွားခဲ့သည်။

သေနတ်သမားအား လိုက်လံဖမ်းဆီးစဉ် သေနတ်ဖြင့် ပစ်ခံရသည့် အငှားယာဉ်မောင်း ကိုနေဝင်းမှာ ဆေးရုံသို့ပို့ဆောင်စဉ် ရရှိဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရသည်။

“ဒီဖြစ်စဉ်မှာ သေဆုံးသူ အငှားယာဉ်မောင်း ကိုနေဝင်းက ပြည်သူတစ်ဦးအနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ခဲ့တယ်၊ သူ ခုလိုသေဆုံးသွားတဲ့အပေါ်မှာ ကျွန်တော်တို့အနေနဲ့ ဝမ်းနည်းတယ်၊ သူသာ ခဲနဲ့ မထုခဲ့ရင် သေနတ်သမားကိုမိဖို့ ခက်ခဲပါလိမ့်မယ်၊ သူ့အခုလို သေဆုံးတဲ့အပေါ်မှာ သက်ဆိုင်ရာတွေအနေနဲ့လည်း ပြန်ကြည့်သင့်ပါတယ်”ဟု အဆိုပါဖြစ်ပွားမှုအနီးရှိ အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ၏ ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနီသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် မာလူကူပြည်နယ်တို့၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက် အထိ ကျင်းပခဲ့သော Senior Leadership Program လေ့လာရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ် ယင်းကဲ့သို့ ပစ်ခတ်ခံရခြင်းဖြစ်သည်။

သေနတ်သမားကို ဖမ်းဆီးစဉ်ပါဝင်ခဲ့သူ အငှားယာဉ်မောင်း (သေဆုံးသူ) ဦးနေဝင်းမှာ ဇနီးနှင့် သားသမီး သုံးဦးရှိပြီး အငယ်ဆုံးကလေးမှာ ၄၅ ရက်သာ ရှိသေးကြောင်း သိရသည်။

နေပြည်တော် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်အပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် နေပြည်တော် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်အပ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက နေပြည်တော် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အလေးပြုခံစင်မြင့်ထက်သို့ ရောက်ရှိနေရာယူ၍ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အတူ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံအား အလေးပြုကြပြီး ကျဆုံးခေါင်းဆောင်များနှင့် ရဲဘော်အပေါင်းအား ဆက်လက်အလေးပြုကြကာ ကြက်ခြေနီသစ္စာခံဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံသို့ နေပြည်တော် ကြက်ခြေနီသူနာပြုတပ်ဖွဲ့အား တပ်အပ်၍ ကောင်စီဥက္ကဋ္ဌက တပ်အပ်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက နေပြည်တော်ကောင်စီဥက္ကဋ္ဌအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များ၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်အသီးသီးမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

အထွေထွေဖွံ့ဖြိုးမှုနောက်ကျသော ကလေးငယ်များ နေ့ပိုင်းစောင့်ရှောက်ရေးစင်တာဖွင့်

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးမြို့ပြဟ္မစိုရ်လူမှုကူညီရေးအသင်းရုံး၏ အထွေထွေဖွံ့ဖြိုးမှုနောက်ကျသော ကလေးငယ်များ နေ့ပိုင်းစောင့်ရှောက်ရေးစင်တာဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အထွေထွေဖွံ့ဖြိုးမှုနောက်ကျသော ကလေးသူငယ်များ နေ့ပိုင်းစောင့်ရှောက်ခွင့် ခံစားရရှိရေးနှင့်ပတ်သက်၍ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ထို့ပြင် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာစစ်ဆေးပြီး လိုအပ်သော ဝန်ဆောင်မှုများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်မည့်ECI (Early Childhood Intervention) လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပဋိသန္ဓေတည်သည်မှစ၍ အသက်(၅)နှစ်အတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်း လိုအပ်ချက်ရှိခြင်းများကို သိရှိပါက လိုအပ်သောဝန်ဆောင်မှု၊ ပြုစုစောင့်ရှောက်မှုများ မပေးနိုင်ခဲ့လျှင် အရွယ်လွန်မှ ပြန်လည်လေ့ကျင့်ပေးရန် ခက်ခဲမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အထွေထွေဖွံ့ဖြိုးမှု နောက်ကျသော ကလေးများအား အချိန်မီလေ့ကျင့်ကုသမှုကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောသည်။ **(သတင်းစဉ်)**

မြောက်ဦးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မြောက်ဦး ဇန်နဝါရီ ၂၉

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့သည် မြောက်ဦးမြို့နယ် ပေါက်တောပြင်ကျေးရွာရှိ နဖူးသင်းကျိတ်တော်စေတီသို့ ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ၂၀၁၆ ခုနှစ် လေျာင်ဒဏ်ကြောင့် ကွဲအက်ခဲ့သော စေတီတော်အား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိမ်းလွင်က စေတီတော်ပြုပြင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောင်ရှိကန်ကျေးရွာအတွင်းရှိ မြို့ကွက်သစ် အကောင်အထည်ဖော်ဆောင်ရွက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုပြီး မြို့ပြအိုးအိမ်ထူထောင်ရေးဦးစီးဌာနက မြို့ကွက်သစ်တည်ဆောက်ရေးမြေနေရာကို ဝန်ကြီးချုပ်ထံ မြေပုံနှင့်တကွ အသေးစိတ်ရှင်းလင်းတင်ပြသည်။ ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေျာင်ဒဏ်ကြောင့် ပြိုကျခဲ့သော ရတနာပုံစေတီ အမှတ်(၆)ကို သွားရောက်ကြည့်ရှုပြီး မြောက်ဦးမြို့ ရတနာမာရ်အောင်ဓမ္မရိပ်သာ၌ ပင့်ဖိတ်ထားသော ဆရာတော်သံဃာတော်များအား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဘောဇဉ်အာဟာရများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၆ ခုနှစ် လေျာင်ဒဏ်ကြောင့် ပြိုကျခဲ့သော ရတနာမာရ်အောင်စေတီတော်မြတ်ကြီးအား သွားရောက်ကြည့်ရှုကာ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိမ်းလွင်က စေတီတော်ပြုပြင်ဆောင်ရွက်နေမှုအား အသေးစိတ်ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့သည်။ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက လယ်ယာမြေစွန့်လွှတ်မှုနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်ထံသို့ တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့ ကန်လှချောင်း တူးဖော်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအင်ဂျင်နီယာက ရှင်းလင်းတင်ပြခဲ့ပြီး မြောက်ဦးမြို့နှစ်ထပ်ဈေးရုံ ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာပေဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်သူများ စာပေကို ပိုမိုစိတ်ဝင်စားလာစေရန်၊ စာပေဖတ်ရှုနှုန်း မြင့်မားလာစေရန်နှင့် လူငယ်များ သုတ၊ ရသ စာပေများကို ချစ်မြတ်နိုးစေရန် ရည်ရွယ်လျက် စာဆိုတော်နေ့အထိမ်းအမှတ် ဆဋ္ဌမအကြိမ် စာပေဟောပြောပွဲနှင့် ပထမအကြိမ် စာပေဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ ရက် ည ၇ နာရီက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ တွဲဖက်(အ.ထ.က)ကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌထံမှ ပေးပို့သည့် စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်ပုက ဖတ်ကြားပြီးနောက် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား စာရေးဆရာ လယ်တွင်းသားစောချစ်နှင့် ချစ်နိုင်(စိတ်ပညာ)တို့က ဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က "လူငယ်များရဲ့ အနာဂတ်ကောင်းကင်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ လယ်တွင်းသားစောချစ်က "ကိုယ့်ကိုယ်ကိုယ် မြင့်အောင် မြှင့်ကြပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Miss Universe Myanmar ထက်ထက်ထွန်း National Costume ဆုကို ရရှိထားပြီးဖြစ်

မနီလာ ဇန်နဝါရီ ၂၉

"မြန်မာပြည်က သယ်လာတဲ့ ရုပ်သေးစင်ကကြီးတော့ ဟိုတယ်ကိုမသယ်ဘဲ ခန်းမမှာပဲထား။ ထက်ထက်ကိုယ်တိုင်တစ်ခါမှ မတပ်ဖူးဘူး။ National Costume မှာ ရုပ်သေးစင် တပ်ဆင်တာ ၂ နာရီကျော်ကြာတယ်။ ထက်ထက်တစ်ယောက်တည်း မူလီတွေတပ်နေတာက မပြီးနိုင်။ ဒီကြားထဲ ပွဲကတာဝန်ရှိသူတွေက လေးလို့ စင်ပေါ်ပေးမသယ်ဘူး။ သစ်ပင်နဲ့ လူပဲတက်။ စင်ထားခဲ့ပေါ့။ ရတယ် သူနိုင်တယ်လို့ ထက်ထက်က အတင်းသယ်မယ်ပေါ့။ သူတို့ထဲက ဒေးဗစ်ဆိုတဲ့သူက သဘောကောင်းတယ်။ ထက်ထက်ကိုခွင့်ပြုတယ်။ အဲဒီအထဲက လူတချို့က မူလီတွေ ကူတပ်ပေးတယ်။ ပွဲချိန်ကအစီအစဉ်ပြောင်းသွားတော့ မိတ်ကပ်လိမ်းဖို့ အချိန်မရ။ ၁၅ မိနစ်လောက်ပဲ အချိန်ရတော့ ပေါင်ဒါတွေလူး ဆံထုံးကညနေခင်းဝတ်စုံတုန်းကဟာက အနောက်တိုင်းပုံစံ။ မြန်မာဆံထုံးတော့ မတပ်လို့မဖြစ်။ ဒါနဲ့လက်ထဲက ကိုင်သွား။

ပွဲတာဝန်ရှိသူက မယူခိုင်း။ ဒါနဲ့ sorry ပါ။ သူယူသွားပြီဆိုပြီး အပြေးသွား။ ဒါနဲ့ စင်ပေါ်တက်တော့ ကတိုက်ကရိုက်နဲ့ ရုပ်သေးစင်ကို ဝိုင်းပြီးမကြ။ လက်မှာတပ်ရမယ့် ကြိုးတွေကို တစ်ယောက်က ယူထား။ ဒါတပ်ရမှာဆိုပြီး ထက်ထက်က ပြန်ယူ။ ပိတ်ကားကိုဖွင့်ဖို့ လက်ကမမီ။ ဒါနဲ့စင်ပေါ်ရောက်တော့ လေးလို့ ရှေ့မတက်ခိုင်း။ စကတော့ ထက်ထက်စိတ်ပူတာက ရုပ်သေးလိုမဖြစ်ဘဲ ရိုးရိုးအကလိုဖြစ်မှာစိုးတယ်။ သူကတယ်။ ပြီးတော့ မြန်မာလို့ အောက်ကအချက်ပြတော့မှ သူရပ်လိုက်တယ်။ မြန်မာတွေအားပေးတဲ့ နေရာသာမက တခြားနေရာများကပါ မြန်မာဆိုပြီး ဝိုင်းအားပေးကြတယ်။ ထက်ထက် သိပ်ပျော်သွားတယ်။ ဒါနဲ့ စင်ကိုပြန်သယ်။ စတိတ်စင်နောက်မှာ ကျေးဇူးတင်ပါတယ်လို့ ပြောပြီးချိန် စင်ကိုကူသယ်ပေးတဲ့သူတစ်ယောက်က ထက်ထက်ထဘီစကို တက်နင်းတယ်။ ဖိနပ်မဟုတ်ဘဲ ခြေအိတ်ပဲဝတ်ထားတော့ ချော်လဲတယ်။

တခြားအလှမယ်တွေကပါ National Costume ကို မြန်မာကိုပေးတယ်ဆိုပြီး အားပေးကြတယ်။ လုံခြုံရေးတွေကအစ ပွဲတာဝန်ရှိသူတွေအဆုံး ထက်ထက်ကို မြန်မာဆိုပြီး အားပေးကြတယ်။ ထက်ထက် အလွန်ပျော်တယ်။ နောက်ဆုံးနေ့အတွက် ခွန်အားတစ်ခုရထားပါတယ်"ဟု အလှမယ်က ပြောပြသည်။

ညွန့်ဇော်အောင်(မြဝတီ)

လျှပ်စစ်ဓာတ်အားသုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း (Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏပိုမို လွန်ကဲစွာဖြစ်ပေါ်ခြင်း (Over Heating or Over Loading) နှင့် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများ သုံးစွဲခြင်းမှ အပူနှင့်မီးပွားများ ဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှု စတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝိုင်ယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက်(Transformer) အတင်အချ သတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ (Safe Guard)ချွတ်ယွင်းပါက အလိုအလျောက် (Auto)ပြုတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင်နေရာကွက်ကျား မိုးရွာနိုင်သည်။

(မိုး/ဇလ)

မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းဆိုင်ရာနှင့် အစိုးရဌာနများ၏ ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုလွှတ်တော် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် သပြေညိုအင်စတီကျု (Eugenia Institute)တို့၏ ပေါင်းစပ်စီစဉ်မှုဖြင့် မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းဆိုင်ရာနှင့် အစိုးရဌာနများ၏ ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် လွှတ်တော်ဝင်းသဘင်ဆောင်၌ ကျင်းပသည်။

တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်

ဆွေးနွေးပွဲတွင် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကား ပြောကြားပြီး**(ယာပုံ)** ဘဏ်လုပ်ငန်းဆိုင်ရာ အကြံပေးများ ဖြစ်ကြသော ဦးရဲမင်းဦးနှင့် ဦးစိုးသိန်းတို့က မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍ၊ ဘတ်ဂျက်ရေးဆွဲခြင်း၏ ရည်ရွယ်ချက်၊ သဘောတရားနှင့် ဘတ်ဂျက်သံသရာ၊ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်သည့် ဘဏ္ဍာရေးရပ်ဝန်းနှင့် ဘတ်ဂျက်ဖွဲ့စည်း မှုပုံသဏ္ဌာန်တို့ကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့်လွှတ်တော် ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံ တက္ကသိုလ်ကင်းထောက်အဖွဲ့ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးများပြုပြင်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်ပုဂံရှေးဟောင်းဘုရားနှင့် စေတီပုထိုးများပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် မလေးရှားနိုင်ငံ တက္ကသိုလ်ကင်းထောက်အဖွဲ့မှ ကင်းထောက်များက အလှူငွေများကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် တက္ကသိုလ်ကင်းထောက်များမှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

ပေးအပ်လှူဒါန်း

ယင်းလှူဒါန်းမှုအစီအစဉ်အရ ယနေ့နံနက် ၁၀ နာရီက ဩောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် တက္ကသိုလ်ကင်းထောက်တာဝန်ခံ မောင်ကောင်းဆက်ဟိန်းနှင့် ညောင်ဦးခရိုင်မှ ကင်းထောက်တာဝန်ခံ ဆရာမနှင့် ကင်းထောက်များက မလေးရှားနိုင်ငံ တက္ကသိုလ်ကင်းထောက်များ လှူဒါန်းသည့် ငွေကျပ် ၆၂၇၀၀၀ ကို ပုဂံရှေးဟောင်းဘုရားများပြုပြင်မွမ်းမံထိန်းသိမ်းရေး ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီတာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ကိုလတ်(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက လှိုင်သာယာ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံလမ်းပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကိုလည်းကောင်း၊ ဖျာပုံမြို့မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်ပါဝင်သော လမ်းအမှတ် (၇) အရှည် ၅၁ မိုင် ၅ ဖာလုံရှိ ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းအား ဖျာပုံခရိုင်မှ ကတ္တရာခင်းထားမှု၊ ကျောက်ခင်းထားမှုနှင့် အမာခံလမ်းဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ် (၂၆/၁) တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၅) က တည်ဆောက်နေသော အရှည်ပေ ၁၈၀ မြို့ကုန်းတံတား တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း၊ လမ်းအမှတ် (၆) အရှည် ၃၈ မိုင် ၅ ဖာလုံရှိ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း အခြေအနေနှင့် အဆိုပါလမ်းမိုင်တိုင်အမှတ် (၁၈) ရှိ အရှည် ၁၇၈၁ ပေ ခြောက်လက်မ စက်ဆန်းတံတား တည်ဆောက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယင်းနောက် အရှည် ၁၉ မိုင် ၅ ဖာလုံရှိ ဖျာပုံ- ဘိုကလေး လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ၊ ပျက်စီးနေသော ကတ္တရာမျက်နှာပြင်အား လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာစိမ့်ဝင်လွှာလောင်းခြင်းနှင့် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သကံချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ ဘိုးပိုင်အုတ်မြစ်၊ ကိုယ်ထည်-သံကူကွန်ကရစ်တို့ဖြစ်ပြီး ပင်မတံတားသံမဏိသံပေါင်၊ ချဉ်းကပ်တံတား Plate Girder တို့ဖြင့် တည်ဆောက်ထားကာ စုစုပေါင်းတံတားအရှည်ပေ ၂၃၀၀ ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေခြောက်လက်မပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ဂုံညင်းတန်းရှိ ရွှေတောင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် မအူပင်-ဖျာပုံလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှု၊ လမ်းအရှည်အသွေးခံနိုင်ရည်စမ်းသပ်နေမှု၊ တံတားဘိုးပိုင်၊ အရှည်အသွေး စမ်းသပ်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ ခေတ်မီစက်ယန္တရားများကို အသုံးပြု၍ အောက်ခံလမ်းသားအမာခံရရှိအောင် ပထမဆင့် ထုံး၊ သဲ၊ မြေရောစပ်ကာ လမ်းခင်းနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မအူပင်-ဖျာပုံလမ်းအား အရည်အသွေးမီရန်အတွက် "Lime Stabilizet Work" နည်းစနစ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ၌ လမ်းတည်ဆောက်ခြင်းနည်းပညာနှင့် အဓိကလမ်းပုံစံထုတ်ခြင်း နည်းပညာများရရှိပြီး အလားတူဒေသများ၌ ပြန်လည်အသုံးချနိုင်မည်ဖြစ်၍ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မအူပင်-တွံတေး လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပင်လည်ဘူးမြို့နယ် မြေလင်းသစ်ထုတ်လုပ်ရေးနယ်မြေ ရေပြာအိုင်ဆင်စခန်း၌ ဆင်အမြွှာ မွေးဖွား

ကောလင်း ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် မြေလင်းသစ်ထုတ်လုပ်ရေးနယ်မြေ တံတားကိုင်းအုပ်စု မန်ကော်ကျေးရွာအနီး ရေပြာအိုင်ဆင်စခန်း၌ ဆင်အမြွှာနှစ်ကောင် မွေးဖွားခဲ့ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း မြေလင်းသစ်ထုတ်လုပ်ရေးနယ်မြေ၌ ဇန်နဝါရီ ၂၅ ရက်က နိုင်ငံတော်ပိုင် ဆင်အမှတ်၊ မ/၄၁၉၆ အေးမြကြည်အမည်ရှိ ဆင်မကြီး အသက်(၅၁ နှစ်) က ညနေ ၆ နာရီခွဲခန့်တွင် လင်းလင်းဦးအမည်ရှိ ဆင်အထီးကိုမွေးဖွားခဲ့ပြီး ဇန်နဝါရီ ၂၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် ငြိမ်းငြိမ်းဦး အမည်ရှိ ဆင်အမလေးအား မွေးဖွားခဲ့သည်။ ဆင်အမြွှာနှစ်ကောင်မှာ ပုံမှန်အရွယ်အစားအတိုင်းရှိပြီး မိခင်ဆင်မကြီးနှင့် ဆင်အမြွှာနှစ်ကောင်မှာ ကျန်းမာလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မွန်အမျိုးသားနေ့အခမ်းအနားကျင်းပရေး ညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၂၉

တပို့တွဲလပြည့်ကျော် ၁ ရက်တွင်ကျရောက်သည့် အကြိမ် (၇၀)မြောက် မွန်အမျိုးသားနေ့အခမ်းအနား(ရန်ကုန်)ကျင်းပနိုင်ရေး ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်က အမှာစကားပြောကြားပြီး အခမ်းအနားအစီအစဉ်များ၊ အခမ်းအနားကျင်းပသည့်နေ့ နံနက်ပိုင်းမှစတင်ကာ မွန်ရိုးရာဝတ်စုံများ၊ မွန်အစားအစာများ၊ မွန်ဒေသထွက်ကုန်ပစ္စည်းများ အရောင်းဆိုင်ဖွင့်လှစ်ပြသရောင်းချခြင်း၊ ညပိုင်းတွင် ဧည့်ပရိသတ်များအား မွန်ရိုးရာအနုသုခုမတေးဂီတအဆိုအကတို့ဖြင့် ဧည့်ခံဖျော်ဖြေခြင်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

အကြိမ်(၇၀)မြောက် မွန်အမျိုးသားနေ့အခမ်းအနား(ရန်ကုန်)ကို တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၁၂ရက်၊ တနင်္ဂနွေနေ့) ညနေ ၅ နာရီမှ ည ၁၂ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး (မြေနီကုန်း ပြည်လမ်းဂိတ်ဝင်ပေါက်မှတစ်ဆင့်) ပါဝင်ဆင်နွှဲကြပါရန် အသိပေးဖိတ်ကြားထားသည်။

ကိုချစ်

သစ်တောသစ်ပင်တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

မန္တလေးမြို့၌ သုံးရက်တိုင်တိုင်ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်ကြီး နောက်ဆုံးရက်၌ လူတစ်သိန်းနီးပါး ဝင်ရောက်

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးမြို့တွင် သုံးရက်တိုင်တိုင် ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်ကြီး နောက်ဆုံးရက်တွင် လူတစ်သိန်းနီးပါး ဝင်ရောက်ခဲ့ပြီး ပြိုင်ပွဲ ၁၁ မျိုးအတွက် ဆု ၈၈ မျိုးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာပေပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်မှ စတင်ကာ ၂၉ ရက်ထိ သုံးရက်တာကျင်းပခဲ့ရာ ဖွင့်ပွဲနေ့တွင် လူဦးရေ နှစ်သောင်းကျော်နှင့် ဒုတိယနေ့တွင် ငါးသောင်းကျော် လာရောက်ကြည့်ရှုကြပြီး ယနေ့နောက်ဆုံးရက်တွင် တစ်သိန်းနီးပါး လာရောက်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ပြောကြားခဲ့သည်။

“ဒီနေ့ နောက်ဆုံးနေ့ဆိုတော့ လာရောက်တဲ့သူတွေ တော်တော်များတယ်။ လမ်းပေါ်မှာလည်း ကားတွေ၊ ဆိုင်ကယ်တွေပြည့်နေတာ စာပေပွဲတော်မှာ စာအုပ်တွေ ထင်မှတ်မထားလောက်အောင် ရောင်းရတယ်။ အချိန်တိုလေးအတွင်းမှာ အခုလို အောင်မြင်တဲ့အတွက် လုပ်ရကျိုးနပ်ပါတယ်။နေပြည်တော်မှာက တစ်ရက်ပဲ ကျင်းပခွင့်ရတာ၊ ဒီမှာသုံးရက်ဆိုတော့ ပွဲတော်ကို လာရောက်တဲ့သူ တော်တော်များပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စာပေပွဲတော်တွင် ကလေးစာကြည့်တိုက်များ၊ စာဖတ်ခန်းများ အစုအဖွဲ့လိုက်ပေါင်းစပ်ကစားရသည့် ဂိမ်းများ၊ စက္ကူခေါက်ခြင်း၊ အရုပ်ဆက်ခြင်း စသည်ဖြင့် ပြခန်းပေါင်း ၃၈ ခန်းပါဝင်ပြီး ပြိုင်ပွဲအနေဖြင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲစသည်ဖြင့် ပြိုင်ပွဲ ၁၁ မျိုး ပြုလုပ်ရာ ပြိုင်ပွဲတစ်ခုလျှင် ဆုရှစ်ဆု ချီးမြှင့်ပေးကြောင်း သိရသည်။

“ပြိုင်ပွဲတစ်ခုကို ပထမ၊ ဒုတိယ၊ တတိယနဲ့ နှစ်သိမ့်ဆု ငါးဆုဆိုပြီး ရှစ်ဆုပေးတယ်။ ပြိုင်ပွဲ ၁၁ ခုမှာ ဆုရရှိတဲ့သူ ၈၈ ယောက်ရှိပါတယ်။ သူတို့တစ်တွေကို ဆုငွေအပြင် အမှတ်တရလက်ဆောင်ပစ္စည်းတွေလည်း ချီးမြှင့်ပေးပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စာပေပွဲတော်အတွင်းရှိ စာအုပ်အရောင်းဆိုင်များမှ စာအုပ်ရောင်းရငွေမှာ ပထမရက်တွင် ငွေကျပ်သိန်း ၂၄၀ ရရှိခဲ့ပြီး ဒုတိယရက်တွင် ငွေကျပ်သိန်း ၄၇၀ ရရှိခဲ့ကာ ယနေ့ နောက်ဆုံးရက်တွင် ရောင်းချရန် စာအုပ်လက်ကျန်မရှိတော့သည့်အတွက် ငွေကျပ်သိန်း ၄၀၀ ကျော်သာ ရောင်းချနိုင်ခဲ့ပြီး ယင်းကဲ့သို့ စာပေပွဲတော်ကို လာမည့်မတ်လ၌ မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကာ ယင်းနောက် မုံရွာမြို့၌လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေးမြို့က စာပေချစ်သူများ၏ ရင်တွင်းစကားများ

စာရေးဆရာ ဆူးငှက်

ဒေါ်နှင်းနှင်းမော်

ဆရာ စိုးဘားဒိုင်(စာရေးဆရာ)

အောင်သန်းထွင်

ဆူးငှက်

မန္တလေးမှာကျင်းပတဲ့ ကလေးစာပေပွဲတော်ကို ဒီနေ့ရောက်ဖြစ်တယ်။ နောက်ဆုံးရက်မှာ ကြိတ်ကြိတ်တိုး စည်ကားတာတွေ့ရတယ်။ ဒီနေ့မှ မဟုတ်ဘူး အရင်နှစ်ရက်ကလည်း တော်တော်စည်ကားတယ်ဆိုတာ လူမှုကွန်ရက်တွေကတစ်ဆင့် ဓာတ်ပုံအထောက်အထားတွေနဲ့ တွေ့ရပါတယ်။

ကလေးစာပေပွဲတော်မှာ ကလေးတွေ ပုံဆွဲကြ၊ ပုံပြောကြ၊ စာဖတ်ကြ၊ ကစားကြ၊ သီချင်းဆိုကြနဲ့ အလွန်ဝမ်းမြောက်စရာပါပဲ။ ကလေးတွေက တီဗွီဂိမ်းတွေ၊ တိုက်ကားတွေ၊ တီဗွီဖန်သားပြင်တွေမှာပဲ တစ်ကိုယ်တော် အချိန်ကုန်နေကြတာများပါတယ်။ အစုအဝေးနဲ့၊ အဖွဲ့အစည်းနဲ့၊ အပေးအယူနဲ့၊ စည်းလုံးညီညွတ်စွာ ဆော့ကစားကြမယ့် အခြေအနေတွေကို ဖန်တီးပေးကြဖို့ ကလေးစာပေပွဲတော်က လမ်းဖွင့်လှုံ့ဆော်ပေးလိုက်တာပါပဲ။

မန္တလေးမှာ ကလေးစာပေပွဲတော် သုံးရက်ကျင်းပရာကနေ သတိပြုမိတာတွေကတော့ လူထုအဖွဲ့အစည်းနဲ့ အားလုံးပူးပေါင်းပါဝင်ကျင်းပတဲ့ လူထုပွဲတော်ကြီးတွေ၊ ဥပမာ- ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့အခမ်းအနားမျိုးတွေ မကျင်းပဖြစ်တာ နှစ်ပေါင်းနှစ်ဆယ်၊ သုံးဆယ်လောက်ရှိပြီ။ ဒါကြောင့် လူထုပွဲတော်ကြီးတွေ မန္တလေးမှာ လိုအပ်နေတာ သေချာတယ်။ လူထုပွဲတော်ကြီးတွေ ကျင်းပကြပါ။

နောက် လူထုပွဲတော်ကြီးတွေ ကျင်းပခဲ့တဲ့ မန္တလေးမှာ အရင်က မန်းရာပြည့်ကွင်းကြီးလို၊ မန်းသီတာ ဥယျာဉ်လို၊ ဆင်ဖြူကန်ကွင်းလို ကွင်းကြီးတွေရှိခဲ့လို့ ကျယ်ကျယ်လွင့်လွင့် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့တယ်။ အခု ဒီကွင်းကြီးတွေ အားလုံးမရှိတော့ဘူး။ ဒါကြောင့် မန္တလေးမှာ လူထုပွဲတော်ကြီးတွေ ကျင်းပဖို့ လူထုကွင်းပြင်ကြီးတွေ၊ လူထုရင်ပြင်တွေ၊ လူထုအခမ်းအနားတွေနဲ့ ပတ်သက်တဲ့ ပြတိုက်၊ ပြခန်း၊ ခန်းမကြီးတွေ ထိုက်ထိုက်တန်တန်လိုအပ်နေပါပြီလို့ ပြောချင်ပါတယ်။

ဒေါ်နှင်းနှင်းမော်

မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ပညာရေးကျောင်းများ အသင်းဥက္ကဋ္ဌ

ကလေးစာပေပွဲတော်ကြီး မကျင်းပမီ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ အကြိမ်ကြိမ် အစည်းအဝေးတွေ လုပ်ခဲ့ရပါတယ်။ နေပြည်တော်မှာ ပထမကျင်းပခဲ့ပြီး တော်တော်အောင်မြင်တဲ့ ပွဲဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့် တာဝန်ရှိသူတွေကလည်း ပိုမိုစည်ကားသိုက်မြိုက်တဲ့ပွဲဖြစ်ဖို့ တော်တော်လေး အားထည့်တိုက်တွန်းပြီး ကျွန်မတို့ကို ပြင်ဆင်ဖို့ အကြံပြုခဲ့ပါတယ်။ ကျွန်မတို့လည်း ကိုယ်တာဝန်ကျတဲ့အပိုင်းက အကောင်းဆုံးဖြစ်အောင် ကိုယ်ပိုင်ကျောင်းတွေ အစည်းအဝေးပေါင်းများစွာ ပြုလုပ်ပြင်ဆင်ခဲ့ကြရပါတယ်။

မကျင်းပမီကတော့ မျှော်မှန်းတဲ့အထိ စည်စည်ကားကားဖြစ်ပါ့မလားလို့ စိုးရိမ်ခဲ့ပေမယ့် ပထမနေ့ကတည်းက စည်ကားလွန်းလို့ တိုးမပေါက်အောင် ဖြစ်ခဲ့ရတဲ့မြင်ကွင်းကို တွေ့ရတော့ ပျော်ပါတယ်။ ကျွန်မတို့ ကိုယ်ပိုင်ကျောင်းပြခန်းလေးမှာလည်း တော်တော်စည်ကားပါတယ်။ အခြားနေရာတွေလည်း တိုးမပေါက်ပါဘူး။ ကလေးတွေလည်း ပျော်ကြ၊ မိဘတွေကလည်း တက်ကြွကြ၊ ပြခန်းတာဝန်ကျ ဦးဆောင်ရှင်းပြနေတဲ့ ကလေးတွေလည်း မမောနိုင်၊ ပြခန်းကသိမ်းလို့သာ သိမ်းရ ကြည့်တဲ့သူတွေက မပြန်နိုင်နဲ့ ပွဲတော်အချိန်နည်းတယ်၊ ရက်တိုးသင့်တယ်ပြောရင်း မချင့်မရဲ ပြန်သွားတဲ့ ကလေးတွေ၊ လူကြီးတွေကို ကြည့်ရင်း အမောပြေခဲ့ရပါတယ်။

ပွဲတော်ကြီးကအပြန် ဒီပွဲတော်အကြောင်းပြုပြီး စာပေဝါသနာအိုးလေးတွေဖြစ်လာမယ့် ကလေးတွေအကြောင်းကိုတွေးရင်း ပျော်ရွှင်ရပါတယ်။

ဆရာစိုးဘားဒိုင် (စာရေးဆရာ)

ကလေးစာပေပွဲတော် မန္တလေးမှာ လာပြီး ကျင်းပတာက ပြန်ကြားရေးဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရက ပူးပေါင်းပြီးလုပ်တာပါ။ ဒီလိုအချိန်တိုလေးနဲ့ ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ ပွဲတော်ကြီးတစ်ခု ဖြစ်လာတဲ့အတွက် ပါဝင်ပြီး ကြိုးပမ်းကြတဲ့သူတွေကို ချီးကျူးပါတယ်။ ဒီပွဲတော်က အားကြီးအောင်မြင်တယ်။ အားလုံးမြင်ကြတဲ့အတိုင်းပဲ သုံးရက်စလုံး လူတွေ တအားစည်ကားတယ်။ ကလေးတွေ စိတ်ဝင်စားတယ် ပျော်ကြတယ်။ သူတို့ရဲ့ပျော်နေတဲ့ မျက်နှာလေးတွေမြင်ရတော့ ကျန်တဲ့သူတွေလည်း အပျော်တွေကူးစက်တာပေါ့။ ပိုပြီးစိတ်ဝင်စားစရာ ကောင်းတာက စာအုပ်ဆိုင်တွေမှာ ကလေးတွေစုပြုံပြီးတော့ စာအုပ်တွေဝယ်ကြ၊ စာအုပ်တွေကြည့်ကြ၊ ကစားပွဲတွေကလည်းမျိုးစုံဆိုတော့ ကလေးတွေဟာပွဲထဲကိုရောက်ပြီဆိုကတည်းက နံပါတ်တစ်အချက် ကလေးတွေ ပျော်နေကြတယ်၊ နောက်အချက်က သူတို့တစ်တွေအတွက် မျိုးစုံဆော့ကစားရတဲ့ အတွက် လွတ်လပ်မှုပေါ့။ နောက်တစ်ချက်က စာအုပ်တွေဝယ်ကြတာ စာအုပ်တွေပေါ်မှာ အာရုံရောက်လာတာ ဒီပွဲတော်ရဲ့အကျိုးကျေးဇူးပေါ့။ ကလေးတွေက ဂိမ်းပဲဆော့စရာရှိတာ၊ တီဗွီပဲကြည့်စရာရှိတာ၊ ဖုန်းပဲဆော့စရာရှိတာမဟုတ်ဘဲ စာအုပ်တွေလည်းဖတ်လို့ရတယ်ဆိုတဲ့ အသိဝင်စေပါတယ်။

အောင်သန်းထွင်

Intensity စာကြည့်တိုက်

(၃၉ လမ်း × လမ်း ၉၀)

ကလေးတွေ စိတ်ဝင်စားတယ်။ အတော်ကို အုတ်အော်သောင်းတင်းရှိပါတယ်။ ကျွန်တော်တို့ဘက်က စာကြည့်တိုက်တွေလုပ်ပေးဖို့ပဲလိုတာပါ။ ကလေးတွေစာမဖတ်ဘူးပြောနေပေမယ့် ဒီဟာတွေကြည့်ရင်လုံးဝသိသာမှာပါ။ ကလေးတွေက လုပ်ချင်ကိုင်ချင်စိတ်ရှိတယ်။ စာကြည့်တိုက်ကိုလည်း ဝင်ချင်ထွက်ချင်စိတ်ရှိတယ်။ ကျွန်တော်တို့ဘက်က ကလေးတွေကို ကြိုဆိုတဲ့ ပုံစံမျိုးအစီအစဉ်တွေလိုအပ်ပါတယ်။ ဒါမျိုးအစီအစဉ်တွေရှိရင် ကလေးတွေ စာကြည့်တိုက်ကို ရောက်လာမှာပါ။ ကလေးတွေဘက်က ချို့ယွင်းချက်မဟုတ်ပါဘူး။ အများစု စာကြည့်တိုက်လုပ်တဲ့သူတွေက ကလေးတွေအတွက် အစီအစဉ်လေးတွေ အားနည်းနေတာ ကလေးတွေနဲ့မဆိုင်တဲ့ ပုံစံဖြစ်သွားတာပါ။ အခုလိုခေါင်းစဉ်မှာကို ကလေးစာပေ သီးသန့်တပ်လိုက်တော့ ကလေးတွေနဲ့အတူ မိဘတွေပါ ပါလာတယ်။ အဖြေကတော့ ရှင်းပါတယ်။ စာကြည့်တိုက်တွေ ဘက်ကလုပ်ပေးဖို့ပဲ ကျန်ပါတော့တယ်။ ဒီနေ့ကတော့ စာပေဟောပြောပွဲမှာ ဆွေးနွေးတာက စမ်းသပ်တီထွင်တဲ့ စာကြည့်တိုက်ပေါ့။ အရင်ပုံစံမျိုးစာအုပ်ချည်း သီးသန့်မဟုတ်ဘဲအကုန်လုံးဝန်ဆောင်မှုပေးနိုင်တဲ့ ပုံစံမျိုးတွေပါလာမယ်။ ဒစ်ဂျစ်တယ်နည်းပညာတွေပါလာမယ်။ သူတို့စိတ်ဝင်စားစရာ အကြောင်းအရာတက်ဘလက်တွေ၊ ကွန်ပျူတာတွေ၊ စာကြည့်တိုက်မှာထားပြီးတော့ IT စတာတွေ အကုန်အစုံ ဝန်ဆောင်မှုမျိုးတွေ ပေးနိုင်တဲ့ စာကြည့်တိုက်မျိုးတွေသွားဖို့ ဆွေးနွေးတဲ့ပုံစံပါ။

ရဲထက်ဦး

(စာကြည့်တိုက်များဖြစ်မြောက်ရေးနှင့် ပြခန်းများစီစဉ်ပေးသူ)

နေပြည်တော်မှာလုပ်တဲ့ ကလေးစာပေပွဲမှာစတင်ပါဝင်ခဲ့တယ်။ မန္တလေးပွဲနဲ့ နေပြည်တော်ပွဲဆို မန္တလေးပွဲမှာ အများကြီး ပိုမိုပါဝင်တာတွေ့ရတယ်။ ကလေးတွေစာအုပ်ဖတ်ဖို့ နည်းလမ်းပေါင်းများစွာတွေ့ရတယ်။ စာကြည့်တိုက်အသင်းတွေဖွဲ့ဖို့ ကြိုးစားနေပါတယ်။ တနေရာတည်းမှာပဲ စာဖတ်ခြင်းရဲ့အကျိုးကျေးဇူးတွေရရှိတယ်လို့ မြင်ပါတယ်။ စာပေဟောပြောပွဲတို့၊ စာဖတ်ခန်းတို့ဆိုတာ အဓိကကတော့ မိဘတွေကို ဦးတည်တာပါ။ ကလေးတွေအတွက် စာကြည့်တိုက်ပို့ရင် စာဖတ်ဖြစ်အောင်၊ စာအုပ်ဝယ်ဖြစ်အောင် ရည်ရွယ်ပြီးတော့ ကျင်းပတာပါ။ သုံးရက်စလုံးဆိုရင် စာပေဟောပြောတဲ့သူ အယောက် ၃၀ ကျော်ပါတယ်။ စာအုပ်စာပေဖတ်ခြင်းဆိုတာ တစ်နေ့ တစ်ရက်နဲ့ပြောလို့ရတဲ့ အရာမဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံတော်အဆင့်ကရော စာကြည့်တိုက်အဖွဲ့အနေနဲ့ပါ ဆက်တိုက်လုပ်ဆောင်နေပါတယ်။ ကလေးတွေရဲ့ ဒီစာဖတ်တဲ့ အကျင့်လေးကို ပြုစုပျိုးထောင်မှုရမှာပါ။

မင်းထက်အောင်(မန်းကိုယ်ပွား)

တင်မောင်(မန်းကိုယ်ပွား)

သားသား၊ မီးမီးတို့ ပျော်ပျော်ရွှင်ရွှင် ဆင်ကာနွဲ့တဲ့ ကလေးစာပေပွဲ

စည်စည်ကားကား ဆင်ကာနွဲ့ ကိုယ်ပိုင် ကျောင်းများ၏ ပန်းချီပြပွဲ

အရုပ်တွေလည်း ဆက်ကြမယ်

ပျော်ပျော်ရွှင်ရွှင် ဆင်ကာနွဲ့တဲ့ အရုပ်ဆက်ပြိုင်ပွဲ

လှုပ်လှုပ် ရှားရှား အားကစား

စာအုပ်တွေလည်း ရွေးကြမယ် ဈေးတန်းထဲမှာကွယ်

လက်တွေ့လေ့လာ စမ်းသပ်တာ သိပ္ပံခန်းမှာပါ

အားလုံးအတူတူစုပေါင်းလို့ အကအလှ ဖျော်ဖြေစို့

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT) တွင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် နောက်ဆုံးနေ့ လှုပ်ရှားမှုမြင်ကွင်းများ

အားလုံးတူတူ ကကြမယ် ကချင်ရိုးရာ အကပေါ့ကွယ်

စိတ်ဝင်တစားရေးဆွဲမှာ ပုံတူရုပ်ပြောင် ရုပ်ပုံပါ

အစ္စလာမ္မစ်နိုင်ငံများမှ ရွှေ့ပြောင်းသွားလာသူများ အမေရိကန်သို့ဝင်ရောက်ခွင့် ပိတ်ပင်ရာမှ မကျေနပ်မှုများပေါ်ပေါက်

ဝါရှင်တန် ဇန်နဝါရီ ၂၉
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အစ္စလာမ္မစ်နိုင်ငံကြီးခုနစ်ခုတို့မှ ပြည်သူများအား အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခြင်းကို ပိတ်ပင်ကန့်သတ်ရန် အမိန့်ထုတ်ပြန်လိုက်ရာ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများသည် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခံလိုက်ရပြီး လေဆိပ်များတွင် သောင်တင်နေခဲ့သည့်အတွက် စနေနေ့က စတင်ကာ အရှုပ်အထွေးများနှင့် အခဲမကျေဖြစ်မှုများ ပေါ်ထွက်လာခဲ့သည်။

ထရန့်စတင်ရုံးထိုင်ခဲ့ပြီး တစ်ပတ်အကြာတွင် အဆိုပါဆုံးဖြတ်ချက်သည် အမေရိကန်နိုင်ငံအတွင်းမှ အရှုပ်အထွေးများကို အပျောက်ရှင်းလိုသည့်အပြတ်သားဆုံး ဆုံးဖြတ်ချက်တစ်ခုဖြစ်ခဲ့သည်။ ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒေါ်နယ်ထရန့်သည် အမေရိကန်နိုင်ငံအတွင်းသို့ ဒုက္ခသည်များဝင်ရောက်ရန် လေးလကြာ ခွင့်ပြုပေးထားပြီး ဆီးရီးယားနှင့် အခြားသောနိုင်ငံခြောက်ခုတို့မှ ခရီးသွားလာသူများကို ယာယီပိတ်ဆို့မှုပြုလုပ်ခဲ့သည်။

ပြည်တွင်းလူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့များ၊ ဘာသာရေးသက်ဝင်ယုံကြည်သူ အုပ်စုများနှင့် ဒီမိုကရက်တစ်နိုင်ငံရေးသမားများသည် ဒေါသူပုန်ထလျက်ရှိပြီး ထရန့်၏ အမိန့်ထုတ်ပြန်မှုကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်ရန် စီစဉ်လျက်ရှိသည်။ အမေရိကန်နိုင်ငံတစ်လွှားရှိ လေဆိပ်များတွင် အရှုပ်အထွေးများနှင့် ပဋိပက္ခများ ပေါ်ပေါက်လျက်ရှိသည်။

နယူးယောက်မြို့ ဘရွတ်ကလင်ရှိ ဖက်ဒရယ် တရားသူကြီးတစ်ဦးက ယာယီ အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဘရွတ်ကလင်တရားရုံးအပြင်ဘက်ရှိ ထောက်ခံသူများနှင့် ဒါးလက်စ်၊ ချီကာဂို၊ နယူးယောက်နှင့် အခြားသောလေဆိပ်များ၌ ဖြစ်ပွားနေသည့် ပဋိပက္ခများတွင် အများစုက ထရန့်ဆုံးဖြတ်ချက်ကို သဘောတူ ထောက်ခံခဲ့ကြသော်လည်း ထရန့်၏ဆုံးဖြတ်ချက်သည် ကြီးမားသည့်ထိုးနှက် တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

အမိန့်ထုတ်ပြန်မှုသည် အမေရိကန်၏ အနီးကပ်ဆုံး မဟာမိတ်နိုင်ငံများ၏ ဝေဖန်မှု ကို အပြင်းအထန်ခံနေရသော်လည်း တရားရုံးဆုံးဖြတ်ချက်က ထရန့်၏ ညွှန်ကြား ချက်များကို နောက်ဆုတ်သွားအောင် ပြုလုပ်နိုင်စွမ်းမရှိခဲ့ပေ။

ထရန့်သည် ၎င်း၏အမိန့်ထုတ်ပြန်မှုသည် အစ္စလာမ်ဘာသာဝင်များအား ပိတ်ပင်ခြင်းမဟုတ်ကြောင်း၊ ယင်းသို့ဆောင်ရွက်သင့်သည်မှာ ကြာပြီဖြစ်ကြောင်း စနေနေ့က အိမ်ဖြူတော်ရှိ ဘဲဥပုံရုံးခန်းအတွင်း၌ သတင်းထောက်များအား ဖြေကြားခဲ့သည်။
(ရိုက်တာ)

ဒုက္ခသည်များအား လက်ခံရမည်မှာ တာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ပါရီ ဇန်နဝါရီ ၂၉

ဒုက္ခသည်များ၏အခက်အခဲကို စာနာနားလည်မှုဖြင့် ကူညီပေးရမည်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်တစ်ရပ်ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုများကိုကာကွယ်သည်ဟုဆိုခြင်းမှာ ၎င်းတို့အား ခိုလှုံခွင့်ပေးရန် ငြင်းဆန်လိုသည့် တရားနည်းလမ်းကျသော အကြောင်းပြချက်တစ်ခုမဟုတ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းမတ်အိုင်ရော့တ်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်၏ သမ္မတသစ်ဒေါ်နယ်ထရန့်က အစ္စလာမ္မစ်နိုင်ငံခုနစ်ခုတို့မှ ပြည်သူများ အမေရိကန်သို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်လိုက်သည့် အမိန့်ထုတ်ပြန်မှုကို လက်မှတ်ရေးထိုးအတည်ပြုလိုက်ပြီးသည့်နောက်တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ထိုသို့သဘောထားဖော်ပြခဲ့ခြင်းဖြစ်သည်။

ဒုက္ခသည်များအား ကူညီလက်ခံပေးခြင်းသည် မဖြစ်မနေလုပ်ဆောင်သင့်သည့် စစည်းညီညွတ်မှုဆိုင်ရာ တာဝန်တစ်ရပ်ဖြစ်သည်ဟု အိုင်ရော့တ်ကတွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။ အကြမ်းဖက်မှုသည် လူမျိုးဘာသာကိုမသိသကဲ့သို့ ခွဲခြားဆက်ဆံမှုသည်လည်း တုံ့ပြန်ဆောင်ရွက်မှုမမြောက်ဟု ၎င်းက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်စနေနေ့ကလည်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းသည် ဒေါ်နယ်ထရန့်နှင့် ဖုန်းဖြင့်ဆက်သွယ်စကားပြောဆိုရာတွင် ဒုက္ခသည်များအား လေးစားမှုရှိရန် ပြောဆိုခဲ့သည်။ **(ရိုက်တာ)**

ဖိလစ်ပိုင်တောင်ပိုင်း စစ်ဆင်ရေးတွင် အကြမ်းဖက်အဖွဲ့ဝင် ၁၅ ဦးကို သုတ်သင်နိုင်ခဲ့

မနီလာ ဇန်နဝါရီ ၂၉
ဖိလစ်ပိုင်တောင်ပိုင်း၌ ဖိလစ်ပိုင်တပ်ဖွဲ့က အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့ရာ စစ်ဆင်ရေးအတွင်း ဖိလစ်ပိုင်နိုင်ငံသားများပါဝင်သည့် အကြမ်းဖက်တိုက်ခိုက်ရေးအဖွဲ့ဝင် ၁၅ ဦး သေဆုံးခဲ့ပြီး ကျန်အဖွဲ့ဝင်ခုနစ်ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း အာဏာပိုင်တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ထိခိုက်ဒဏ်ရာ ရရှိသွားသည့် အကြမ်းဖက်အဖွဲ့ဝင် ခုနစ်ဦးအနက် နှစ်ဦးမှာ အာမီရူလ်နှင့်အဘူဆေယက်ဖ် စစ်သွေးကြွအဖွဲ့ခေါင်းဆောင် အစ္စနီလန် ဟာပီလွန်တို့ဖြစ်ပြီး ဟာပီလွန်မှာ ဒဏ်ရာအပြင်းအထန် ရရှိထားသည်ဟု သိရသည်။

ဖိလစ်ပိုင်တပ်ဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်ည သန်းခေါင်အချိန်က စတင်ကာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အချိတ်အဆက်ရှိသည့် မော်တီအကြမ်းဖက်အုပ်စုများရှိရာ လာနာအိုနယ်လ်ဆာတောင်ပိုင်းပြည်နယ်အတွင်းရှိ ဘူတစ်မြူနီစီပယ် အုပ်ချုပ်ရေးနယ်မြေတွင် လေကြောင်းတိုက်ခိုက်မှုများ ဆင်နွှဲခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာက်တေးသည် မင်ဒါနာအို တောင်ပိုင်းတွင် အကြမ်းဖက်အဖွဲ့များအား တိုက်ခိုက်ချေမှုန်းနေမှုကို ဇွန်လကုန်လောက်တွင် အပြီးလုပ်ဆောင်ရန်ညွှန်ကြားထားကြောင်း ဖိလစ်ပိုင်တပ်မတော်အင်အားစု အာဏာပိုင် ဗိုလ်ချုပ် အက်ဒူရာဒိုအာနိုက ပြောကြားခဲ့သည်။

အဘူဆေယက်ဖ် စစ်သွေးကြွအုပ်စုသည် အိုင်အက်စ်အဖွဲ့၏ မဟာမိတ်အဖြစ် သစ္စာပြုထားသည့် ဒေသတွင်း အကြမ်းဖက်အုပ်စုတစ်ခုဖြစ်သည်။
(ဆင်ဟွာ)

ကာကွယ်ရေးလက်နက်ပစ္စည်းများ သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရန် ဂျပန်လုပ်ဆောင်မည်

တိုကျို ဇန်နဝါရီ ၂၉
ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံမှ ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပို့ဆောင်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းသွားရန်ရှိကြောင်း ပြောကြားခဲ့သည်။

ဂျပန်အစိုးရသည် ၂၀၁၄ ခုနှစ်က ညွှန်ကြားချက်များကို အခြေခံထားသည့် စည်းမျဉ်းထိန်းချုပ်မှုများအောက်တွင် ကာကွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပသို့တင်ပို့နေမှုကို မြှင့်တင်သွားရန် အားသန်လျက်ရှိသည်။ သို့သော်လည်း သက်ဆိုင်ရာဥပဒေများက နိုင်ငံတော်အနေဖြင့် ထိုသို့သောလက်နက်ကိရိယာများကို သင့်တင့်မျှတသည့် အလျော်အစားပေးဆောင်မှုမရှိဘဲ ရောင်းချခြင်းဖြစ်စေ၊ ငှားရမ်းခြင်းဖြစ်စေ ပြုလုပ်ပိုင်ခွင့်မရှိဟု ဖော်ပြထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများသည် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ တစ်ပတ်ရစ်စစ်လက်နက်များကို ရောင်းချပေးရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် အသုံးပြုပြီးဖြစ်သည့် စစ်လက်နက်ကိရိယာများကို အကောက်ခွန်မဲ့ သို့မဟုတ် ဈေးကွက်တန်ဖိုးထက်ပိုမိုလျော့နည်းသည့် အဖိုးအခဖြင့် တင်ပို့နိုင်စေမည့် ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်သို့ အဆိုပြုတင်သွင်းရန် စီစဉ်နေကြောင်း သိရသည်။ ယင်းအစီအစဉ်သည် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပြုလုပ်လိုသည့်နိုင်ငံများနှင့် ဂျပန်နိုင်ငံ၏ မဟာမိတ်ဆက်ဆံရေးကို ခိုင်မြဲစေမည့် ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်သည်။
(အင်န်အိတ်ချ်ကေ)

အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏာကို ယခုနှစ်အတွင်း အဆင့်မြှင့်တင်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့တွင် အကြီးမားဆုံး မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံကြီးဖြစ်သည့် သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏာကို ယခုနှစ်အတွင်း အကြီးစားပြုပြင်မွမ်းမံမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောသည်။

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏာ၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပသော မြန်မာ့လက်ရွေးစင်ဟောင်းကြီးများ ဒုတိယအကြိမ်တွေ့ဆုံပွဲတွင် "ကျွန်တော်တို့ အခု အားကစားပြိုင်ပွဲတွေနဲ့ အခမ်းအနားပွဲတွေ ကျင်းပနေတဲ့ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏာကို လာမယ့် မတ်၊ ဧပြီလောက်မှာ အကြီးစား ပြုပြင်မွမ်းမံမှုတွေ လုပ်ဆောင်သွားမှာပါ။ အဲဒီ ပြုပြင်မွမ်းမံမှုကုန်ကျစရိတ် အားလုံးကို တရုတ်နိုင်ငံကပဲ အကုန်အကျခံ ကူညီလုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ ဒီအဆောက်အအုံကြီးကို ဆောက်လုပ်ခဲ့စဉ်ကလည်း တရုတ်နိုင်ငံကပဲ အစအဆုံး ဆောက်လုပ်ခဲ့တာ။ အခုလည်း သူတို့ကပဲ အားလုံးကို အကုန်အကျခံ ပြုပြင်မွမ်းမံ လုပ်ဆောင်ပေးမှာပါ။ ကျွန်တော်တို့ဘက်က သူတို့ လိုအပ်တာလေးတွေ အနည်းငယ်ကူညီပေးရုံပါပဲ" ဟု ၎င်းကပြောသည်။

ပြုပြင်မွမ်းမံအဆင့်မြှင့်တင်မှုအတွက် တရုတ်နိုင်ငံကုမ္ပဏီအနေဖြင့် တိုင်းတာခြင်း၊ Survey လုပ်ခြင်းများ ပြုလုပ်ပြီးသွားပြီဖြစ်ကာ လာမည့်မတ်လ သို့မဟုတ် ဧပြီလတွင် လုပ်ငန်းများစတင်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အားကစားပြိုင်ပွဲရုံ အတွင်း/အပြင် အပြင်အဆင်များပါအဝင် ရေ၊ မီး၊ အဲကွန်း၊ ထိုင်ခုံများနှင့် စက်ပိုင်းဆိုင်ရာများကို အဆင့်မြှင့်တင်မွမ်းမံမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းပြုပြင်မွမ်းမံ အဆင့်မြှင့်တင်ဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာသန်း ၄၀ အကုန်အကျခံ လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြုပြင်ချိန်ကာလကို တစ်နှစ်လျာထား သတ်မှတ်လုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် ပြုပြင်ကာလတစ်နှစ်အတွင်း မည်သည့်အားကစားပြိုင်ပွဲ၊ မည်သည့် ပွဲလမ်းသဘင်မှ ကျင်းပခွင့်ပြုမည် မဟုတ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

မော်လမြိုင်မြို့ ဆောက်သမ်းမြန်မာ ဘောလုံးကွင်း၌ မွန်ပြည်နယ်အစိုးရနှင့် ပြည်သူလူထုထံ ဆောက်သမ်းအသင်းအား မိတ်ဆက်ပွဲနှင့် အိမ်ကွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြည်နယ်အစိုးရသို့ ဘောလုံး အလုံး ၅၀၀ ပေးအပ်လှူဒါန်းစဉ်

တင်ထွဋ်(မော်လမြိုင်)

(၁၀၅)မိုင်ကျေးရွာ၌ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်

မူဆယ် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင် ကျေးရွာ၌ ဇန်နဝါရီ ၂၉ ရက် နံနက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ခရိုင်ကုသရေးဦးစီးဌာန မူဆယ်မြို့အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းကုသမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုကို မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်ခဲ့ရာ မူဆယ်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်မြင့်နှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာ ဆရာမများက မိုင်းယု(၁၀၅) မိုင်ကျေးရွာအုပ်စုအတွင်းရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို အဆင့်မြင့်ရောဂါရှာဖွေရေးစက်ကြီးများဖြင့် အခမဲ့စမ်းသပ်ပေးပြီး ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဆေးကုသရာတွင် အထူးကုဆရာဝန်ကြီးများ အပါအဝင် ဆရာဝန်၊ ဆရာမများ၊ ဒေသအတွင်းရှိ ကျန်းမာရေးသူနာပြုဆရာမများ စုစုပေါင်း ၃၅ ဦးဖြင့် ကျန်းမာရေးမကောင်းသူကလေး၊ လူကြီး ၃၀၀ ကျော်ကို အခမဲ့ဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ကို အခုလို လာပြီး ဆေးကုသပေးတဲ့ ဆရာဝန်တွေ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်မနဲ့အတူ အသက်အရွယ်ရနေတဲ့ အဘိုး၊ အဘွားတွေက ကျန်းမာရေးမကောင်းရင် အဝေးကြီးမသွားနိုင်ကြဘူး။ အခုလို နီးနီးနားနားမှာလည်းဖြစ်၊ အခမဲ့လည်း ကုသပေးတယ်ဆိုတော့ ပိုပြီးအဆင်ပြေတယ်။ လာကုပေးတဲ့ ဆရာဝန်တွေ ဆရာမတွေကလည်း အားလုံးသဘောကောင်းပြီး စေတနာပါပါနဲ့ လုပ်ပေးနေတာတွေ့ရတော့ ပိုပြီးစိတ်ချမ်းသာရတယ်" ဟု အသက် ၆၀ ကျော်အရွယ်ရှိ အဘွားအိုတစ်ဦးက ပြောသည်။

သတင်းနှင့်ဓာတ်ပုံ - သန့်ဇင်(မူဆယ်)

စိုးလှျပ်စစ်ဖောင်ဒေးရှင်းက ဆေးကုသမှုခံယူနေသည့် မိသားစုအား ငွေကျပ် သိန်း ၅၀ ထောက်ပံ့လှူဒါန်း

တောင်သာ ဇန်နဝါရီ ၂၉

တောင်သာမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဆီမီးကန်ကျေးရွာမှ မိသားစုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ အား နေပြည်တော် ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက်နေ ဦးစိုးတင့်(စိုးလှျပ်စစ်ဖောင်ဒေးရှင်း)နှင့်ဇနီး ဒေါ်ရီရီမာ မိသားစုက ဇန်နဝါရီ ၂၉ ရက် နံနက် ၁၁ နာရီက တောင်သာပြည်သူ့ဆေးရုံသို့ လာရောက်လှူဒါန်းခဲ့သည်။

ထိုဖြစ်စဉ်အား လူမှုကွန်ရက်မှ သတင်းဖော်ပြပေးခဲ့၍ အလှူရှင်က ဖတ်ရှုသိရပြီးနောက် လှူဒါန်းရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ဖောင်ဒေးရှင်းအမှုဆောင်အဖွဲ့မှ သိရသည်။ " ဖေ့စ်ဘုတ်ပေါ်တွေ့တော့ ဥက္ကဋ္ဌက စိတ်မကောင်းဖြစ်ပြီး ကလေးနှစ်ယောက်ရဲ့ ကျန်းမာရေးနဲ့ ပညာရေးအတွက် ကူညီခဲ့တာပါ။ ငွေကို မိဘတွေလက်ထဲသာ ထည့်ပေးဖို့မှာပါတယ်။ ဒီမှာဆွေမျိုးသားချင်းတွေ၊ ဝိုင်းဝန်းကူညီသူတွေရဲ့ စီစဉ်မှုနဲ့ အကျိုးရှိရှိ စနစ်တကျသုံးစွဲတတ်ဖို့ပါပဲ"ဟု ပြောသည်။

ဆီမီးကန်ရွာနေ ခင်ပွန်းဖြစ်သူ ကိုကျော်ကျော်ထွန်းနှင့် ဇနီးဖြစ်သူ မပုတို့သည် တီဘီဆေးယဉ်ပါးရောဂါ ခံစားနေရသဖြင့် ဆက်လက်ဆေးကုသလိုခြင်းမရှိခြင်း၊ ဆင်းရဲနွမ်းပါးသည့်ဒဏ်ကို မခံနိုင်ခြင်းတို့ကြောင့် စိတ်ဓာတ်ကျကာ ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀နာရီခန့်က ၎င်းတို့ကိုယ်တိုင် ကြွက်ဆေးသောက်ခြင်း၊ အပြန်အလှန်ဓားဖြင့်ခုတ်ခြင်း၊ သားသမီးများအားတိုက်ခြင်း၊ ခုတ်ခြင်းများကြုံစည်ခဲ့၍ သမီးဖြစ်သူ မဝင်းစန္ဒာ(၁ နှစ် ၄ လ)မှာ သေဆုံးခဲ့ပြီး သားဖြစ်သူ ဇင်ကိုထက်(၈နှစ်) နှင့် ဝင်းထက်(၅နှစ်)တို့မှာ ဓားဒဏ်ရာများရရှိကာ ဆေးကုသမှုခံယူနေခြင်းဖြစ်သည်။

လင်းလက်ကြယ်(တောင်သာ)

ကမ်းနားလမ်း ညစျေးတန်း စည်းကမ်းလိုက်နာမှု အားနည်းနေဆဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့ ကမ်းနားလမ်း ညစျေးတန်းတွင် စျေးရောင်းချခွင့်အား စည်းကမ်းချက် ၁၄ ချက်ပါရှိသော ကတ်ပြားစနစ်ဖြင့် စျေးဖွင့်ချိန် ညနေ ၃ နာရီမှ ည ၁၁ နာရီအထိ ရောင်းချခွင့်ပြုထားသည်။ သို့သော် ညစျေးတန်းစျေးပိတ်ချိန်တွင် စျေးရောင်းချသည့်နေရာနှင့် လမ်းများပေါ်၌ ပစ္စည်းများစုပုံထားရှိခြင်း၊ ညအိပ်ခြင်းပြုလုပ်နေသဖြင့် ညစဉ်အသံချဲ့စက်ဖြင့် အသိပေးကြေညာနေရကြောင်း သိရသည်။

သို့ဖြစ်၍ ညစျေးရေိယာအတွင်း စျေးပိတ်ချိန်နောက်ပိုင်းတွင် မည်သည့်ပစ္စည်းမျှမထားရှိရန်နှင့် ထားရှိပါက အမှိုက်အဖြစ်သိမ်းဆည်း စွန့်ပစ်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားသည်ဟု ဖော်ပြထားသည်။

ရန်ကုန်မြို့တွင်း တရားဝင်လိုင်စင်ထုတ်မပေးထားသော လက်တွန်းလှည်းကြီး၊ ငယ်မျိုးစုံကို ညစျေးတန်းပိတ်ချိန်အလွန်တွင် စျေးတန်းတစ်လျှောက် မြင်တွေ့နေရဆဲဖြစ်သည်။ အသံချဲ့စက်ဖြင့် အသိပေးသည်ဆိုသော်လည်း အရေးယူမှုအားနည်းခြင်းကြောင့် မြင်တွေ့ရခြင်းဖြစ်သည်။ စတင်အသိပေးကြေညာစဉ် ရက်ဝန်းကျင်တွင်သာ လှည်းများ ယာယီမမြင်တွေ့ခဲ့ရသော်လည်း ယနေ့ထိ မြင်တွေ့ရဆဲဖြစ်ပြီး ညအိပ်ညနေ နေထိုင်မှုများလည်း မြင်တွေ့ရဆဲဖြစ်သည်။

အလားတူ ကမ်းနားလမ်းညစျေးတန်း၏ လမ်းမတော်မြို့နယ်အတွင်း နံနက်ပိုင်းတွင် သား၊ ငါး၊ ဟင်းရွက်စျေးတန်း ဖွင့်လှစ်ခွင့်ပေးထား၍ အမှိုက်ပုံကြီးများအနီးတွင် ရှိနေသော်လည်း အသိပေးစာချိတ်ဆွဲထားမှုအတိုင်း လိုက်နာမှုမရှိဘဲ စျေးသိမ်းချိန်တွင် အမှိုက်မျိုးစုံကို မြင်တွေ့ရဆဲဖြစ်သည်။ အရေးယူမှုအားနည်းပြီး စျေးသည်တစ်ဦးချင်းထံမှ စည်ပင်အခွန်ငွေမဟုတ်သော ငွေကြေးအသွင်ဖြင့် နေ့စဉ်ငွေကောက်ခံမှုများရှိသဖြင့် စျေးသည်များအနေဖြင့် စည်းကမ်းမဲ့စျေးရောင်းရာမှထွက်ရှိသော အမှိုက်များ၊ အမှိုက်ပုံးပြင်ပတွင် စွန့်ပစ်ထားခြင်းဖြစ်သည်ဟု စျေးဝယ်သူတစ်ဦးက ပြောသည်။

သား၊ ငါးရောင်းချသောနေရာအနီးရှိ ရေပိုက်ခေါင်းများတွင် နံနက်ပိုင်း သား၊ ငါးဆေးကြောရုံသာမက ညစျေးဖွင့်သူများအနက် အချို့က အညှီနံ့ကင်းစင်ရန် ရေပိုက်ခေါင်းများ လူမရှိဘဲဖွင့်ထားခြင်းမျိုးကိုလည်း မြင်တွေ့ရသည်။

နှစ်လကျော်ကြာလာပြီဖြစ်သော ညစျေးတန်းရောင်းချသည့် နေရာတစ်ကွက်လျှင် ငွေကျပ်သိန်း ၄၀ ဝန်းကျင်တန်ဖိုးရှိနေသည်ဟု မီဒီယာများတွင် ဖော်ပြထားသော်လည်း စျေးသည်အချို့မှာ ရောင်းချရန်မှုအတွက် နောင်ရေးမျှော်တွေး၍မဝံ့မရဲဖြစ်နေကြသည်။ လက်ရှိအနေအထားတွင် စျေးသည်အများစု ခင်းကျင်းရောင်းချခဲ့သော ရန်ကုန်မြို့လယ် အထူးသဖြင့် တရုတ်တန်းတွင်ပါ နှစ်နေရာရောင်းချမှု များပြားလာသည်ကို မြင်တွေ့လာရသည်။

လက်ရှိကမ်းနားလမ်း ညစျေးတန်းတွင် တရားဝင်ကတ်ပြားမရှိဘဲ စျေးရောင်းချမှု လချီမြင်တွေ့ရခြင်း၊ ဟန်ပြရောင်းချခြင်း၊ ကွက်လပ်များရှိနေခြင်းများရှိနေရာ ညစျေးတန်းဖွံ့ဖြိုးစည်ကားလာရေးတွင် အားနည်းမှုများဖြစ်လာရသည်။ သို့ဖြစ်၍ ကမ်းနားလမ်း ညစျေးတန်းအပေါ် လမ်းဘေးစျေးသည်အချို့၏ ဆန္ဒထုတ်ဖော်မှုများ မြင်တွေ့ရမှုများလာသည်။ မီဒီယာများသို့ ကမ်းနားလမ်း ညစျေးတန်း၏ ပကတိအခြေအနေကို ရှင်းလင်းပြောကြားခြင်းဖြင့် ကမ်းနားလမ်း ညစျေးတန်းဖွံ့ဖြိုးတိုးတက်လာရေးနှင့်အတူ ထုတ်ပြန်အသိပေးထားသော လိုက်နာရမည့်အကြောင်းအရာများကို လိုက်နာမှုရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း ညစျေးတန်းလာရောက်သူတစ်ဦးက ပြောသည်။ **ခင်ဆိုင်**

ကလေးစာပေပွဲတော်တွင် ကြိုက်သလောက်ယူ၊ ကြိုက်သလောက်လှူ အစီအစဉ် စိတ်ဝင်စားသူများပြား

မန္တလေး ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်(မန္တလေး)ကို မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ် (MIIT) ၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပရာ ကလေးစာပေပွဲတော်(မန္တလေး)တွင် ရတနာပုံတက္ကသိုလ် University Clean & Green Association (UCGA) အဖွဲ့မှကြိုက်သလောက်ယူ၊ ကြိုက်သလောက်လှူ သုတပညာမျှဝေခြင်း အစီအစဉ်ပြခန်း၌ ပွဲတော်လာကလေးများသာမက လူကြီးများပါ စိတ်ဝင်စားသူများပြားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အဖွဲ့အနေနဲ့ ကလေးတွေ စာဖတ်ခြင်းကိုမြှင့်တင်ပေးနိုင်ဖို့ရည်ရွယ်ပြီး ဒီအစီအစဉ်ဆောင်ရွက်ပေးခဲ့တာပါ၊ စိတ်ဝင်စားသူများပြားပါတယ်၊ ပထမနေ့မှာ စာအုပ်ပေါင်း ၅၀၀၀ ကျော်၊ ဒုတိယနေ့မှ ၃၀၀၀ ကျော်နဲ့ အခု တတိယနေ့မှ ၂၀၀၀ ကျော်ထားပါတယ်၊ သုံးရက်ပေါင်းစာအုပ်တစ်သောင်းကျော် အားလုံးနီးပါးကုန်သလောက်ဖြစ်နေပြီ၊ ရရှိလာတဲ့ အလှူငွေအားလုံးကို ရတနာပုံတက္ကသိုလ်သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ပုံးများ၊ သန့်စင်ခန်းသုံးပစ္စည်းများဝယ်ယူသွားမှာဖြစ်ပြီး ပြခန်းကိုလာတဲ့သူတိုင်းကိုလည်း ကလေးသတင်းစာတွေ အခမဲ့ဖြန့်ဝေပေးပါတယ်။ လာရောက်သူတိုင်း စိတ်ဝင်စားကြပါတယ်"ဟု UCGA အဖွဲ့မှ ကိုလှမင်းဦး က ပြောပြသည်။

ကလေးစာပေပွဲတော် (မန္တလေး)ကို ပထမနေ့၊ ဒုတိယနေ့များ အထူးစည်ကားသလို တတိယနေ့တွင်လည်း လာရောက်သူများဖြင့် အလွန်စည်ကားလျက်ရှိရာ ကလေးများအတွက် သုတပညာမျှဝေခြင်းအစီအစဉ်များ၊ ဂိမ်းကစားခြင်းများ၊ စာအုပ်ဝယ်ယူသူများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

စာပေချစ်မြတ်နိုးသူများ တစ်ခေါက်တစ်ခါ အရောက်လာခဲ့စေချင်

ရန်ကုန် ဇန်နဝါရီ ၂၉

ယနေ့သည် တနင်္ဂနွေရုံးပိတ်ရက်ဖြစ်သည့်အတွက် ရန်ကုန်မြို့သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့မျက်နှာစာ၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့ ဘေးဝဲယာနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးရှေ့ မျက်နှာစာအထိ Yangon Books Street စနေ-တနင်္ဂနွေရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်ရောင်းချထားရာ နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းရှိ စာပေချစ်မြတ်နိုးသူပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို စာရေးသူတွေ့မြင်ခဲ့ရသည်။

စာရေးသူလည်း စာပေချစ်မြတ်နိုးသူဖြစ်သည့်အတွက် ဟိုဟိုဒီဒီ စာအုပ်ဆိုင်များကို လှည့်လည်ကြည့်ရှုနေရာမှ တစ်နေရာအရောက်တွင် "လာနော် ပညာရွှေအိုးလူမခိုး၊ အလိမ္မာစာမှာရှိသည်၊ အဟောင်းတွေဖြစ်ပေမယ့် မဖတ်ရသေးသူများအတွက်ကတော့ အသစ်ပဲဖြစ်တယ်"ဟု စာအုပ်အဟောင်းအော်ရောင်းနေသော အဘ ဦးအုန်းမြင့်ဦး ကြာပန်းရေစင်စာပေမှ စာအုပ်ရောင်းသူအား စိတ်ဝင်တစားဖြစ်မိသည့်အတွက် ၎င်းအား မေးမြန်းခဲ့သည်။

"အဘ စာအုပ်အဟောင်းရောင်းတာ အနှစ် ၄၀ ရှိပြီ။ တနင်္လာနေ့မှ သောကြာနေ့အထိကတော့ လမ်း ၃၀ မှာ ရောင်းတယ်။ စနေ-တနင်္ဂနွေရက်မှာဆို လမ်း ၃၀ မှာ စာအုပ်လာဝယ်သူ နည်းပါးတော့ လူစည်ကားတဲ့ အခု ဒီမှာလာရောင်းတာပါ။ အဘရဲ့စာအုပ်ဆိုင်မှာ စာဖတ်ပရိသတ်တွေအတွက် ဘာသာရပ်မျိုးစုံ၊ စာအုပ်အဟောင်းတွေ၊ ရှားပါးတဲ့သမိုင်းဝင်စာအုပ်အဟောင်းတွေနဲ့ သုတ၊ ရသ စာအုပ်အဟောင်းတွေရှိတယ်။ ဈေးနှုန်းကတော့ ကျပ် ၃၀၀ တန်၊ ၅၀၀ တန်စာအုပ်တွေအပြင် သမိုင်းဝင်စာအုပ်အဟောင်းတွေကိုတော့ ကျပ် ၅၀၀၀ နဲ့ ရောင်းချပေးပါတယ်"ဟု ပြောသည်။

ဆက်လက်၍ "အခုဆိုရင် စနေ-တနင်္ဂနွေနှစ်ရက်ပေါင်း ရောင်းချရငွေမှာ လမ်း ၃၀ တွင် ရောင်းရငွေနဲ့ အတူတူလောက်ဖြစ်တယ်။ အဘရဲ့စာအုပ်အဟောင်းဆိုင်ရော အခြားဆိုင်တွေမှာပါ မိန်းကလေးငယ်တွေ စာအုပ်လာဝယ်နေကြတယ်။ လာဝယ်တဲ့အတွက် မိန်းကလေးငယ်တွေ တော်တော်စာဖတ်နေကြတာဖြစ်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရတယ်။ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းဟာ အထင်ကရ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) အရှေ့ဖြစ်တော့ ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက်ပါ စိတ်ဝင်စားစရာ နေရာတစ်ခုဖြစ်လာပြီ"ဟု ၎င်းက ပြောကြားသည်။

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် လာရောက်ဝယ်ယူအားပေးလျက်ရှိသည်ကို တွေ့ရစဉ်

စနေ-တနင်္ဂနွေရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် စာဖတ်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန် တစုတဝေးတည်း ဖွင့်လှစ်ထားသည့်အတွက် "စာပေချစ်မြတ်နိုးသူများ တစ်ခေါက်တစ်ခါ အရောက်လာခဲ့ စေချင်ပါတယ်"ဟု စာရေးသူ တင်ပြဖိတ်ခေါ်လိုက်ရပါသည်။

သတင်း-ကိုကိုဇော်
ဓာတ်ပုံ-ဇော်မင်းလတ်

စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသောအစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်	တွေ့ရှိချက်
၁။	ဆီးယို	ဝမဝ	Orange II (ခွင့်မပြုဆိုးဆေး)
၂။	ငရုတ်သီးအရောင်တင်မှုန့်	မြကြယ်	Rhodamine B (ခွင့်မပြုဆိုးဆေး)
၃။	ရှောက်ပေါင်း(အစပ်)	ပြိုင်ရှား	Rhodamine B (ခွင့်မပြုဆိုးဆေး)
၄။	ဆေးမန်ကျည်း	စူပါ	Sudan III (ခွင့်မပြုဆိုးဆေး)
၅။	ငါးပိ	ရွှေပင်လယ်	Rhodamine B (ခွင့်မပြုဆိုးဆေး)
၆။	Gelatin jelly & marshmallow	Max Max	Rhodamine B (ခွင့်မပြုဆိုးဆေး)
၇။	ပုစွန်အသားကပ်ကြော်၊	ကျော်	Rhodamine B (ခွင့်မပြုဆိုးဆေး)
၈။	Juice & jelly	Fancy	Rhodamine B (ခွင့်မပြုဆိုးဆေး)
၉။	အချိုရည် (လိမ္မော်ရောင်)	Well	Orange II (ခွင့်မပြုဆိုးဆေး)
၁၀။	ငရုတ်ပွအရောင်တင်မှုန့်	ပုရှယ်	Sudan III (ခွင့်မပြုဆိုးဆေး)
၁၁။	ငရုတ်ဆီ	ပုံပုံ	Orange II (ခွင့်မပြုဆိုးဆေး)
၁၂။	ရောင်စုံသကြားလုံး	စူပါ	Rhodamine B Auramine O (ခွင့်မပြုဆိုးဆေး)
၁၃။	ရှယ်မျှင်ငါးပိထောင်း	ရွှေရော	Rhodamine B (ခွင့်မပြုဆိုးဆေး)
၁၄။	သစ်သီးအရသာစုံ(အနီ)	ပြည့်ဝ	Rhodamine B (ခွင့်မပြုဆိုးဆေး)
၁၅။	သစ်သီးအရသာစုံ(မရမ်း)	ပြည့်ဝ	Rhodamine B (ခွင့်မပြုဆိုးဆေး)
၁၆။	သစ်သီးအရသာစုံ(သရက်)	ပြည့်ဝ	Rhodamine B (ခွင့်မပြုဆိုးဆေး)
၁၇။	မက်မန်းနှင့်ယိုစုံ(မက်မန်း)	အပျိုစင်	Rhodamine B (ခွင့်မပြုဆိုးဆေး)
၁၈။	ငရုတ်ဆီ	ရွှေဇီးကွက်	Orange II (ခွင့်မပြုဆိုးဆေး)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ညစ်ညမ်းမှု ကင်းဝေးစေရေး၊ ဓာတုပိုးသတ်ဆေး သုံးစွဲမှု တားဆီးပေး

ဂျိုင်း-ကော့ကရိတ်တံတားပေါ်၌ ယာဉ်မတော်တဆမှုဖြစ်ပွား

ဘားအံ ဇန်နဝါရီ ၂၉

ကရင်ပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းနှင့် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသော ဂျိုင်း-ကော့ကရိတ်တံတားပေါ်တွင် ဇန်နဝါရီ ၂၉ ရက် နံနက် ၅ နာရီခွဲခန့်က ဘားအံမှ ကော့ကရိတ်ဘက်သို့ မောင်းနှင်လာသော ၂၂ဘီးယာဉ်သည် တံတားပေါ် ဖြတ်သန်းသွားစဉ် စလစ်ဖြစ်၍ အရှိန်မထိန်းနိုင်ဘဲ တံတား၏ဘယ်ဘက်ခြမ်း အကန့် ၁၉ နှင့် ၂၁ အား တိုက်မိပြီး တံတားယာဘက်ခြမ်းအကန့် ၂၀ အား ပွတ်တိုက်ကာ ဘယ်ဘက်ခြမ်း အကန့် ၂၂ အား ထပ်မံတိုက်မိသဖြင့် ကားခေါင်းမှာ တစ်တောင်ဆစ်ချိုးကွေ့လျက် ကျုံ့ဒိုးဘက်ခြမ်းချဉ်းကပ်လမ်းနှင့် ပေ ၂၀ ခန့်အကွာတွင်ရပ်တန့်ပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခဲ့ကာ ယာဉ်မောင်း မြင့်ရွှေ (၄၇ နှစ်)မှာ ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် တံတားလက်ရန်း အကန့် ၁၉ ၊ ၂၁၊ ၂၂ များ ပျက်စီးသွားပြီး ယာဉ်ကြောပိတ်ဆို့လျက်ရှိသဖြင့် ယာဉ်ကြီးယာဉ်ငယ်များ ပုံမှန်သွားလာနိုင်ရေး ဂျိုင်းပွန်တွန်း (Pontoon) တံတားမှ ဖြတ်သန်းစေကာ ယာဉ်မောင်းအား ကျုံ့ဒိုးရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွဲကွာနေသည့် ဇနီးကို လူမှုရေးမကျေနပ်မှုကြောင့် ဓားဖြင့်ထိုး

သာစည် ဇန်နဝါရီ ၂၉

သာစည်မြို့မြို့မဈေးကြီးအတွင်း ငါးအရောင်းဆိုင်တန်းနှင့်ကြက်သားအရောင်းဆိုင်တန်း နှစ်ခုအကြားတွင် ကွဲကွာနေသည့်ဇနီးဖြစ်သူကို ခင်ပွန်းဖြစ်သူက ဓားဖြင့်ထိုးသည့် မှုခင်းဖြစ်ရပ်တစ်ခု ဇန်နဝါရီ ၂၈ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာဇော်ကြီး(ခ)ဇော်မင်းထွန်းနှင့် မသီတာအေးတို့မှာ လေးလခန့် ပေါင်းသင်းနေထိုင်ခဲ့သည့် ဇနီးမောင်နှံနှစ်ဦးဖြစ်ပြီး သဘောထားတိုက်ဆိုင်မှုမရှိ၍ ခေတ္တခဏ ခွဲခွာနေထိုင်ခဲ့ကြသည်။ ခွဲခွာနေသည့်ကာလတွင် ဇော်ကြီး(ခ) ဇော်မင်းထွန်းက မသီတာအေးအပေါ် လူမှုရေးကိစ္စတစ်ခုဖြင့် မကျေမနပ်ဖြစ်ခဲ့ရာ ထိုမကျေနပ်မှုစိတ်ဖြင့် မသီတာအေးက မြို့မဈေးကြီးသို့ဈေးဝယ်လာစဉ် နောက်မှလိုက်လာပြီး ဓားဖြင့်ထိုးရာ ဒဏ်ရာများရရှိသဖြင့် ၎င်းကိုယ်တိုင် မြို့နယ်ဆေးရုံကြီးသို့တင်ပို့ပေးခဲ့ပြီးနောက် မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး ဇော်မျိုးသန်းထံသို့ သက်သေခံဓားနှင့်အတူ အဖမ်းခံခဲ့ကြောင်း သိရသည်။

မောင်ကို(သာစည်)

မက်လင်သီးခူး၍ ပြန်လာသူ မိုင်းတက်နင်းမိ

မိုးမောက် ဇန်နဝါရီ ၂၉

မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာနေ ဦးလဆန်တူး(၅၆)နှစ်၊ ဒေါ်ဂျာမိုင်(၅၆)နှစ်၊မောင်လဆန်တန်ဂွန်း (၂၂ နှစ်)၊ မလဇွန်ကော့ဖန်(၁၈ နှစ်)၊ မောင်ဂျန်မာတူးမိုင် (၁၈ နှစ်) တို့သည် ဇန်နဝါရီ ၂၈ ရက်က မက်လင်သီးခူးရန်နှင့် တံမြက်စည်းရိုးခုတ်ရန်ကုန်းလော-မိုင်းခတ်ကျေးရွာ၏ အရှေ့ဘက်တောင်ပေါ်သို့ သွားရောက်ခဲ့ကြသည်။

မွန်းလွဲ ၁ နာရီခွဲခန့်တွင် တောင်ပေါ်မှ ရွာသို့ပြန်လာကြစဉ် ရွာနှင့်သုံးမိုင်ခန့်အကွာ တောလမ်းတစ်နေရာ၌ ထောင်ထားသည့်မိုင်းအား အရှေ့ဆုံးကပြန်လာသူ မောင်ဂျန် မာတူးမိုင်က တက်နင်းမိခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ညာဘက်ခြေဖမိုးခြေဖဝါးကြေမွဒဏ်ရာရရှိခဲ့သဖြင့် ကျေးရွာအရောက် ထမ်းပိုး၍ ခေါ်ခဲ့ကြရကြောင်း သိရသည်။

ကျေးရွာအရောက်တွင် လူမှုကူညီရေးမော်တော်ယာဉ်ဖြင့်သယ်ယူ၍ ဗန်းမော် ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ပေးခဲ့ပြီး ဆေးဝါးကုသခံယူလျက်ရှိသည်။ ညနေပိုင်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်းတို့ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

ဇန်နဝါရီ ၂၉ ရက်က အလုံမြို့နယ်ဘက်မှ ကြည့်မြင်တိုင်မြို့နယ်အတွင်းသို့ အောက်ကြည့်မြင်တိုင်လမ်းမအတိုင်း ဦးဇော်ဝင်းမြင့် မောင်းနှင်လာသည့် ကိုယ်ပိုင်ယာဉ်တစ်စီး တိမ်းမှောက်နေသည်ကို တွေ့ရစဉ်

ကိုကြီးတင်

ရှေးဟောင်း ဘီလူးဒူးထောက်ရုပ်တု သယ်ဆောင်လာသူကို ဖမ်းမိ

နေပြည်တော် ဇန်ဝါရီ ၂၉

ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ကန်ဦးကျေးရွာအနီး၌ ဇန်နဝါရီ ၂၇ ရက်က လှည့်ကင်းဆောင်ရွက်စဉ် ကံဦးကျေးရွာ ပိတောက်ပင်ဆိပ်အနီးအရောက်တွင် ကျော်စွာဝင်း(ခ) ကျော်စွာကို မသင်္ကာ၍ စစ်ဆေးကြည့်ရာ ဆိုင်ကယ်၏ ရှေ့ကိုယ်ထည်ပေါ်တွင် ကြေးဝါအလေးချိန် ၅၂ ပိဿာခန့်ရှိ အနက်ရောင်ဆေးမှုတ်ထားသော ဘီလူးဒူးထောက်ရုပ်တစ်ရုပ်အား တင်ဆောင်လာသဖြင့် စစ်ဆေးမေးမြန်းရာ ပိုင်ဆိုင်ကြောင်း အထောက်အထား ပြသနိုင်ခြင်းမရှိသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။ အဆိုပါ ဘီလူးဒူးထောက်ရုပ်တုမှာ အမြင့် ၁ ပေခွဲခန့်၊ ပလ္လင်လုံးပတ် ၃၀ လက်မခန့်၊ ကိုယ်ထည်လုံးပတ် ၂၄ လက်မခန့် ရှိကြောင်း သိရသည်။ **ရဲရဲ (ပျဉ်းမနား)**

မြိတ်မြို့နယ်၌ ဘိန်းစာမှုန့်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၉

မြိတ်မြို့နယ်၌ မူးယစ်တပ်ဖွဲ့စု (၃၅) မှ တပ်ဖွဲ့ဝင်များသည် စန္ဒဝတ်ကျေးရွာအုပ်စု သာရမဲကျေးရွာနေ ရန်ကျော်၊ အောင်ဇော်လင်း၊ ရန်အောင်၊ မောင်စိုးတို့၏နေအိမ်များကိုရှာဖွေရာ ရန်ကျော်၏နေအိမ်မှ ဘိန်းစာမှုန့် ၆ ဒသမ ၅ ကီလို၊ အောင်ဇော်လင်း၏ နေအိမ်မှ ဘိန်းစာမှုန့် ၉ ဒသမ ၆ ကီလို၊ ရန်အောင်၏နေအိမ်မှ ဘိန်းစာမှုန့် ၀ ဒသမ ၆၈ ကီလို၊ မောင်စိုး၏ နေအိမ်မှ ဘိန်းစာမှုန့် ၀ ဒသမ ၀၅၈ ကီလို တို့ကို ဖမ်းဆီးရမိသဖြင့် ၎င်းတို့လေးဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

လမိုင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

မော်လမြိုင် ဇန်နဝါရီ ၂၉

ရေးမြို့နယ် လမိုင်းမြို့မြို့မ(၂)ရပ်ကွက် ကဝိန်ပုလဲလမ်းတွင် ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ဦးချစ်ကိုနေအိမ်၏ မီးဖိုချောင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်နှစ်လုံးမီးလောင်သွားပြီး မီးလောင်မှုနှင့်ပတ်သက်၍ လမိုင်းမြို့နယ် မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ

အများသိစေရန်ကြေညာခြင်း

ဦးမျိုးကျော် (၁၂/လကန (နိုင်) ၀၃၇၀၀၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ) ရပ်ကွက်၊ ဝေပုလ္လ (၆) လမ်း၊ အမှတ် (၂၈၀)ဘီ ဟုခေါ်တွင်သော (၂၀ ပေ x ၆၀ ပေ) မြေကွက်ပေါ်တွင် ဆောက်လုပ်သော RC (၆လွှာ) တိုက်ရှိ (၁၈ ပေ x ၅၄ ပေ) အကျယ်အဝန်းရှိ တတိယလွှာ၊ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ ကာလတန်ဖိုးအတိုင်း ငွေအပြေအကြေပေးချေ၍ ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -

ဦးချစ်ကိုကို
LL.B, H.G.P., Dip in Business Law,
Dip in Applied Psychology,
Dip in Maritime Law, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် နိုင်ငံခြားလော် (စဉ် - ၂၀၀၃)

ဦးသန်းငွေ
LL.B, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၃၈၅၁)

ဦးအောင်မြင့်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၅)
ဦးရာဇာဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၃၆၁)
ဦးအောင်ပြည့်ဖြိုးလွင် LL.B, WIPO (Switzerland) အထက်တန်းရှေ့နေ (စဉ်-၃၉၂၆၇)

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၅၂၉၂၄

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်သန်းသန်းအေး (ခ) ရင်ရင် (၁၃/တကန (နိုင်) ၀၀၄၁၆၆) ကိုင်ဆောင်သူက ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၂၀၅/၂၀၁၇) ဖြင့် (၆-၁-၂၀၁၇) နေ့တွင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ် တံဆိပ် အမည်ကို အသုံးပြု၍ ယောကျ်ားစီး၊ မိန်းမစီး၊ ကလေးစီး ဖိနပ်အမျိုးမျိုး တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

fipper (၄/၂၀၅/၂၀၁၇)

အထက်ပါ "fipper" ကုန်အမှတ်တံဆိပ် အမည်နှင့်ပတ်သက်၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတုပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်း မပြုရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm Ph-၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း၊သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် ၊ တိုက်အမှတ် (A-3)၊အခန်းအမှတ် (၇၁၄)၊ Type (B)၊ ဧရိယာ (၉၀၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးထွန်းလွင် (၁၂/ဥကတ (နိုင်) ၁၃၇၆၄၉)နှင့် ဒေါ်မြင့်မြင့်အေး(၁၂/ဥကတ(နိုင်) ၁၂၆၅၅၀)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှ စ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

Hein Htet San Law Firm
ဖုန်း - ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/4311 KYAR KOE KAUNG, LT(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၁၂/ပဇတ(နိုင်) ၀၀၇၂၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ရွာသာကြီး)၊ ရန်ကုန်မြို့

မီးသတိပြု

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/7812 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/3530 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာသတင်းဂျာနယ်

2017 JANUARY 30 TO FEBRUARY 5 MONDAY | 1097 |

အတွေးအမြင် ဆောင်းပါးကဏ္ဍ

ကိုယ်ကျိုးစီးပွားကာကွယ်ရေး အတ္တကိုသာ ဦးစားပေး

မျက်မှောက်ခေတ် အကြီးမားဆုံး အကြမ်းဖက်စစ်ပွဲ

ကျင့်ဝတ်ကိုလိုက်နာသည့် ခေါင်းဆောင်များ အလိုရှိသည်

မောင်းသူမဲ့ပုံးသယ်လေယာဉ်များနှင့် အိုင်အက်စ်တို့၏ နည်းပျူဟာ

အမေရိကန်သမ္မတအသစ် ထရန့်နှင့် ချူကလီးယား ကုတ်နံပါတ်များ

တောင်တရုတ်ပင်လယ်၏ အချုပ်အခြာအာဏာကို တရုတ် ကာကွယ်စောင့်ရှောက်မည်

တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေးကျပ် ၃၀၀/- ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

2017 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြေးလျနိုင်ငံသား Todd SINNOTT ဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ ကြီးမှူး၍ မြန်မာပီဂျီအေ၊ Asian Tour နှင့် Japan Golf Tour တို့ ပူးပေါင်းကာ Leopalace 21 ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2017 Leopalace 21 မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ ဩစတြေးလျနိုင်ငံသား Todd SINNOTT ဗိုလ်စွဲခဲ့သည်။

Todd SINNOTT သည် နောက်ဆုံးနှစ်ရက်တွင် လျှော့ရိုက်ချက်များ ရိုက်နိုင်ခဲ့သောကြောင့် ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ကစားသမားများကိုကျော်ဖြတ်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ တတိယနေ့အပြီးတွင် ထိပ်ဆုံးသုံးဦးစာရင်းတွင် ဦးဆောင်နေသည့် ကစားသမားများမှာ နောက်ဆုံးနေ့တွင် ရလဒ်များဆိုးရွားခဲ့သောကြောင့် လျှော့ရိုက်ချက်ခြောက်ချက် ရိုက်နိုင်ခဲ့သည့် Todd SINNOTT က လျှော့ရိုက်ချက် ၁၄ ချက်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် Todd SINNOTT (ဩစတြေးလျ) က သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျှော့ရိုက်ကာ ဗိုလ်စွဲခဲ့ပြီး Carlos PIGEM (စပိန်)က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ပြီး ဒုတိယ၊ Sungjae IM (တောင်ကိုရီးယား)၊ Miguel TABUENA (ဖိလစ်ပိုင်)နှင့် K.T. KIM (တောင်ကိုရီးယား) တို့က ၁၀ ချက်စီဖြင့် တတိယနေရာတို့ရရှိခဲ့သည်။

နောက်ဆုံးနေ့အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama နှင့် Asian Tour ကော်မရှင်အဖွဲ့ဝင် ဦးကြည်လှဟန်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက Leopalace 21 ဥက္ကဋ္ဌ Mr.Eisei Miyama ကိုလည်းကောင်း၊ Asian Tour က ပန်းလှိုင်ဂေါက်ကွင်းကိုလည်းကောင်း အမှတ်တရလက်ဆောင်များပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက မြန်မာကစားသမားများတွင် အကောင်းဆုံးဆုရရှိသည့် ဘိုဘိုနှင့် ရဲထက်အောင်တို့အား ဆုချီးမြှင့်သည်။ ချန်ပီယံဆုရရှိခဲ့သည့် ဩစတြေးလျနိုင်ငံသား Todd SINNOTT အား Leopalace 21 ဥက္ကဋ္ဌ Mr.Eisei Miyama က ဆုကြေး ဒေါ်လာ ၁၃၅၀၀၀၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ချန်ပီယံဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ချန်ပီယံဆုရရှိခဲ့သည့် ဩစတြေးလျနိုင်ငံသား Todd SINNOTT နှင့် တာဝန်ရှိသူများ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

MNL အမှတ်ပေးပြိုင်ပွဲတွင် သရေရလဒ်များဖြင့်ပြီးဆုံး

မော်လမြိုင် ဇန်နဝါရီ ၂၉

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မော်လမြိုင်ကွင်း၌ ကျင်းပသော Southern အသင်းနှင့် GFA အသင်းတို့ပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။ Southern အသင်း၏ ပထမဆုံးအိမ်ကွင်းပွဲစဉ်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကာ နာမည်ကြီးတေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့သည်။ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ Southern အသင်းသည် အိမ်ကွင်း ပထမဆုံးပွဲတွင် နိုင်ပွဲရယူနိုင်ရန် အခွင့်အရေးကောင်းများ ရှိခဲ့သော်လည်း ပွဲပြီးခါနီးတွင် ရရှိသည့် ပယ်နယ်တီကို ဝင်အောင် မသွင်းနိုင်သောကြောင့် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ Southern အသင်းသည် ပထမဆုံးနိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း GFA အသင်း၏ ရုန်းကန်မှုကြောင့် အခက်တွေ့ခဲ့ရသည်။ GFA အသင်းသည် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး သရေတစ်မှတ်ရခဲ့သောကြောင့် ဇယားအောက်ဆုံးမှ ရုန်းထွက်ကာ အဆင့် ၁၁ နေရာသို့ ရောက်ရှိလာသည်။

ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်နှင့်ဟံသာဝတီအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ရခိုင်အသင်းသည် အိမ်ကွင်းသုံးပွဲဆက် ယှဉ်ပြိုင်ရသော်လည်း နိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ သုံးပွဲစလုံး ဂိုးမရှိသရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဟံသာဝတီအသင်းမှာလည်း နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခြင်းမရှိဘဲ ဒုတိယမြောက်သရေပွဲနှင့် ကြုံတွေ့ခဲ့ရသည်။

ပွဲစဉ်(၃) အပြီးတွင် ရန်ကုန်နှင့် ရတနာပုံအသင်းတို့က ခုနစ်မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် ရန်ကုန်အသင်းက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်တို့က ခြောက်မှတ်စီ၊ ချင်းယူနိုက်တက်၊ နေပြည်တော်နှင့် ရောဝတီအသင်းတို့က လေးမှတ်စီ၊ ရခိုင်အသင်းက သုံးမှတ်၊ ဟံသာဝတီနှင့် Southern အသင်းတို့က နှစ်မှတ်စီ၊ GFA နှင့် မကွေးအသင်းတို့က တစ်မှတ်စီရရှိထားသည်။

ဖိုးသော်ဇင်

စုပေါင်းစက်ဘီးစီးနင်းပွဲသို့ အစီးရေ ၄၀၀ ကျော် ဝင်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၉

စက်ဘီးစီးအားကစား လူထုအကြားကျယ်ပြန့်စွာ သိရှိနိုင်စေရန် ရန်ကုန်လူထု၏ ဒုတိယအကြိမ်မြောက် အလွတ်တန်း စုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် (နံ့သာကုန်း) ပန်းခြံအနီးတွင် စတင်တာထွက် ကျင်းပရာ စက်ဘီးစီးအားကစားချစ်မြတ်နိုးသူ အစီးရေ ၄၀၀ ကျော် ဝင်ရောက်စီးနင်းကြကြောင်း သိရသည်။

ယင်းပြိုင်ပွဲသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်တို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ "စက်ဘီးစီးအားကစားကို လူထုထဲမှာ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေဖို့နဲ့ ပြည်သူတွေ စိတ်ဝင်စားလာနိုင်စေဖို့ ကျင်းပဖြစ်တာပါ။ အမျိုးသားကျန်းမာကြံ့ခိုင်ရေး၊ လောင်စာဆီ လျှော့ချရေးအတွက် ဖြစ်ပါတယ်။ ဒ့ါအပြင် မျိုးဆက်သစ်စက်ဘီးစီးအားကစားသမား လက်သစ်တွေလည်း ပေါ်ထွက်လာစေမှာဖြစ်ပြီး လူ့ခန္ဓာကိုယ် သွေးလည်ပတ်မှုကိုလည်း ကောင်းမွန်လာစေတဲ့ အားကစားနည်းတစ်ခုဖြစ်လို့ လူထုအနေနဲ့ ပါဝင်ကြစေလိုပါတယ်" ဟု အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ပြောသည်။

ရန်ကုန်လူထုစက်ဘီးစီးနင်းပွဲတွင် လက်ရွေးစင်စက်ဘီးစီးကစားသမားများ၊ ဝါသနာရှင်၏ သက်ကြီး၊ သက်ငယ် စက်ဘီးစီးကစားသမားများ စုစုပေါင်း ၄၀၀ ကျော် ဝင်ရောက်စီးနင်းကြပြီး အင်းစိန်မြို့နယ် စော်ဘွားကြီးရပ်ကွက် နံ့သာကုန်းပန်းခြံအနီးမှ စတင်တာထွက်ကာ လမ်းသစ်လမ်း - မင်းကြီးလမ်း - အောက်မင်္ဂလာဒုံလမ်း - မင်္ဂလာဒုံလမ်း - ခရေပင်လမ်းဆုံ - ပြည်လမ်းမှတစ်ဆင့် နံ့သာကုန်းသို့ ပန်းဝင်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

မြန်မာဖူဆယ်အသင်း ဒုတိယနေရာသာရရှိ

ဗန်ကောက် ဇန်နဝါရီ ၂၉

၂၀၁၆ အာဆီယံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ဒုတိယနေရာသာရရှိခဲ့သည်။ မြန်မာအသင်းသည် ဖူဆယ်အင်အားကြီး ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး ရှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ်တက်ရောက်ခဲ့သည့် မြန်မာအသင်းသည် ချန်ပီယံဆုရရန် ကြိုးစားခဲ့သော်လည်း ထိုင်းအသင်းနှင့် ခြေစွမ်းပိုင်းကွာဟမှုကြောင့် ဂိုးပြတ်သွားခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲအစတွင် ခံစစ်ဦးစားပေးကစားခဲ့သောကြောင့် ထိုင်းအသင်း၏ ဖိအားပေးခြင်းကိုခံခဲ့ရပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင်လေးဂိုး ပေးခဲ့ရသည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ပြည့်ဖြိုးမောင်(၂) က သွင်းယူပေးခဲ့သည်။ ထိုင်းအသင်းသည် ပြိုင်ပွဲတစ်လျှောက် (၁၂)ကြိမ်မြောက် ချန်ပီယံဆုရယူနိုင်ခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်တိုင်း မရှုံးသည့်အစဉ်အလာကောင်းကို ဆက်ထိန်းထားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ်တက်ရောက်ခဲ့သော်လည်း ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဖိုးသော်ဇင်

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်မိုးဦး ၁၁/မဥန(နိုင်) ၀၆၅၁၁၅ ၏ နိုင်ငံကူးလက်မှတ်သည် ၁၅-၁-၂၀၁၇ ရက်က ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၂၅၇၇၂၅

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁)ဟုမ္မလင်းမြို့၊ န၀မတန်း (F)မှ ကျောင်းဝင်အမှတ် ၂၂-၈-၂၀၁၆ မခင်ခင်မူ၏ ဖခင်မှာ ဦးသံဒိုင်(ခ) ဦးမောင်လူ ၅/ဟမလ(နိုင်)၀၃၅၁၁၈ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးသံဒိုင်(ခ)ဦးမောင်လူ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်1K /8332 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7K /3231၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊တိုင်းရုံး(ပဲခူး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်3D/8137 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5843၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း) ဘိလပ်မြေအတွက် Quotation ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်ဆည်မြောင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် စတုတ္ထ(၃)လပတ်အတွင်း လိုအပ်သောဘိလပ် မြေတန်(၅၀၀၀)ခန့်အား ၃၀-၁-၂၀၁၇ရက်မှစ၍ (၂)ပတ်အတွင်း ဝယ်ယူလိုပါသည်။

၂။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘိလပ်မြေစက်ရုံ လုပ်ငန်းများမှ စိတ်ပါဝင်စားသူ ထုတ်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့စက်ရုံလုပ်ငန်းများမှ ထုတ်လုပ်သော (425)ဘိလပ်မြေအမျိုးအစားကို ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူလိုပါသဖြင့် ဘိလပ်မြေ၏ အရည်အသွေး(Speci-fication)၊ တင်သွင်းနိုင်မည့် ကြမ်းခင်းဈေးနှုန်းများကို ဖော်ပြ၍ ၇၃လမ်းနှင့် သဇင်လမ်းထောင့်၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့သို့ ၃၀-၁-၂၀၁၇ ရက်မှ ၆-၂-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၂-၂၈၄၈၆၅၄၊ ၀၂-၂၈၄၈၆၅၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)
မန္တလေးတိုင်းဒေသကြီး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/4936 Mazda Titan WH 55T L/T (4x2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၁၉၆၄၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဝင်းဟို (ခ) ဝင်းအောင် (၁၂/လမန (နိုင်) ၁၁၂၈၁၂) ကိုင်ဆောင်သူက ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၂၀၆ / ၂၀၁၇)ဖြင့်(၆-၁-၂၀၁၇) နေ့တွင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ် တံဆိပ် အမည်ကို အသုံးပြု၍ စိမ်ခံပစ္စည်းအမျိုးမျိုး၊ မွေ့ရာအမျိုးမျိုး၊ မွေ့ရာအခင်းအမျိုးမျိုး၊ ခေါင်းအုံးနှင့်ဖက်လုံးအမျိုးမျိုး၊ ခေါင်းအုံးနှင့် ဖက်လုံးစွပ်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

HARMONY HOMES

(၂၀၆ / ၂၀၁၇)

အထက်ပါ "HARMONY HOMES" ကုန်အမှတ်တံဆိပ် အမည်နှင့် ပတ်သက်၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေတစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော် လည်းကောင်း၊သွယ်ဝိုက်၍သော် လည်းကောင်း၊ ပုံတုပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်း မပြုရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး, LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဦးထိန်လင်းသန်း, LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၅၉၂၈ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြင့် ၁၄/ဖပန(နိုင်)၀၀၅၀၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂ဟ/၉၉၄၁ Shine Ray xy 250 3/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးနု ၁၄/ဒဒရ(နိုင်)၀၉၂၃၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)

အများသိစေရန်ကြေညာခြင်း

ကျွန်မ မအောင်သန်းတင် ၁၂/ဥကမ(နိုင်)၁၁၀၃၇၂ နှင့် မောင်မြင့်သူ ၉/ပဘန(နိုင်)၁၅၅၄၄၈ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မည်သို့မျှ သက်ဆိုင်မှု မရှိတော့ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သည့်ကိစ္စများ ကျွန်မနှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအောင်သန်းတင် ၁၂/ဥကမ(နိုင်)၁၁၀၃၇၂

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့၊ ဇေယျဝတီရပ်ကွက်၊ (၈) လမ်းနေ ဦးဒုတ်ကြမ်း ၈/မထန(နိုင်)၀၆၁၀၉၅-ဒေါ်မူနီး ၈/အလန(ပြု)၀၀၀၀၈၄ တို့၏သား မောင်ဘီဂျဲလ် ၈/အလန(ပြု)၀၀၀၀၉၄သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအတိုင်းပြုမူနေထိုင်သည့်အပြင် မိဘများစိတ်ဆင်းရဲသောကရောက်အောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဒုတ်ကြမ်း၊ ဒေါ်မူနီးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်လေး (B.A,HGP)
အထက်တန်းရှေ့နေ (စဉ်-၁၈၇၂၁)
၈လမ်း၊ ဇေယျဝတီရပ်၊ အောင်လံမြို့
ဖုန်း-၀၉-၄၃၀၈၇၇၈၉

ကျွန်တော်နဲ့ ဒေသဖွံ့ဖြိုးမှု

ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်တလောက ထားဝယ်မြို့နဲ့ ဘားအံမြို့ကို ရောက်ခဲ့တယ်။ အမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲတွေမှာ ပါဝင်ခဲ့တယ်။ ဒေသအလိုက် ဆွေးနွေးပွဲတွေကို တနင်္သာရီတိုင်းမှာ ကျင်းပပြီး လူမျိုးအလိုက် ဆွေးနွေးပွဲကိုတော့ ကရင်ပြည်နယ် ဘားအံမြို့မှာကျင်းပခဲ့တယ်။ တနင်္သာရီတိုင်းအတွက် ခရိုင်သုံးခုဖြစ်တဲ့ ထားဝယ်-မြိတ်နဲ့ ကော့သောင်းမှာ စီစဉ်ခဲ့ပြီး ခရိုင်သုံးခုရဲ့ ဆွေးနွေးမှုတွေကို တိုင်းဒေသအဆင့်အတွက် ထားဝယ်မြို့မှာ ကျင်းပတာ။ ဘားအံမှာ ကျင်းပတဲ့ပွဲကတော့ ကရင်လူမျိုးစုကို အခြေခံပြီး ဆွေးနွေးတာဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အချိန်ပြည့် တက်ရောက်ချင်ပေမယ့်ရရှိတဲ့ အချိန်ကို အခြေပြုပြီး တက်ခဲ့တယ်။

ထားဝယ်ခရိုင် ဆွေးနွေးပွဲမှာ နိုင်ငံရေး၊ မြေယာကဏ္ဍ၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာတွေကို ပြည့်ပြည့်စုံစုံ ဆွေးနွေးခဲ့ကြတယ်။ အမှန်တော့ ဒီဆွေးနွေးပွဲတွေမတိုင်မီ ကြိုတင်ညှိနှိုင်းမှုတွေကိုလည်း လုပ်ခဲ့ကြတယ်။ အစီအစဉ်တွေကို သပ်သပ်ရပ်ရပ် ဆောင်ရွက်နိုင်ခဲ့တယ်။ ဘားအံမြို့မှာ ကျင်းပတဲ့ပွဲမှာလည်း စာတမ်းအမျိုးမျိုးတွေကို တင်ပြဆွေးနွေးကြတာ တွေ့ရတယ်။ ဒီဆွေးနွေးပွဲတွေနဲ့ ပတ်သက်ပြီး သတင်းစာတွေ၊ ဂျာနယ်တွေမှာ အပြည့်အစုံ ဖော်ပြခဲ့တာမို့ ကျွန်တော့်အနေနဲ့ ထပ်ဆောင်းပြီး တင်ပြဖို့ မရည်ရွယ်ဘဲ ဆွေးနွေးပွဲတွေကိုခြုံငုံပြီး အရေးကြီးလှတဲ့ ဒေသဖွံ့ဖြိုးမှုကို တင်ပြချင်ပါတယ်။

ထားဝယ်ကတော့ ကိုယ့်ဇာတိဖြစ်တယ်။ ထားဝယ်ခရိုင် အပါအဝင် တနင်္သာရီတိုင်းဒေသကြီးဟာ ပဋိပက္ခတွေချုပ်ငြိမ်း၍ အေးချမ်းသာယာနေပြီ။ ဒါကြောင့်လည်းဖွံ့ဖြိုးမှုကို ရှေးရှုနိုင်တဲ့ အခြေအနေရောက်နေတယ်။ ကျွန်တော်က တော့ နိုင်ငံတစ်နိုင်ငံလုံးရဲ့ စီးပွားရေးဖွံ့ဖြိုးမှုရဲ့ သော့ချက်တစ်ခု အနေနဲ့ မြင်စေချင်တယ်။ ဖြစ်စေချင်တယ်။ တနင်္သာရီတိုင်း ဒေသကြီးရဲ့ ပထဝီအနေအထားနဲ့ သဘာဝသယံဇာတ ပေါကြွယ်မှုဟာ အခြေခံကောင်းတွေဖြစ်တယ်။ တစ်ကမ္ဘာလုံးမှာ မရှိသလောက်ရှားပါးတဲ့ ပင်လယ်ပြင် ပင်လယ်အောက် အလှအပတွေနဲ့ ပြည့်စုံနေတဲ့ မြိတ်ကျွန်းစုတွေရှိတယ်။ ဒီတန်ဖိုး မဖြတ်နိုင်တဲ့ သဘာဝအရင်းအနှီးကို ထိန်းသိမ်းကာကွယ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးအောင်ကြိုးစားရမှာဖြစ်တယ်။ အခုဆိုရင် မြန်မာလူမျိုးတွေ မော်လ်ဒိုက်ကျွန်းကို အပန်းဖြေခရီးသွားနေကြတယ်။ ကျွန်တော် မော်လ်ဒိုက်ရောက်ဖူးပါတယ်။ မြိတ်ကျွန်းစုနဲ့ ဘာမှမဆိုင်ဘူး။ မြိတ်ကျွန်းစုက အလွန်ထူးခြားလှတယ်။ သူတို့ဆီမှာတော့ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းကို အချိန်တော်တော် ကြာကြာလုပ်ခဲ့တဲ့ အတွေ့အကြုံရှိတာမို့ ကမ္ဘာက သိတယ်။ ကျွန်တော်တို့ဆီမှာလည်း မြိတ်ကျွန်းစုကို ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းမြေပုံမှာ ထင်ရှားအောင် ကြိုးစားရမှာဖြစ်တယ်။ ဒေသဖွံ့ဖြိုးမှုကို စဉ်းစားတဲ့အခါ မိမိဒေသရဲ့ထူးခြားတဲ့ ဝိသေသတွေကို အခြေခံပြီး မဟာဗျူဟာတွေကို ဖော်ထုတ်နိုင်ဖို့ လိုအပ်တယ်။

ထားဝယ်ခရိုင်အပါအဝင် တနင်္သာရီတိုင်းမှာ လူငယ်လူရွယ်တွေ တစ်ဖက်နိုင်ငံမှာ အလုပ်လုပ်နေကြတယ်။ အိမ်ထောင်စုတွေမှာ အသက်ကြီးတဲ့သူတွေနဲ့ ကလေးငယ်တွေပဲ ကျန်တော့တယ်။ အခုလို စီးပွားရှာဖွေမှုကို အပြစ်တင်ဝေဖန်တာထက် တစ်ဖက်နိုင်ငံမှ ရလာတဲ့၊ ရရှိထားတဲ့ ကျွမ်းကျင်မှုတွေ၊ အတွေ့အကြုံတွေကို ကိုယ့်နိုင်ငံအတွက် အကျိုးရှိအောင် ဆွဲဆောင်နိုင်ဖို့သာ အရေးကြီးပါတယ်။ သူတို့တစ်တွေဟာ အခြေအနေအရသာ သွားနေကြတာဖြစ်ပြီး ကိုယ့်နိုင်ငံကို ပြန်ချင်ကြတဲ့သူတွေသာ ဖြစ်ကြတယ်။ တစ်နည်းပြောရရင် သူတို့တစ်တွေဟာ ကိုယ့်အတွက်အားတွေ ဖြစ်တယ်။

ထားဝယ်အထူးစီးပွားရေးဇုန်ကို သုံးသပ်တဲ့နေရာမှာ စီးပွားရေးရှုထောင့်တစ်ခုတည်းက မကြည့်ဘဲ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ယဉ်ကျေးမှု ရှုထောင့်အများစုက သုံးသပ်ရမှာဖြစ်တယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ကျွန်တော်ကတော့ စီးပွားရေး လမ်းသွယ်တစ်ခုအဖြစ်မြင်တယ်။ ထားဝယ်ကတစ်ဆင့် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံကို ဆက်သွယ်ထားတာမို့ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာကို ဆက်သွယ်ပေးတဲ့လမ်းမကြီးရှိတဲ့ အရှေ့အနောက်လမ်းသွယ်ကြီး။ ဒီလမ်းသွယ်ကတစ်ဆင့် ကုန်စည်စီးဆင်းမှုတွေဖြစ်လာကာ ဒေသဖွံ့ဖြိုးမှုကို အကျိုးပြုမှာဖြစ်တယ်။ အထူးစီးပွားရေးဇုန်အတွင်း တည်ထောင်မယ့် စက်မှုလက်မှုလုပ်ငန်းတွေ ဆိပ်ကမ်းတွေဟာလည်း ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်မှာဖြစ်တယ်။

ကျွန်တော်သတိထားမိတာက ပြောင်းလဲလာတဲ့ အခြေ အနေတွေကို အရပ်ဘက်လူ့အဖွဲ့အစည်းတွေအနေနဲ့ ဘယ်လို တုံ့ပြန်ရတယ်ဆိုတာကို သုံးသပ်သင့်တယ်။ အစွန်းတရားကို ရှောင်ရှားသင့်တယ်။ သဘာဝပတ်ဝန်းကျင်ကို ကာကွယ် စောင့်ရှောက်ချင်တဲ့စေတနာနဲ့ ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်လာတဲ့အထိ မဆောင်ရွက်သင့်ဘူး။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရဲ့ အခြေခံစဉ်းစားချက်က နောင်လာနောက်သား အကျိုးကို တစ်ဖက်က ကြည့်သလို လက်ရှိအသက်ရှင်သူတွေ အတွက်လည်း ကြည့်ဖို့လိုအပ်တယ်။

ထားဝယ်အထူး စီးပွားရေးဇုန်အပါအဝင် စီမံကိန်း၊ စီမံချက်နဲ့ပတ်သက်လို့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍဟာအရေးကြီးလာတယ်။ အဖွဲ့အစည်းတွေရဲ့ ရပ်တည်ချက်တွေကိုပြန်လည်သုံးသပ်သင့်တယ်။ တစ်ချိန်က အရပ်ဘက်လူမှုအဖွဲ့အစည်းတွေဟာ အစိုးရကို ဆန့်ကျင်ခဲ့ကြတယ်။ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခဲ့ကြတယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းဖို့အာရုံစိုက်ခဲ့ကြတယ်။ စီမံကိန်း၊ စီမံချက်တွေအကောင်အထည်ဖော်ရာမှာ ပါဝင်ပတ်သက်သူတွေ ပါဝင်လှုပ်ရှားနိုင်ဖို့ တိုက်တွန်းခဲ့ကြတယ်။ ပြောသင့်ပြောထိုက်တာတွေကို တင်ပြရဲခဲ့ကြတယ်။ ဥပဒေနဲ့မညီတဲ့ မြေယာသိမ်းဆည်းမှုတွေ၊ မိမိနေရာ၊ ရပ်ကွက်၊ ကျေးရွာက နှင်ထုတ်ခံရမှုတွေကို ဆန့်ကျင်ခဲ့ကြတယ်။ ဒါတွေက အရပ်ဘက်လူ့အဖွဲ့အစည်းတွေရဲ့ အားသာချက်တွေဖြစ်တယ်။ ပြည်သူတွေဘက်က ရပ်တည်ပေးခဲ့တယ်။

ဒါပေမယ့် ယနေ့နိုင်ငံရေးအခြေအနေက ပြောင်းလဲလာခဲ့ပြီဖြစ်တယ်။ ပြည်သူရွေးချယ်တင်မြှောက်ထားတဲ့အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ အစိုးရဟာ ပြည်သူတွေရဲ့ အကျိုးကို ဦးထိပ်ထားတယ်ဆိုတာကို အသိအမှတ်ပြုဖို့လိုအပ်တယ်။ အစိုးရရဲ့လုပ်ဆောင်ချက်တွေကို အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်တယ်။ လိုအပ်တဲ့နေရာမှာအပြုသဘောနဲ့အကြံပြုသင့်တယ်။

ကျွန်တော်သတိထားမိတာက ပြောင်းလဲလာတဲ့ အခြေအနေတွေကို အရပ်ဘက်လူ့အဖွဲ့အစည်းတွေအနေနဲ့ ဘယ်လို တုံ့ပြန်ရတယ်ဆိုတာကို သုံးသပ်သင့်တယ်။ အစွန်းတရားကို ရှောင်ရှားသင့်တယ်။ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ချင်တဲ့စေတနာနဲ့ ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်လာတဲ့အထိ မဆောင်ရွက်သင့်ဘူး။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရဲ့ အခြေခံစဉ်းစားချက်က နောင်လာနောက်သားအကျိုးကို တစ်ဖက်က ကြည့်သလို လက်ရှိအသက်ရှင်သူတွေအတွက်လည်း ကြည့်ဖို့လိုအပ်တယ်။ မျှမျှတတစဉ်းစားဖို့အရေးကြီးတယ်။ အစွန်းရောက်တဲ့ အယူအဆတွေနဲ့တိုးတက်ဖွံ့ဖြိုးမှုကို ပိတ်ပင်တာမျိုးမဖြစ်သင့်ဘူး။

ပြည်သူဘက်က ရပ်တည်တဲ့အရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာ ပြည်သူရွေးချယ်တင်မြှောက်ထားတဲ့ တာဝန်ရှိသူတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပြီး ပြောသင့်တာပြော ထောက်ပြသင့်တာကို ထောက်ပြသင့်တယ်။ အဓိကတော့ အကောင်းမြင်နိုင်တဲ့စိတ်ထားရှိဖို့လိုအပ်တယ်။ ကျွန်တော်သတိထားမိတာတစ်ခုက မကောင်းမြင်တဲ့စိတ်တွေ လွှမ်းမိုးနေတာတွေ့ရတယ်။အရာရာကိုကန့်ကွက်ရမယ်။ တာဝန်ရှိသူတွေကို အနှောင့်အယှက်ပေးရမယ်ဆိုသလိုဖြစ်နေတယ်။ တကယ်တော့အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပြည်သူရွေးချယ်တဲ့ အစိုးရဟာ ဦးတည်ချက်အတူတူသာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဖက်ဒရယ်ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံတစ်နိုင်ငံဖြစ်လို့ အားလုံးပါဝင်ပြီး အကျိုးခံစားရမယ့် စီးပွားရေးအဆောက်အအုံကို တည်ဆောက်လိုကြတဲ့ဆန္ဒရှိတာဖြစ်တယ်။

တနင်္သာရီတိုင်းမှာ လယ်ယာထုတ်ကုန်အမြောက်အမြားရှိတယ်။ ရော်ဘာတို့၊ ဆီအုန်းတို့ ဒီထုတ်ကုန်တွေကို တန်ဖိုးမြင့်အောင် ဆောင်ရွက်ဖို့လိုအပ်တယ်။

တနင်္သာရီတိုင်းဒေသကြီးရဲ့အိမ်နီးနားချင်းဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့အကျိုးတူ စီးပွားရေးဆက်သွယ်မှုတွေ ဖန်တီးသွားဖို့လိုအပ်ပါတယ်။ ဒီအစီအစဉ်တွေလုပ်ဖို့ ကျွန်တော်က ဆွေးနွေးပွဲမှာ တင်ပြခွင့်ရခဲ့ပါတယ်။

ဘားအံမြို့ကို ကျွန်တော်တစ်ညအိပ်ခရီးသွားခဲ့တယ်။ သထုံမြို့အထွက် မြိုင်ကလေးမရောက်ခင် ရှုခင်းတွေက ထူးခြားလိုက်တာ။ ဆွေးနွေးကျင်းပမယ့် ဟိုတယ်ကလည်း ကြီးကျယ်ထည်ဝါလှတယ်။ ကျွန်တော်ရောက်တဲ့အချိန်မှာဖွင့်ပွဲ အခမ်းအနားက ပြီးလုနီးပါးရှိပြီ။ နေ့လယ်စာမစားမီ မှတ်တမ်းဓာတ်ပုံတွေရိုက်ဖြစ်တယ်။ ခန်းမတစ်ခုလုံး တက်ရောက်လာသူတွေက ကရင်အမျိုးသား အမျိုးသမီးတွေ၊ တိုင်းရင်းသားဝတ်စုံတွေနဲ့ ရောင်စုံကျက်သရေရှိလိုက်တာ။ လူငယ်တွေပါဝင်သလို လူကြီးလည်းပါကြတယ်။ တချို့ကတော့ စစ်ဝတ်စုံတွေ ဝတ်ဆင်ထားကြတယ်။ နိုင်ငံခြားဧည့်သည်တော်တွေလည်း တက်ရောက်ကြတယ်။ ပထမနေ့မှာ ပြုစုထားတဲ့ စာတမ်းတွေကို ကိုယ်စားလှယ်တွေ ဖတ်ကြားကြတယ်။ သပ်သပ်ရပ်ရပ်ပြုစုထားတာမို့ ပြည့်စုံပါတယ်။ ဆွေးနွေးပွဲနောက်ဆုံးအချိန်မှာ ကျွန်တော့်ကို စီးပွားရေးဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး တင်ပြခွင့်ပြုတယ်။ စီစဉ်ပေးသူက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးသူဖြစ်တယ်။ သူကထားဝယ်သားဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ စီအီးစီအဖွဲ့ဝင်၊ တက်ကြွလှတဲ့လူငယ်နိုင်ငံရေး ခေါင်းဆောင်သူ၊ စီစဉ်ပေးခဲ့တာမို့ ကျွန်တော်တင်ပြခွင့်ရခဲ့တယ်။

စင်မြင့်ပေါ်ကကြည့်လိုက်တော့ ခန်းမတစ်ခုလုံးအပြည့်။ ရင်ထဲမှာ လှုပ်ရှားခဲ့တယ်။ ဒီဆွေးနွေးပွဲတွေကို ဆွေးနွေးပွဲအနေနဲ့မသုံးသပ်ဘဲ ကျွန်တော်တို့နိုင်ငံရဲ့ထူးခြားလှပတဲ့ပြောင်းလဲလာတဲ့နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်အဖြစ်မြင်ဖို့လိုအပ်ပါတယ်။ အခန်းထဲမှာ တပ်မတော် အရာရှိကြီးတွေရှိနေသလို လက်နက်ကိုင်တိုင်းရင်းသားအရာရှိကြီးတွေလည်း ပါဝင်တယ်။ မကျေလည်မှုတွေ ပဋိပက္ခတွေကို လက်နက်နဲ့မဖြေရှင်းဘဲ အခုတော့ ဆွေးနွေးပွဲတွေအမြင်ချင်းဖလှယ်မှုတွေနဲ့ အဖြေရှာနေကြတာ။ ဒီယဉ်ကျေးမှုကို ဖန်တီးနိုင်မှုဟာ အောင်မြင်မှုတစ်ရပ်ပဲဖြစ်တယ်။ သဘောတူမှု ရတာမရတာထက် တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် ကိုယ့်သဘော သူ့သဘောကိုမျှဝေဖို့ လိုအပ်တယ်။ ကျွန်တော်က ဇနီးဖြစ်သူဟာ ကရင်လူမျိုးဖြစ်ကြောင်း ပြောခဲ့တဲ့အတွက် အားလပ်ချိန်မှာကိုယ်စားလှယ်တစ်ယောက်က ကျွန်တော့်ကို ကရင်လူမျိုးတွေရဲ့ ထုံးစံအရ ဆရာ့ရဲ့သမီးဟာ ကရင်အမျိုးသမီးစစ်စစ်ဖြစ်ပြီလို့ ဂုဏ်ယူစရာ ပြောခဲ့တယ်။ ကရင်ထုံးစံအရမိခင်က ကရင်ဖြစ်ရင် သားသမီးတွေဟာ အလိုလိုကရင်လူမျိုးတွေဖြစ်ကြတယ်လို့ လက်ခံကြောင်း သိရတယ်။

ကျွန်တော်စီးပွားရေးဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး တင်ပြရာမှာ ကရင်ပြည်နယ်ရဲ့ ထူးခြားလှတဲ့အလားအလာကို မီးမောင်းထိုးပြခဲ့တယ်။ တည်နေရာအရရော သဘာဝပတ်ဝန်းကျင် အခြေအနေတွေကြောင့်ရော ကရင်ပြည်နယ်ဟာ အလားအလာကောင်းမွန်လှတဲ့ ဒေသဖြစ်တယ်။ ပဋိပက္ခတွေနဲ့ နှစ်ပေါင်းများစွာစိန်ခေါ်မှုတွေ များခဲ့တဲ့ ကရင်ပြည်နယ်။ အခုတော့ တာဝန်ရှိသူများရဲ့ရင့်ကျက်မှု၊ နားလည်မှု၊ သည်းခံမှုနဲ့ မေတ္တာစေတနာတွေကြောင့် အခြေအနေတွေ စပြောင်းနေတာတွေ့တယ်။

ကျွန်တော်တစ်ခုတော့ ဝန်ခံချင်တယ်။ ကျွန်တော်ဟာ အကောင်းမြင်တဲ့စိတ်ကို အမြဲလက်ဝယ်ထားသူဖြစ်တယ်။ အခက်အခဲတွေ၊ အနှောင့်အယှက်တွေ၊ စိန်ခေါ်မှုတွေ ဘယ်လောက်ရှိရှိ အဆိုးဆုံးထဲက ကောင်းတာကို တွေ့နိုင်လိမ့်မယ်လို့ ခံယူတယ်။ မဖြစ်နိုင်တာမရှိဘူး။ မဖြစ်သေးတာပဲ ရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးရကို ရရမယ်။ မရသေးတာကို မစဉ်းစားရအောင် ဘယ်လိုဝိုင်းလုပ်ကြမလဲ ဆိုတာကို အာရုံပြုစေချင်တာပါပဲ။ ။

၂၀၁၇ ခုနှစ် မတ်လ တတိယပတ်တွင် ဆောက်လုပ်ပြီးစီးတော့မည့် စလင်းမြို့နယ်ရှိ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။ (ယင်းဆေးရုံသစ်ကြီးမှာ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အပေါ်ထပ်တွင် ၃၁ ခန်း၊ အောက်ထပ်တွင် ၂၈ ခန်းပါရှိသည်။ အခန်းများကို အောက်ခံကြွေပြားများ တပ်ဆင်ပေးထားကာ မူလတည်ဆောက်စဉ်က ဓာတ်လှေကား မပါဝင်သော်လည်း လိုအပ်ချက်အရ ယခုဓာတ်လှေကား တပ်ဆင်ရန် ညှိနှိုင်းလျက်ရှိရာ လုပ်ငန်းတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။)
စစ်ကြည်(စလင်း)

ကိုယ့်အားကိုယ်ကိုး မြေသားကျောက်ချောလမ်းခင်း

ဖြူး ဇန်နဝါရီ ၂၉

တောင်ငူခရိုင် ဖြူးမြို့နယ် ငါးခေါင်းအင်းကျေးရွာအုပ်စုနှင့် ဇီးကုန်းကျေးရွာအုပ်စုနှစ်ခု ဆက်စပ်လျက်ရှိသော ကရင်ရွာကျေးရွာ- တံခွန်တိုင်မှ ဖြူးမြို့သို့ ဆက်သွယ်သော ပင်မလမ်းအား ကရင်ရွာကျေးရွာနေပြည်သူများ စုပေါင်း၍ အလျားနှစ်မိုင်ခန့်၊ အကျယ် ၁၀ပေ ရှိသော ကျောက်ရောမြေသား လမ်းအား ဇန်နဝါရီ ၂၆ ရက်မှစတင်၍ ကိုယ့်အားကိုယ်ကိုး ခင်းကျင်းလျက်ရှိသည်။

အဆိုပါလမ်းသည် ကရင်ရွာကျေးရွာအပြင် အခြားသော ကျေးရွာများသို့ လည်း ဆက်သွယ်သွားလာနိုင်ပြီး အဓိကကုန်ထုတ် ဆက်သွယ်သော ပင်မလမ်း ဖြစ်၍ ငွေကျပ်သိန်း ၅၀ ခန့် အကုန်ကျခံခင်းကျင်းခြင်းဖြစ်ပြီး ရွာသူရွာသားများက လုပ်အားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

ဖြိုးလွင်အောင်(AMIA)
ဓာတ်ပုံ-မေမိုးသဲ

ဇန်နဝါရီလအခုအပတ်မှာ ပြည်ပကို အဓိကတင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) နဲ့မတ်ပဲ (FAQ/RC) ဈေးနှုန်းတွေဆက်တိုက်ကျဆင်းနေတာကို တွေ့မြင်ရပါတယ်။ အလားတူ နှမ်းရောင်စုံဈေးတွေလည်း ကျဆင်းနေပါတယ်။ ကြက်သွန်နီဈေးတွေကတော့ အနည်းငယ်မြင့်တက်လာပါတယ်။ ဆန်ဈေးနှုန်းတွေကတော့ ဒီတစ်ပတ်လုံးမှာ အပြောင်းအလဲမရှိ တည်ငြိမ်နေတာကိုတွေ့မြင်ရပါတယ်။

မတ်ပဲ (FAQ/RC) ဈေး ဆက်တိုက်ကျဆင်း

ဇန်နဝါရီလ အခုတစ်ပတ်ရဲ့ တနင်္လာနေ့ကမတ်ပဲ (FAQ/ RC) တစ်တန်ကို ငွေကျပ် ၁၀၂၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၁၀၁၃၀၀၀ ကို ကျဆင်းသွားပါတယ်။ တစ်ပတ်အတွင်း တစ်တန်ကို ငွေကျပ် ၁၃၀၀၀ခန့် ကျဆင်းသွားတာပါ။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းကတော့ မတ်ပဲ (FAQ/RC) တစ်တန်ကို ငွေကျပ် ၁၆၄၂၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံနီ (RC)ဈေးနှုန်းများ ပြန်မြင့်တက်လာ

အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ ပဲစင်းငုံနီ (RC)ကလည်း ဒီအပတ်ရဲ့ တနင်္လာနေ့က တစ်တန်ကို ငွေကျပ် ၈၁၅၀၀၀ ခန့်နဲ့ အရောင်းအဝယ်ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၈၁၀၀၀၀ အထိ ကျဆင်းသွားတာကို တွေ့မြင်ရပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် ၅၀၀၀ ကျဆင်းသွားတာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လကတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် ၁၅၀၀၀၀၀ အထိမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းဈေးတည်ငြိမ်

ပဲတီစိမ်းကတော့ ဒီတစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမားမရှိဘဲ ပိဿာချိန် ၆၀ကို ငွေကျပ် ၉၈၀၀၀ နဲ့ ငွေကျပ် ၁၀၅၀၀၀ ကြားမှာ အရောင်းအဝယ်ဖြစ်နေပါတယ်။

နှမ်းရောင်စုံဈေးနှုန်းများ ကျဆင်း

ဒီအပတ်မှာ နှမ်းရောင်စုံဈေးတွေ ကျဆင်းနေတာကို တွေ့ရပါတယ်။ နှမ်းနက်ကတော့ ဒီအပတ် တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေးငွေကျပ် ၁၀၁၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀၀ အထိ ကျဆင်းသွားတာ တွေ့ရပါတယ်။

နှမ်းညိုလည်း တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၈၀၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၅၇၀၀၀ ကို ကျဆင်းသွားတာ တွေ့ရပါတယ်။

နှမ်းဖြူလည်း ဒီအပတ် တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၉၉၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၉၃၀၀၀ ကို ကျဆင်းသွားတာ တွေ့ရပါတယ်။

ပန်းနှမ်းကတော့ တနင်္လာနေ့က တစ်အိတ်ကိုအမြင့်ဆုံးဈေး ငွေကျပ် ၈၇၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ ငွေကျပ် ၈၈၀၀၀ အထိ မြင့်တက်လာပါတယ်။

နှမ်းနက်(စမုံ)ကတော့ တစ်အိတ်ကိုအမြင့်ဆုံး ငွေကျပ် ၁၃၈၀၀၀ နဲ့ယခုတစ်ပတ်လုံးမှာ ဈေးတည်ငြိမ်နေတာကို တွေ့မြင်ရပါတယ်။

ဆန်ဈေးနှုန်း တည်ငြိမ်

အလားတူ ဆန်ဈေးနှုန်းတွေလည်း ယခုတစ်ပတ်လုံးမှာ တည်ငြိမ်နေတာကို တွေ့ရပါတယ်။ ပေါ်ဆန်းမွှေးဆန် တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၄၄၅၀၀ ၊ ညှင်းမထဆန် တစ်အိတ် ငွေကျပ် ၁၉၅၀၀၊ မြီးဒုံးဆန်တစ်အိတ် အမြင့်ဆုံး ငွေကျပ် ၂၁၀၀၀ ၊ မိုးသုခဆန် တစ်အိတ် ငွေကျပ် ၂၅၀၀၀၊ ငွေသီးထပ် ဆန်တစ်အိတ် ငွေကျပ် ၂၀၀၀၀ နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။ငစိန်ဆန်ကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၉၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၈၀၀၀ ကို ကျဆင်းသွားပါတယ်။

ကြက်သွန်နီဈေး အနည်းငယ်မြင့်တက်

ဆိပ်ဖြူ၊တောင်တွင်း၊ မြင်းခြံ၊ မြစ်သားနယ်တွေကထွက်ရှိတဲ့ ကြက်သွန်နီဈေးတွေကတော့ ဒီတစ်ပတ်ရဲ့ တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၈၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်နေပြီး ဈေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီတစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၉၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၈၅၀ နဲ့ အရောင်းအဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ တစ်ပိဿာကို ငွေကျပ် ၁၀၀ ခန့် ဈေးမြင့်တက်လာပါတယ်။

စိုက်ပျိုးထုတ်လုပ်သူများ ကိုယ်တိုင်ရောင်းချနိုင်ရန်အတွက် တည်ငြင်းကုန်း အအေးခန်းဈေးဆိုင်ခန်းများကို အချိန်ပိုင်းငှားရမ်းပေးသွားမည်

ဖြိုးလွင်အောင်(AMIA)

ရန်ကုန်မြို့ တည်ငြင်းကုန်း အအေးခန်းဈေးသစ်ကြီးတွင် စိုက်ပျိုးထုတ်လုပ်သူများ ကိုယ်တိုင်ရောင်းချနိုင်ရန်အတွက် ဈေးဆိုင်ခန်းများကို အချိန်ပိုင်းငှားရမ်းပေးသွားမည်ဖြစ်ကြောင်း မြန်မာအက်ဂရိအိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက် (MAEX)မှ ဒါရိုက်တာ ဦးသူရိန်က ပြောသည်။

တည်ငြင်းကုန်းဈေးကို ဖေဖော်ဝါရီလကုန်ပိုင်းတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပထမဆုံး ဖွင့်လှစ်မည့် ဈေးရုံအပိုင်း(၁) တွင် ဆိုင်ခန်းပေါင်း ၅၀၀၀ ကျော်ပါရှိမည်ဖြစ်ပြီး ယခင်ဈေးဟောင်းမှ ဆိုင်ရှင် ၁၀၀၀ ဝန်းကျင်ကိုလည်း ဈေးသစ်ကြီးတွင် နေရာပြန်လည်ချထားပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ဒီဈေးသစ်ကို နိုင်ငံတကာက အအေးခန်း ဟင်းသီးဟင်းရွက် ပန်းမန်ဈေးကြီးတွေအတိုင်း စနစ်တကျ တည်ဆောက်ထားတာပါ။ ဒီမှာ ကုန်သည်၊ ပွဲစားတွေတင်မကဘဲ စိုက်ပျိုးသူတွေကိုယ်တိုင်က ကားတွေထိုးပြီး တစ်ခါတည်း ရောင်းချနိုင်ဖို့ နေရာတွေလည်း စီစဉ်ထားပါတယ်။ ဈေးဆိုင်ခန်းငှားရမ်းတာတွေကိုလည်း စာရင်းစတင်လက်ခံနေပါပြီ။ ဈေးနှုန်းတွေကိုတော့ ကျွန်တော်တို့ မသတ်မှတ်ရသေးပါဘူး။ လက်ရှိဈေးကြီးတွေက ဆိုင်ခန်းငှားခ ဈေးနှုန်းတွေနဲ့မကွာတဲ့ ဈေးနဲ့ ငှားရမ်းပေးသွားမှာပါ"ဟု ၎င်းကပြောသည်။

အဆိုပါ တည်ငြင်းကုန်းဈေးသစ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၅ ရာခိုင်နှုန်း၊ MAEX မှ ၇၅ ရာခိုင်နှုန်းဖြင့် အကျိုးတူပူးပေါင်းကာ နှစ်ပေါင်း ၇၀ အထိ လုပ်ကိုင်ခွင့်ရရှိထားခြင်းဖြစ်ပြီး ယင်းကုမ္ပဏီမှ ပထမပိုင်းအဖြစ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့် အအေးခန်း လက်ကားဈေးသစ်အဖြစ် ဖွင့်လှစ်မည်ဖြစ်သည်။

MAEX အမှုဆောင်အရာရှိ ဦးအောင်ကြီးက "ပထမဆုံးအနေနဲ့ ကုမ္ပဏီရဲ့ ရှယ်ယာ ၅ သိန်းကို အများပြည်သူသို့ စတင်ရောင်းချသွားမှာပါ။ ဇန်နဝါရီ ၂၆ ရက်ကစပြီး ရှယ်ယာဝယ်ယူဖို့ အဆိုပြုထားသူ ၃၀၀ ကျော်က ရှယ်ယာပေါင်း တစ်သိန်းနှစ်သောင်းကျော်ကို ဝယ်ယူဖို့ အဆိုပြုထားပါတယ်" ဟု ပြောသည်။

MAEX ကုမ္ပဏီမှ ကနဦး ရှယ်ယာအနေဖြင့် ငွေကျပ် ငါးဘီလီယံတန်ဖိုးရှိ အစုရှယ်ယာပေါင်း ငါးသိန်းကို ရှယ်ယာတစ်စုလျှင် ငွေကျပ် ၁၀၅၀၀ ဖြင့် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ အများပြည်သူသို့ ရောင်းချနေခြင်းဖြစ်ပြီး ရှယ်ယာသက်သေခံ လက်မှတ်များကို လာမည့် ဧပြီလတွင် စတင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဈေးသစ် စီမံကိန်းကို မြေအကျယ်အဝန်း၈၃ ဧကပေါ်တွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ ငွေကျပ် ၉၉ ဒသမ ၈ ဘီလီယံဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး ပွဲရုံ၊ ဂိုဒေါင်ဆိုင်ခန်းများအား ဝယ်ယူလိုသူများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြံသီးနှံစိုက်နည်းစနစ် ယှဉ်ပြိုင်စံပြကွက်နှင့် အထွက်ကောင်း လမိုင်းစံပြကွက် ကွင်းသရုပ်ပြ

ကိုကိုရူပ (နေပြည်တော်)

နေပြည်တော် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု၊ သပြေပင်ကြံအထွက်တိုးစံပြဈေးကွက်၌ ကြံသီးနှံနည်းစနစ် ယှဉ်ပြိုင်စံပြကွက်နှင့် အထွက်ကောင်း လမိုင်းစံပြကွက် ကွင်းသရုပ်ပြခြင်းကို ဇန်နဝါရီလတတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မြင့်ထွန်းက ကြံစိုက်ပျိုးနည်းစနစ်များကိုရှင်းလင်းပြောကြားပြီး တောင်သူများအနေနှင့် စီးပွားရေးတွက်ခြေကိုက်သော စိုက်နည်းစနစ်ကို ကျင့်သုံးသင့်ကြောင်း၊ လမိုင်းခင်းအား အထူးဂရုစိုက်ပြုပြင်သွားမည်ဆိုပါက ကြံခင်းအသစ်ကဲ့သို့ အထွက်နှုန်းများနိုင်ကြောင်းနှင့် တောင်သူများစိုက်ပျိုးရန်လိုအပ်သော အထွက်ကောင်းမျိုးများကို ဌာနမှဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလားတူ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်မှ ထရိုင်ခိုဒါးမားမြေဆွေးပုံနှင့်ပတ်သက်၍ အသုံးပြုသင့်ကြောင်းနှင့် အဏုဇီဝအသက်ရှိများသည် စိုက်ပျိုးမြေအတွင်းရှိ အကျိုးပြုသက်ရှိများကို ပိုမိုပြန့်ပွားစေသည့်အပြင် အကျိုးမပြုသောသက်ရှိများကို သေစေနိုင်သည့်အတွက် အကျိုးကျေးဇူးပိုမိုများပြားကြောင်း၊ အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးသို့ ဦးတည်သွားသင့်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦးက ကြံတစ်ဆစ်ချင်း စိုက်စနစ်၊ တန်းကျယ်စိုက်စနစ်နှင့် ပုံမှန်စိုက်စနစ်အားသာချက်၊ အားနည်းချက်များအပေါ် ကျော်လွှားနိုင်မည့်နည်းလမ်းများကို ဆောင်ရွက်သွားသင့်ကြောင်း ပြောကြားခဲ့သည်။

ဆိပ်ကမ်းများမှ ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးအချိန်ပြောင်းလဲလိုက်သည့်အတွက် ကုန်ကျစရိတ် မြင့်လာ

ဖြိုးလွင်အောင်(AMIA)

နိုင်ငံရပ်ခြား ပင်လယ်ရေကြောင်း ကုန်သွယ်မှု၏ အဓိကအရေးပါသည့် ဆိပ်ကမ်းများမှ ကုန်သေတ္တာ သယ်ယူပို့ဆောင်ရေး အချိန်များကို ပြောင်းလဲလိုက်သည့်အတွက် ကုန်ကျစရိတ် မြင့်တက်လာမှုများရှိလာသည်ဟု ဆန်ကုန်သည်များက ပြောဆိုကြသည်။

မြန်မာနိုင်ငံမှ ဥရောပ၊ အာဖရိကအပါအဝင် ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်တင်ပို့ရာတွင် ကုန်မှာယူမှု အချိန်သတ်မှတ်ချက်များအရ သင်္ဘောဆိုက်ကပ်ချိန်အတွင်း အချိန်မီ တင်ပို့ရခြင်းဖြစ်ပြီး မြို့တွင်း ကုန်တင်ယာဉ်ဖြတ်သန်းခွင့်ကို အချိန်ကန့်သတ်လိုက်ခြင်းကြောင့် ကုန်သေတ္တာကားများကို အချိန်စောင့်ဆိုင်းခအဖြစ် ငွေကျပ် ခုနစ်သောင်းဝန်းကျင်ခန့် ပိုမိုပေးနေရကြောင်း မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း အတွင်းရေးမှူးဦးအောင်မြင့်က ပြောသည်။

"အချိန်ပြောင်းလိုက်တဲ့ အချိန်ကစပြီး ဆိပ်ကမ်းကုန်တင်၊ ကုန်ချ ကုန်သေတ္တာကားတွေကို အချိန်ပိုကြေးအနေနဲ့ အရင်ကထက် ငွေကျပ် ခြောက်သောင်း၊ ခုနစ်သောင်းလောက် ပိုပေးရတယ်"ဟု ၎င်းကဆက်လက်ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရက ရန်ကုန်မြို့တွင်း ယာဉ်လမ်းကြော ကျပ်တည်းနေမှုများကို လျှော့ချနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစတင်ကာ ကုန်သေတ္တာယာဉ်များကို ည ၈ နာရီ နောက်ပိုင်းမှသာ ရန်ကုန်မြို့အတွင်းသို့ ဖြတ်သန်းသွားလာခွင့်ပြုရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက "အခုတိုင်းဒေသကြီး အစိုးရက ကုန်သေတ္တာကား အခွဲတွေကို လမ်းကြောင်း ပြန်ပေးပြီးတော့ နေ့ပိုင်းပြန်သယ်ခွင့်ပေးတယ်။ နောက် အထူးအစီအစဉ်အနေနဲ့ သင်္ဘောတင်စရာရှိရင် ကားနံပါတ်နဲ့ စာတင်ရင်တော့ နေ့ပိုင်း ဖြတ်သန်းခွင့် ပြုတာတွေ ပြန်လုပ်ပေးထားတယ်" ဟု ပြောသည်။

လက်ရှိ ဆိပ်ကမ်းများမှ ကုန်သေတ္တာ ထုတ်ယူသည့် အချိန်ကို ည ၈ နာရီ နောက်ပိုင်းမှသာ ခွင့်ပြုထားသော်လည်း နေ့ပိုင်းအချိန်တွင် ဆိုက်ကပ်လာသည့် ပင်လယ်ကူး သင်္ဘောများပေါ်သို့ ကုန်တင်ပို့လိုပါက တင်ပို့လိုသည့် ကုန်ပစ္စည်းအမည်၊ တန်ချိန်နှင့် သယ်ဆောင်မည့် ကုန်သေတ္တာကား နံပါတ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ စာတင်ပေးပို့ကာ ဖြတ်သန်းတင်ပို့ခွင့် တောင်းဆိုနိုင်ကြောင်း သိရသည်။

သီးနှံအထွက်နှုန်းကောင်းစေရန် စပ်မျိုးများကိုပြောင်းလဲစိုက်ပျိုးသင့်

ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မေမိုးသဲ ....

မြန်မာနိုင်ငံသည် ဆီစားသုံးမှုအများဆုံးနိုင်ငံများထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ ထို့ကြောင့်မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံကဏ္ဍမှာ အရေးပါသောအရာတစ်ခုပင်ဖြစ်သည်။ ဆီထွက်သီးနှံအမျိုးအပြားရှိရာ ဟင်းသီးဟင်းရွက်ဆီများလည်း အပါအဝင်ဖြစ်သည်။ ယခုအခါ ဆီထွက်သီးနှံတစ်ခုဖြစ်သည့် ရေဆင်းစပ်မျိုး နေကြာမျိုးကိုထုတ်လုပ်၍ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီဌာန တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

"တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံက တောင်သူတွေနှစ်စဉ်နှစ်တိုင်း အဓိကမျိုးထုတ်ပေးတာကတော့ ရေဆင်းစပ်မျိုးပြောင်းနဲ့ ရေဆင်းစပ်မျိုးနေကြာပဲဖြစ်ပါတယ်။ နေကြာနဲ့ပတ်သက်လို့ ရေဆင်းစပ်မျိုးနေကြာတစ်မျိုးတည်းကို မျိုးထုတ်လုပ်ပေးပါတယ်။ အခုဆို နေပြည်တော်ထဲမှာလည်းဖြန့်ဖြူးနေပါပြီ။ အဓိကမှာယူတာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့ဖြစ်ပါတယ်။ စပ်မျိုးနေကြာမျိုးကို မိုးဦး၊ မိုးနှောင်းရာသီအတွက် ဧကနှစ်သောင်းကျော်စိုက်ပျိုးနိုင်တဲ့အထိ တောင်သူလက်ဝယ်အရောက်ဖြန့်ပေးနေပါတယ်။ ဌာနကစီမံချက်အနေနဲ့ နေကြာကိုစပ်မျိုး ဧက၅၀ နဲ့ ပြောင်းကို ၆၂ ဧကစိုက်ပျိုးလျက်ရှိပါတယ်။ စီမံချက်နဲ့သွားနေရတဲ့အတွက် နေကြာမျိုးကိုတောင်သူတွေ လိုသလောက် မထုတ်ပေးနိုင်သေးပါဘူး။ တစ်ဖက်ကလည်း ပြောင်းစိုက်ပျိုးချင်ကြတဲ့ တောင်သူတွေအတွက်ပါ မျိုးထုတ်ပေးဖို့လုပ်ရတဲ့အတွက် နေကြာတစ်မျိုးတည်းကို အဓိကထားလို့မရပါဘူး။ ဒီက ထုတ်နေတဲ့ စပ်မျိုးနေကြာကို တောင်သူတော်တော်များများက ကြိုက်လာတာကိုတွေ့ရတယ်။ အဲဒါကြောင့် ဝယ်လိုအားများပြီး ထုတ်လုပ်မှုနည်းနေတဲ့အတွက် အခုလက်ရှိ ထုတ်နေတာနဲ့တင် မလုံလောက်ပါဘူး။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတွေမှာဆို တောင်သူတွေ အခိုင်အမာလက်စွဲထားတာတော့ ရေဆင်းစပ်မျိုး နေကြာကိုပင်ဖြစ်ပါတယ်။ နေပြည်တော်တပ်ကုန်းမှာတော့ နေကြာစိုက်ဧက သိပ်မရှိဘူး။ မြန်မာနိုင်ငံ အောက်ပိုင်းတွေမှာသိပ်မစိုက်တာကတော့ မိုးများတဲ့အတွက် ကြောင့် ဖြစ်မယ်လို့ ထင်ပါတယ်။ နေကြာက ရေလုံလုံလောက်လောက်ရဖို့ လိုအပ်တယ်ဆိုပေမယ့် မိုးများတဲ့ဒဏ်ကို မခံနိုင်ဘူး။ ပြီးတော့ နေကြာကတစ်ဦးတည်း ကွင်းကွင်းကွက်ကွက် သွားစိုက်ရင် ကြက်တူရွေး မနိုင်ဘူး။ ကြက်တူရွေးစာဖြစ်သွားမယ်။ ဒါကြောင့် တောင်သူတွေ မစိုက်တာလို့ ထင်ပါတယ်"ဟု တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ လက်ထောက်ခြံတာဝန်ခံ ဦးအောင်ကိုကိုက ပြောသည်။

ရေဆင်းစပ်မျိုးနေကြာအထွက်နှုန်းကောင်းစေရန် စိုက်ပျိုးရေးနည်းစနစ်ကောင်းများမှာ စိုက်ချိန်မှန်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် မြေပြုပြင်ရမည်ဖြစ်ကြောင်း၊ အပင်ကိုတန်းကြား နှစ်ပေ၊ ပင်ကြားကိုးလက်မထား၍ တစ်ကျင်းလျှင် နှစ်စေ့နှုန်းစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ အစိုဓာတ်ထိန်းထားနိုင်ရန် ရေလုံလုံလောက်လောက်ရရှိရန်လိုအပ်ကြောင်း သိရသည်။

"ကျွန်တော်တို့ စပ်မျိုးနေကြာကို တောင်သူတွေဘာကြောင့် ကြိုက်နေရသလဲဆိုတော့ တခြားမျိုးတွေနဲ့ယှဉ်ရင် တစ်တင်းကိုဆီထွက်နှုန်းလေးပိဿာနဲ့ ငါးပိဿာကြား ထွက်ပါတယ်။ တစ်ဧကထွက်ရမယ့် တင်းအရေအတွက်က တင်း ၅၀ အထိထွက်ပါတယ်။ ခုခေတ်ပေါက်ဈေးနဲ့ဆိုရင် ကျွန်တော်တို့မျိုးကတစ်တင်းကိုငွေကျပ် ၁၂၀၀၀ ကျော်အထိဈေးကွက်ရှိပါတယ်။ ဆီဈေးနဲ့တွက်ရင်လည်း တောင်သူတွေလက်ခံနိုင်တဲ့နှုန်းကိုရှိပါတယ်။ အဲဒါကြောင့် မြန်မာပြည်အထက်ပိုင်းမှာ အစိုက်များတယ်လို့ ပြောလို့ရပါတယ်။ အောက်ပိုင်းမှာအစိုက်နည်းနေတာကတော့ ရာသီဥတုကြောင့်ပဲလို့ထင်ပါတယ်။ တောင်သူတွေ မျိုးထုတ်ချင်တယ်ဆိုရင် ကျွန်တော်တို့ဆီက မိဘလိုင်းတွေကို ဝယ်လို့ရပါတယ်။ တောင်သူတွေ စပ်မျိုးနေကြာကို ကိုယ့်ဘာသာထုတ်နိုင်ဖို့ သင်တန်းတွေပေးပါတယ်။ လိုအပ်တဲ့အခါ တောင်သူကွင်းထဲမှာ လက်တွေ့ဆင်းပြီး နည်းပညာတွေပို့ချပါတယ်။ ဒါပေမယ့် တောင်သူတွေ ကိုယ်တိုင်မျိုးထုတ်ဖို့ကျတော့ နည်းနည်းတော့ ခက်ခဲပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီဘက်က စပ်မျိုး နေကြာကိုမျိုးထုတ်ဖို့စိုက်ထားတယ်။ အထက်မှာလည်း တခြားနေကြာ စိုက်ထားတယ်ဆိုရင် မဖြစ်တော့ပါဘူး။ အဲဒီမှာ ဝတ်မှုန်ကူးတဲ့အခါ မျိုးတွေရောကုန်မယ်။ တစ်ခင်းနဲ့တစ်ခင်းမီတာ ၄၀၀ ဝန်းကျင်မှာ ခြင်ထောင်ဆန့်ခါ ဒါမှမဟုတ် မိုးကာတွေနဲ့ ကာထားမှရမယ်။ အဲဒီလိုလုပ်ရတာကို တောင်သူတွေအနေနဲ့ နားလည်ပေမယ့် ကိုယ်တိုင်ထုတ်ဖို့ အားနည်းနေကြတယ်။ ဒါကြောင့် ကျွန်တော်တို့ဆီက မျိုးအလုံအလောက် အတတ်နိုင်ဆုံးဖြန့်ဖြူးနိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

စပ်မျိုးနေကြာကို မိုးရာသီတွင် မေလမှ ဇွန်လအတွင်းစိုက်ပျိုးရမည်ဖြစ်ပြီး မိုးနှောင်းရာသီတွင် စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ရေဆင်းစပ်မျိုးနေကြာ သုံးပြည်ဝင်အိတ်တစ်အိတ်လျှင် တစ်ဧကစိုက်ပျိုးနိုင်ပြီး သုံးပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀ ရှိကြောင်း၊ စပ်မျိုးနေကြာကို နှစ်သီးစားမှ သုံးသီးစားအထိစိုက်ပျိုးနိုင်ကြောင်း၊ နေကြာစိုက်ပျိုးချိန်တွင် သွင်းအားစုအနေဖြင့် တစ်ဧကလျှင် ယူရီးယား ၁၁၂ပေါင်၊ တီစူပါ ၅၆ပေါင်၊ ပိုတက်ရှ် ၅၆ ပေါင်နှင့် နွားချေး သို့မဟုတ် သဘာဝမြေဩဇာ လှည်းစီးရေငါးစီးမှ ဆယ်စီးနှုန်းအထိ ထည့်သွင်းပေးရကြောင်း၊ အဖူးဝင်ချိန်တွင် ယူရီးယား ၅၆ ပေါင်နှုန်းထပ်မံထည့်ပေးရကြောင်း၊ အဆိုပါစပ်မျိုးနေကြာအပင် သက်တမ်းမှာ ရက်ပေါင်း ၈၀ မှ ၈၅ ရက်ရှိကြောင်း သိရသည်။

"တောင်သူတွေအတွက် မျိုးစေ့ဖိုးအနေနဲ့ကတော့ အရင်းအနှီးနည်းတယ်။ ဒါပေမယ့် သွင်းအားစုအနေနဲ့ကတော့ မြေပေါ်မှာမူတည်ပါတယ်။ တချို့က သီးနှံမစိုက်ခင် ၁၆ ပတ်လည်ကွန်ပေါင်းတစ်အိတ်။ နောက်ပြီးအပင်ပေါက်ပြီး ၁၅ ရက်သားလောက်မှာ ယူရီးယားတစ်အိတ်၊ ၄၅ ရက်သားမှာ ထယ်ပေါင်လိုက်ပြီး ယူရီးယား တစ်အိတ် ထည့်ပါတယ်။ ထယ်ပေါင်လိုက်ခြင်းအားဖြင့် အပင်ကအပွင့်ရဲ့ဝိတ်ကိုလည်း ခံနိုင်ရည်ရှိပါတယ်။ အရင်းအနှီးလည်းနည်းတဲ့အတွက် စပ်မျိုးနေကြာမျိုးကို တောင်သူတွေစိုက်သင့်တယ်လို့ အကြံပေးချင်ပါတယ်။ ရမည်းသင်းကတောင်သူတစ်ဦး ၂၀၁၁- ၂၀၁၂ ခုနှစ်လောက်ကရေဆင်းစပ်မျိုးနေကြာကို စိုက်တာတစ်ဧကကို တွက်ထားတဲ့နှုန်း တင်း ၅၀ ထက်ကျော်လို့ FAO မှာပထမဆုတောင်ရဖူးပါတယ်။ အခု လောလောဆယ်တော့ စစ်ကိုင်းတိုင်းထဲက ဘုတလင်၊ မုံရွာ၊ ပုလဲ၊ချောင်းဦးစတဲ့ နယ်ဘက်တွေမှာ ဧကငါးထောင်ကျော်လောက်အထိ ကျွန်တော်တို့ဆီကမှာယူစိုက်ပျိုးနေကြပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာလည်း ဧကငါးထောင်လောက်ရှိမယ်။ မကွေးတိုင်းဒေသကြီးမှာတော့ ဧကသုံးထောင်လောက်ပဲရှိပါတယ်။ ကျန်တာတော့ တပ်ကုန်းတို့၊ ပျဉ်းမနားတို့က လာဝယ်တာတွေရှိပါတယ်။ တစ်နှစ်ပတ်လုံးဆိုရင်တော့ ဧက ၁၇၀၀၀ ကျော်လောက်အထိ ဖြန့်နိုင်ပါတယ်။

တချို့တောင်သူများမှာ မိရိုးဖလာမျိုးများကိုသာ စိုက်ပျိုးနေမှုကိုတွေ့ရှိနေရကြောင်း၊ ရေဆင်းစပ်မျိုးနေကြာမျိုးကို နည်းစနစ်မှန်မှန်ဖြင့် စိုက်မည်ဆိုပါက တစ်ဧကလျှင် တင်း ၅၀ ခန့်ထွက်ရှိမည်ဖြစ်၍ တောင်သူများပြောင်းလဲစိုက်ပျိုးသင့်ကြောင်း ၊ မိရိုးဖလာမျိုးများမှာ ဆီကြိတ်ပါကတစ်တင်းလျှင် နှစ်ပိဿာမှ နှစ်ပိဿာခွဲခန့်အထိသာထွက်ရှိနိုင်ပြီး ရေဆင်းစပ်မျိုးနေကြာဆီထွက်နှုန်းမှာ လေးပိဿာမှ ငါးပိဿာအထိရှိ၍ စိုက်ပျိုးသင့်ကြောင်း၊ စပ်မျိုးနေကြာမှာရက်တိုသီးနှံဖြစ်သည့်အတွက် သီးညှပ်အဖြစ်စိုက်ပျိုးနိုင်၍ တောင်သူများအတွက် အဆင်ပြေကြောင်း၊ ထို့အပြင် ရောဂါဒဏ်လည်းခံနိုင်ပြီး ပိုးသတ်ဆေးဖျန်းပေးရန်မလိုအပ်သည့်အတွက် တောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်ကြောင်း သိရသည်။

"ဒီဘက်ခေတ်မှာ တောင်သူတွေအနေနဲ့ စပ်မျိုးတွေကို ပြောင်းစိုက်ဖို့အကြံပြုချင်ပါတယ်။ နေကြာရယ်လို့မဟုတ်ပါဘူး။ တခြားပဲအမျိုးမျိုး၊ စပါး၊ ပြောင်းစတဲ့သီးနှံတွေကိုလည်း စပ်မျိုးတွေကိုပြောင်းလဲစိုက်ပျိုးဖို့ ပြောချင်ပါတယ်။ နည်းစနစ်တွေပြောင်းသင့်ပြီ၊ မျိုးကောင်းမျိုးသန့်တွေ လဲလှယ်သင့်ပြီ၊ ထယ်ရေးကောင်းဖို့အတွက် တောင်သူတွေက ကျွန်တော်တို့ထက်သိပြီးသားပါ။ အဓိကကတော့ မျိုးကောင်းမျိုးသန့်နဲ့ မြေမှန်၊ မျိုးမှန်၊ ရေမှန်တွေလုပ်သင့်တယ်လို့ အကြံပြုချင်ပါတယ"ဟု၎င်းကပြောသည်။

ရေဆင်းစပ်မျိုးနေကြာမျိုးကို နည်းစနစ်မှန်မှန်ဖြင့် စိုက်မည်ဆိုပါက တစ်ဧကလျှင် တင်း ၅၀ ခန့်ထွက်ရှိမည်ဖြစ်၍ တောင်သူများ ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း ၊ မိရိုးဖလာမျိုးများမှာ ဆီကြိတ်ပါက တစ်တင်းလျှင် နှစ်ပိဿာမှ နှစ်ပိဿာခွဲ ခန့်အထိသာ ထွက်ရှိနိုင်ပြီး ရေဆင်းစပ်မျိုးနေကြာဆီထွက်နှုန်းမှာ လေးပိဿာမှ ငါးပိဿာအထိရှိ၍ စိုက်ပျိုးသင့်ကြောင်း၊ စပ်မျိုးနေကြာမှာ ရက်တိုသီးနှံဖြစ်သည့်အတွက် သီးညှပ်အဖြစ် စိုက်ပျိုးနိုင်၍ တောင်သူများအတွက်အဆင်ပြေ

လယ်ယာမြေများ မြေညှိပြုပြင်ခြင်းလုပ်ငန်းများကို သုံးနှစ် အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးမည်

ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ-ဇူလိုင်မိုး(မြန်မာ့အလင်း)

တောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေများ မြေညှိပြုပြင်ခြင်းလုပ်ငန်းများကို သုံးနှစ် အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

လယ်ယာမြေပြုပြင်လိုသည့် တောင်သူများအနေဖြင့် မိမိလယ်ယာမြေအနီးရှိ တောင်သူများနှင့် စုပေါင်းကာ ပြုပြင်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

"တချို့ လယ်တွေက ပုံစံမကျတော့ လယ်ထွန်စက်ဝင်မရတာတို့၊ ရေဆိုးထုတ်မရတာ၊ ရေသွင်း မရတာတွေရှိတယ်။ ဒါတွေကို မြေညှိ၊ ရေလမ်းကြောင်း၊ ထွန်စက်လမ်းကြောင်းတွေကို စနစ်တကျ လုပ်လိုက်မယ်ဆိုရင် အထွက်နှုန်းလည်းတိုးလာမယ်။ ဒါပေမယ့် လယ်တစ်ကွက်ချင်းစီတော့ လုပ်လို့မရဘူး။ တောင်သူတွေအနေနဲ့ ကိုယ့်အနီးအနားက တောင်သူတွေနဲ့ စုပေါင်းပြီး ဧက တစ်ရာ၊ နှစ်ရာ အဲ့လိုပေါင်းလုပ်မှ ရမယ်"ဟု ဦးရဲမင်းအောင်က ပြောသည်။

လယ်ယာမြေ ပြုပြင်လိုသည့် တောင်သူများအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကို ဆက်သွယ်ရမည်ဖြစ်ပြီး အသင်းချုပ်မှ လယ်ယာမြေပြုပြင်ခြင်းအတွက် ကုန်ကျစရိတ်များကို ပုဂ္ဂလိက ဘဏ်များနှင့် ချိတ်ဆက်ကာ သုံးနှစ်အတွင်း ခြောက်ကြိမ် အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြုပြင်မယ့် လယ်ယာမြေ အကျယ်အဝန်း၊ မြေအနေအထား၊ နေရာဒေသအပေါ်မူတည်ပြီး ပြုပြင် စရိတ်ကို သတ်မှတ်မှာပါ"ဟု ၎င်းကဆက်လက်ပြောပြသည်။

လယ်ယာမြေပြုပြင်လိုသည့် တောင်သူများအနေဖြင့် အမှတ် ၂၉၊ အခန်း(၉၀၁-၉၀၃) မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဖုန်း- ၀၁ ၂၁၈ ၂၆၆ ၆၈၊ ၀၉- ၂၃၀၁၁ ၂၈၂၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ရောဝတီမြစ်ဝကျွန်းပေါ်မှ စပါး(၁)စီမံကိန်းနှင့် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုရလဒ်များ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
သပြေထွန်း

စီမံကိန်းမှ တည်ဆောက်ခဲ့သည့် ကျိုက်လတ်မြို့နယ်အတွင်းရှိ ထန်းပင်ပျိုရေတံခါး (၈' × ၈' - ၂၁ ပေါက်)အား တွေ့မြင်ရစဉ်

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကာလက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အောက်မြန်မာပြည် စပါးသီးနှံစိုက်ပျိုးမှု အခြေအနေကို ပြန်လည်သုံးသပ်ကြည့်ရာတွင် ဒုတိယကမ္ဘာစစ်မတိုင်မီ ကာလက ၉ ဒသမ၉ သန်းအထိ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး ထိုမှ အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်မှု ကျဆင်းလာ၍ ၈ ဒသမ ၉ သန်းအထိ လျော့နည်းလာရာ မူလယင်းစားပြန်လည်ပြည့်မီရေးအတွက် စပါးစိုက်ပျိုးကေ တစ်သန်းခန့် ပြန်လည်ဖော်ထုတ်ပေးရန် လိုအပ်လာသဖြင့် အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းအား ယခုကဲ့သို့ မြစ်ဝကျွန်းပေါ်ဒေသတွင် ရွေးချယ်ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသသည် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်ရန် ရာသီဥတုကောင်းမွန်၍ မိုးရေလုံလောက်စွာရရှိခြင်း၊ ပိုလျှံသောရေများကို ထုတ်နုတ်ပစ်ရန် လွယ်ကူခြင်း၊ စပါးစိုက်ပျိုးရန် သင့်လျော်သည့် မြေအမျိုးအစားဖြစ်ခြင်း၊ မိုးခေါင်ရေရှား၍ ရေသွင်းစိုက်ပျိုးရန် တည်ဆောက်ပေးရသည့် ဆည်မြောင်းလုပ်ငန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်သက်သာခြင်းနှင့် စပါးပိုမိုထွက်ရှိရန် ကာလတိုအတွင်း စီမံကိန်းများ တည်ဆောက်ပေးနိုင်ခြင်း စသည့် အားသာချက်ရှိသော အခြေအနေများကြောင့် ထိုကဲ့သို့ဆောင်ရွက်ရန် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စပါး(၁)စီမံကိန်းကို ရောဝတီတိုင်းဒေသကြီး၏ အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများဖြစ်သည့် ဝါးခယ်မ၊ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာနှင့် ငပုတောမြို့နယ်များတွင် ယင်းစီမံကိန်းမစတင်မီကာလက စိုက်ပျိုးလျက်ရှိသည့် ကေ ၁၂၀၀၀၀ အား ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရန်နှင့် ရေနက်ကွင်းများမှ ပိုလျှံရေများကို အချိန်မီထုတ်နုတ်ပေးခြင်းအားဖြင့် မစိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်းကေ ၆၅၀၀၀ ကိုလည်း ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စပါး(၁)စီမံကိန်းတွင် (Appraisal) စိစစ်မှုအစီရင်ခံစာအရ ခန့်မှန်း ကုန်ကျငွေမှာ ကမ္ဘာ့ဘဏ်၏ International Development Association(IDA)နှင့် မြန်မာနိုင်ငံအစိုးရတို့၏ သဘောတူလက်မှတ်ရေးထိုးထားသော သဘောတူညီမှုစာတမ်းအရ ချေးငွေ ဒေါ်လာသန်း ၃၀ နှင့် အစိုးရမှ ထည့်ဝင်ငွေ ဒေါ်လာသန်းပေါင်း ၂၉ ဒသမ ၅၄ သန်းဖြစ်၍ စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၉ ဒသမ ၅၄ သန်း ဖြစ်သည်။ သဘောတူညီမှုစာတမ်း (Agreement)အရ ယင်းကာလက တရားဝင်ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၆ ဒသမ ၅၀ ကျပ်နှုန်း ဖြစ်သဖြင့် စုစုပေါင်း မြန်မာငွေအားဖြင့် ငွေကျပ် ၃၈၇ ဒသမ ၀၀ သန်း ဖြစ်ကြောင်း သိရသည်။ စီမံကိန်းကာလအနေဖြင့် စီမံကိန်းအပိုင်း(၁) (သို့မဟုတ်) စပါး(၁)ကို ၁၉၇၆-၁၉၇၇ ခုနှစ်မှ ၁၉၈၂-၁၉၈၃ ခုနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်ရန် သတ်မှတ်ခဲ့သော်လည်း တည်ဆောက်ရေးကာလကို နှစ်နှစ်ထပ်မံတိုးချဲ့ခဲ့ရာ ၁၉၈၈ ခုနှစ် ဇွန်လ ၃၀ ရက်အထိ တိုးမြှင့်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ယင်း စပါး(၁)စီမံကိန်းမှ ဒေသအလိုက် ဖော်ထုတ်ရန် လျာထားသည့် ပမာဏအနေဖြင့် ဖျာပုံမြို့နယ်တွင် ဇင်းဘောင်ကျွန်းပတ်တာ အလျား ၁၅ မိုင်၊ လက်ပန်ပင်ကျွန်းပတ်တာ အလျား ၂၀ မိုင်၊ ကြက်ဖမွေးဇောင်းကျွန်းပတ်တာ အလျား ၄၆ မိုင်၊ မြို့ကုန်းကျွန်းပတ်တာ အလျား ၁၇ မိုင်၊ ဒေါ်ငြိမ်း ကျွန်းပတ်တာ အလျား ၁၄ မိုင်၊ ဒေးဒလူကျွန်းပတ်တာ အလျား ၁၃ မိုင်နှင့် ဘန့်ဘွေးစုကျွန်းပတ်တာ အလျား ၂၆ မိုင် ကို လည်းကောင်း၊ ဘိုကလေးမြို့နယ်တွင် ဒေါင့်ကြီးကျွန်းပတ်တာ အလျား ၃၇ မိုင်၊ ဝါးခယ်မမြို့နယ်တွင် ရွှေလောင်းကျွန်းပတ်တာ အလျား ၅၇ မိုင်ကို လည်းကောင်း၊ ငပုတောမြို့နယ်တွင် အလယ်ကျွန်း(၁) အလျား ၁၄ မိုင်၊ အလယ်ကျွန်း(၂) အလျား ၂၄ မိုင်၊ အလယ်ကျွန်း(၃) အလျား ၁၈ မိုင် တို့ကို လည်းကောင်း၊ လပွတ္တာမြို့နယ်တွင် ဘီတွဒ်(၁) အလျား ၁၅ မိုင်၊ ဘီတွဒ်(၂) အလျား ၁၆ မိုင်၊ ဘီတွဒ်(၃) အလျား ၃၀ မိုင်နှင့် ဘီတွဒ်(၄) အလျား ၄၀ မိုင် တို့ကို လည်းကောင်း၊ ယင်းကျွန်းပတ်တာများနှင့် ဆက်စပ်လျက် ရေနုတ်မြောင်းအလျားစုစုပေါင်း ၄၁၅ မိုင်နှင့် ရေထိန်းရေထုတ်အဆောက်အအုံပေါင်း ၆၅ လုံးတို့ကို တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

အောက်မြန်မာပြည်စပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း အပိုင်း(၁) အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့်အခါ လက်ရှိစိုက်ပျိုးမြေနှင့် ထပ်မံပေါ်ထွက်လာသည့် (လုပ်မြေနှင့် မြေရိုင်းအပါအဝင်)ဧရိယာမှာ ဖျာပုံမြို့နယ်ရှိ ဇင်းဘောင်ကျွန်း ပတ်တာတွင် ၆၅၉၆ ကေ၊ လက်ပန်ပင်ကျွန်း ပတ်တာတွင် ၈၅၄၂ ကေ၊ ကြက်ဖမွေးဇောင်းကျွန်း ပတ်တာတွင် ၂၅၈၃၅ ကေ၊ မြို့ကုန်းကျွန်း ပတ်တာတွင် ၅၆၈၂ ကေ၊ ဒေါ်ငြိမ်းကျွန်း ပတ်တာတွင် ၂၉၅၆ ကေ၊ ဒေးဒလူကျွန်း ပတ်တာတွင် ၄၂၃၈ ကေနှင့် ဘန့်ဘွေးစုကျွန်း ပတ်တာတွင် ၁၃၅၇၈ ကေအားလည်းကောင်း၊ ဘိုကလေးမြို့နယ်ရှိ ကြက်ဖမွေးဇောင်းကျွန်း ပတ်တာတွင် ၅၂၃၇ ကေနှင့် ဒေါင့်ကြီးကျွန်း ပတ်တာတွင် ၂၄၆၀၃ ကေအားလည်းကောင်း၊ လပွတ္တာမြို့နယ်ရှိ ဘီတွဒ်ကျွန်းတွင် ၃၈၃၉၁ ကေအားလည်းကောင်း၊ ငပုတောမြို့နယ်ရှိ အလယ်ကျွန်းတွင် ၂၂၀၄၂ ကေနှင့် ဝါးခယ်မမြို့နယ်ရှိ ရွှေလောင်းကျွန်းတွင် ၄၁၄၅၈ ကေကို လည်းကောင်း ဖော်ထုတ်နိုင်ခဲ့ရာ စုစုပေါင်းဖော်ထုတ်ကေ ၆၄၆၉၄ ကေဖြစ်ပြီး လက်ရှိမြေ ၁၃၄၄၆၄ ကေအပါအဝင် ရေဘေးကာကွယ်မှုမှာ စုစုပေါင်းဧရိယာ ကေ ၁၉၉၁၅၈ ဖြစ်ကြောင်း သိရသည်။

၁၉၈၆ ခုနှစ် မေ ၃ ရက်တွင် ဝါးခယ်မမြို့ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသော စပါး(၁) ဧရိယာအတွင်းရှိ လယ်ယာမြေများကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒနှင့်အညီ ခွဲဝေချထားနိုင်ရန် အစည်းအဝေးတွင် ညှိနှိုင်းချက်အရပေါ်ထွက်လာသော မြေများခွဲဝေချထားမှုမှာ ဖျာပုံမြို့နယ်တွင် ၁၀ ကေကွက် ရိုက်ပြီးမြေ နိုင်ငံပိုင်ကေ ၆၀၀၀၊ သမဝါယမ ၁၁၇၆၅ ကေနှင့် ပုဂ္ဂလိက ကေ ၈၇၀၀၊ စုစုပေါင်း ၂၆၄၆၅ ကေကို လည်းကောင်း၊ ဘိုကလေးမြို့နယ်တွင် နိုင်ငံပိုင် ကေ ၉၀၀၀၊ သမဝါယမ ၁၅၀ ကေ၊ ပုဂ္ဂလိက ၂၁၆၈ ကေ စုစုပေါင်း ၁၁၃၁၈ ကေ၊ ၁၀ ကေကွက်ရိုက်ရန် ကျန်မြေ ၂၉၁၆ ကေ၊ လပွတ္တာမြို့နယ်တွင် ပုဂ္ဂလိက ၅၂၇၅ ကေကိုလည်းကောင်း၊ ငပုတောမြို့နယ်တွင် ပုဂ္ဂလိက ၉၄၈၆ ကေ၊ ဝါးခယ်မမြို့နယ်တွင် နိုင်ငံပိုင် ကေ ၄၇၀၀၊ သမဝါယမ ၂၉၄၀ ကေ၊ ပုဂ္ဂလိက ကေ ၄၅၁၀ စုစုပေါင်း ၁၂၁၅၀ ကေ ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖော်ပြပါ အောက်မြန်မာပြည်စပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေး စီမံကိန်း အပိုင်း (၁)ကို ဖျာပုံ၊ ဘိုကလေး၊ ဝါးခယ်မ၊ လပွတ္တာ၊ ငပုတောဒေသများတွင် လည်းကောင်း၊ အလားတူ အပိုင်း(၂)ကို မအူပင်(ကျိုက်လတ်)၊ ဘိုကလေး၊ လပွတ္တာ၊ သန်လျင်၊ သုံးခွ၊ ခရမ်းဒေသများတွင်လည်းကောင်း ဆောင်ရွက်ခဲ့မှုနှင့် ရရှိလာသည့် စီမံကိန်းအကျိုးအမြတ်များအား မျက်ဝါးထင်ထင် ရရှိခံစားကြရပြီးဖြစ်သည်။ မြစ်ဝကျွန်းပေါ်တွင်ဆောင်ရွက်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုအတွက် များစွာအရေးပါသည့် စီမံကိန်းများသည် အမှန်တကယ် ပြည်သူ့အကျိုးပြုလျက်ရှိပြီး အထူးသဖြင့် ဒေသနေလယ်သမားများ၏ လယ်ယာကဏ္ဍ အလုပ်အကိုင်အခွင့်လမ်းများလည်း ပိုမိုရရှိလာခဲ့ပြီးဖြစ်သော်လည်း အချိန်အားဖြင့် နှစ် ၃၀ ကျော် ကြာမြင့်လာပြီဖြစ်၍ လိုအပ်သည့်နေရာများတွင် တာသစ်တည်၊ မြောင်းသစ်ဖောက်ကာ လည်းကောင်း ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလည်းကောင်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဆိုပါက တိုင်းပြည်ရိက္ခာဖူလုံမှု ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မောင်တောခရိုင်အတွင်း ရေငန်ပုစွန်တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ

ရခိုင်ပြည်နယ် မောင်တောမြို့နယ်သည် မြန်မာနိုင်ငံအနောက်ဘက်အစွန်ဆုံးဖြစ်၍ ဘင်္ဂလားပင်လယ်အော်နှင့်ထိစပ်လျက်ရှိပြီး ရေငန်ပုစွန်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်သည့် မြို့နယ်တစ်ခုဖြစ်ကာ နှစ်စဉ်ရေထွက်ပစ္စည်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ သန်းမှ ၇ ဒသမ ၅ သန်းအထိ တင်ပို့လျက်ရှိကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းကပြောသည်။

မောင်တောမြို့နယ်အတွင်း ရေငန်ပုစွန်မွေးမြူသူ ၂၅၇၄ ဦးရှိပြီး ဧရိယာ ၁၅၃၁၁ ဒသမ ၄၆ အကျယ်အဝန်းရှိရာ နှစ်စဉ်ရေငန်ပုစွန်တန်ချိန် ၁၀၀၀ကျော် ထုတ်လုပ်နိုင်ကြောင်း သိရသည်။ မွေးမြူရေးစနစ်မှာ Trap and Hold ဟုခေါ်သည့် သမားရိုးကျ ကန်ကျယ်စနစ်ဖြစ်သည့်အတွက် တစ်ကေလျှင် ရေငန်ပုစွန်ကျား ၃၀ ကီလိုဂရမ်၊ ရေငန်ပုစွန်ဖြူ ၁၅ ကီလိုဂရမ်၊ ရေငန် ပုစွန်ဆိတ် ၂၀ ကီလိုဂရမ်၊ ရွံ့ကဏန်း ၂၀ ကီလိုဂရမ်နှင့် ငါးရိုင်းမျိုးစုံ ၂၀ ကီလိုဂရမ်ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။ မောင်တောမြို့နယ်အတွင်းမှ ထွက်ရှိသော ရေငန်ပုစွန်ကျားများကို တစ်ဖက်အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့လျက်ရှိရာ နှစ်စဉ်ရေထွက်ပစ္စည်းထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ သန်းမှ ၇ ဒသမ ၅ သန်းအထိ တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုအခါ ကမ္ဘာကြီးပူနွေးလာပြီး ရေခဲတောင်များ ပြိုကျပျက်စီး၍ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ပင်လယ်မြစ်ချောင်းကမ်းနားဌ ဆောင်ရွက်လျက်ရှိသည့် ရေငန်ပုစွန် မွေးမြူရေးကန်များမှာ မကြာခဏ ရေလွှမ်းမိုးခံရခြင်း၊ ရာသီဥတုဖောက်ပြန်၍ မုန်တိုင်းဝင်ရောက်ပါက ဒီရေများဝင်ရောက်ကာ တာရိုးများကျိုးပေါက်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရကြောင်း သိရသည်။ ထို့ကြောင့် တာပေါင်များ ထူထဲမြင့်မားအောင် တည်ဆောက်ရန် လိုအပ်လျက်ရှိသည့်အပြင် ပုစွန်မွေးမြူရေးကန် ကေ ၁၅၀၀၀ ကျော်တွင် မွေးမြူနိုင်ရေးအတွက်လိုအပ်သည့် မျိုးသားပေါက်ကောင်ရေ သန်း ၁၅၀ ကျော်ထုတ်လုပ်နိုင်ရေးအတွက် ရေငန်ပုစွန်သားပေါက်စခန်းများ လိုအပ်နေကြောင်း ဦးနိုင်ဝင်းသိန်းကပြောသည်။

“မောင်တောဒေသကို ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းနဲ့ စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ဖို့ အတွက် စက်ယန္တရားတွေနဲ့ ဆည်ဖို့ပေးတာတွေ၊ ငါးသားပေါက်ရရှိရေး၊ အခု အလယ်သံကျော် ရေငန်ပုစွန်သားဖောက်စခန်းကို အဆင့်မြှင့်ပြီး ကျောက်ပန္နူကျေးရွာနဲ့ အင်းဒင်ကျေးရွာအနီးမှာ နောက်ထပ် ပုစွန်သားဖောက်စခန်းနှစ်ခု တည်ဆောက်နိုင်ဖို့နဲ့ သရုပ်ပြမွေးမြူရေးကန်နှစ်ကန် တည်ဆောက်ပြသနိုင်ဖို့အတွက် ပြည်နယ်အစိုးရကို စီမံကန်းရေးဆွဲတင်ပြထားပါတယ်”ဟု ပုစွန်ကန်များတည်ဆောက်ပေးနိုင်ရေးနှင့် ပုစွန်သားပေါက်များမွေးမြူရေးနှင့် ပတ်သက်၍ ၎င်းက ပြောပြသည်။

အဆိုပါလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် စုစုပေါင်း ကျပ်သန်း ၁၂၆၀ ကျော် ရင်းနှီးမြှုပ်နှံနိုင်ရေးတင်ပြထားပြီး ဘဏ်ချေးငွေများနှင့် လုပ်ငန်းလည်ပတ်ရန် ခွင့်ပြုနိုင်ရေး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက တင်ပြဆောင်ရွက်ထားကြောင်း သိရသည်။

မှိုစိုက်ပျိုးသည့် နည်းစနစ်မှန်ကန်စွာအသုံးချနိုင်ရေး နည်းပညာပေးသင်တန်းများအခမဲ့ဖွင့်

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိန်း၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ

မှိုစိုက်ပျိုးနည်းပညာရပ်ကို စာတွေ့ပို့ချပေးစဉ်

မှိုစားသုံးမှုများပြားပြီး ဈေးကွက်ကျယ်ပြန့်လာသည့် မှိုစိုက်ပျိုးခြင်းကို ကျေးလက်ဒေသနှင့် မြို့/ရွာများတွင် အချိန်တိုအတွင်း အကျိုးအမြတ်ရရှိနိုင်သည့်အတွက် တစ်နိုင်တစ်ပိုင်ဖြင့်သော် လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးလာကြသည့်အလျောက် စိုက်ပျိုးသူ တောင်သူများ စိတ်ဝင်စားမှု များပြားလာကာ နည်းစနစ်မှန်ကန်စွာဖြင့် အောင်မြင်ဖြစ်ထွန်းသည့် မှိုများစိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ မှိုစိုက်ပျိုးနည်းပညာပြန့်ပွားရေးသင်တန်းများကို အခမဲ့ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ မှိုစိုက်ပျိုးနည်းပညာပြန့်ပွားရေးသင်တန်းကို ၁၉၉၀ ပြည့်နှစ်မှစတင်၍ ယခုအချိန်အထိ သင်တန်း ၂၁၄ ကြိမ် ပို့ချခဲ့ပြီး တက်ရောက်သည့် သင်တန်းသားမှာ ၇၈၀၆ ဦးရှိကြောင်း၊ အဆိုပါသင်တန်းများတွင် သင်တန်းကြေးအခမဲ့ဖြင့် သင်တန်းသား၏ နေထိုင်စားသောက်စရိတ်သာ ကုန်ကျမည်ဖြစ်ကြောင်း ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေထံမှ သိရသည်။

“ မှိုစိုက်ပျိုးတာက နေရာကျဉ်းကျဉ်းမှာ အချိန်တိုအတွင်း အကျိုးအမြတ်ရရှိတဲ့ စိုက်ပျိုးသီးနှံဖြစ်ပြီး ရင်းနှီးမှုအပေါ်မှာ အကျိုးအမြတ်ရရှိမှုက ရာခိုင်နှုန်းများပါတယ်။ နောက်ပြီး လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေတွေနဲ့ စက်ရုံတွေကထွက်တဲ့ ဘေးထွက်ပစ္စည်းတွေကို မှိုစိုက်ပျိုးတဲ့နေရာမှာ အကျိုးရှိရှိသုံးနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ထဲမှာပါဝင်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းလုပ်ငန်းစဉ်များကိုလည်း မှိုစိုက်ပျိုးခြင်းဖြင့် အထောက်အကူပြုစေပါတယ်။ ဒါ့အပြင် မသန်စွမ်းတဲ့သူတွေပါ စိုက်ပျိုးနိုင်တဲ့လုပ်ငန်းဖြစ်လို့ လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူဖြစ်စေပါတယ်။ ဒါကြောင့် အရပ်ဒေသတော်တော်များများမှာ မှိုစိုက်ပျိုးခြင်းကို လုပ်ဆောင်နေတာတွေ့ရပါတယ်။ ကျန်းမာရေးရှုထောင့်က ကြည့်ရင်လည်း ဓာတုဆေးဝါးနဲ့ ဓာတ်မြေသြဇာကင်းလွတ်တဲ့ ဟင်းသီးဟင်းရွက်အဖြစ် အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်တဲ့အတွက် အာဟာရဓာတ်မြင့်ပြီး မှိုအမျိုးအစားတော်တော်များများက ဆေးဖက်ဝင် အာနိသင်ရှိကြတဲ့အတွက် စားသုံးသူတွေအတွက်လည်း အကျိုးရှိစေပါတယ်” ဟု ၎င်းကဆက်လက်ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ကိုးမိုင်ခြံတွင် မှိုသင်တန်းကို နှစ်စဉ် တစ်နှစ်လျှင် လေးကြိမ်ဖွင့်လှစ်ပြီး ယခုနှစ်တွင် ပဲခူးမြို့ ဘက်စုံမွေးမြူရေးစခန်း ၁၀ မိုင် သင်တန်းကျောင်းတွင်လည်း မှိုသင်တန်းနှစ်ကြိမ် တိုးချဲ့ဖွင့်လှစ်ခဲ့ကာ နေပြည်တော် ကျေးလက်ဖွံ့ဖြိုးရေးမှိုသင်တန်းကိုလည်း ဇန်နဝါရီ ၃၀ ရက်မှစ၍ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ ကော်ဖီ-ရာသီသီးနှံ ဌာနခွဲအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် NGO အဖွဲ့အစည်းများ၏ ညှိနှိုင်းဖိတ်ခေါ်မှုအရ သင်တန်းများပို့ချခြင်း၊ သင်တန်းတက်ရောက်ပြီးသူများ၊ မှိုစိုက်ပျိုးဆဲတောင်သူများ လိုအပ်သည့် နည်းပညာ အကူအညီများကို ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သွားရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးချိုက ပြောသည်။

မှိုစိုက်ပျိုးနည်းကို လက်တွေ့သင်တန်းပေးစဉ်

> နိုင်ငံတော်ရဲ့ ရည်မှန်းချက်ထဲမှာပါဝင်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းလုပ်ငန်းစဉ်များကိုလည်း မှိုစိုက်ပျိုးခြင်းဖြင့် အထောက်အကူပြုစေပါတယ်။ ဒါ့အပြင် မသန်စွမ်းတဲ့သူတွေပါ စိုက်ပျိုးနိုင်တဲ့လုပ်ငန်းဖြစ်လို့ လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူဖြစ်စေပါတယ်

“ ကျွန်မတို့ဌာနအနေနဲ့ အဓိက ပြည်သူတွေကို ပညာပေးချင်တဲ့အတွက် မှိုမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရေးကို စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါတယ်။ သင်တန်းသားတွေအတွက် နေထိုင်စားသောက်ရေးပါ စီစဉ်ပေးပါတယ်။ သင်တန်းကြေးကတော့ အခမဲ့ပါ။ စာသင် တာကို ငွေကြေးမယူပါဘူး။ စားသောက်နေထိုင်စရိတ်ကိုတော့ ကိုယ့်ဖာသာကျခံရတာဖြစ်ပါတယ်။ နောက်ပြီး မှိုစိုက်ပျိုးနည်းပညာတွေကို စိုက်ပျိုးတဲ့တောင်သူတွေ သိရှိဖို့လည်း ဌာနပိုင်မှိုခြံတွေနဲ့ ပတ်ဝန်းကျင်ဒေသတွေမှာ ကွင်းသရုပ်ပြပွဲတွေလည်း ပြုလုပ်ပေးလျက်ရှိပါတယ်” ဟု ၎င်းက ဆက်ပြောသည်။

ကော်ဖီ- ရာသီသီးနှံဌာနခွဲအနေဖြင့် ၁၉၉၅ ခုနှစ်တွင် ရှီတာကီမှိုကို ပြင်ဦးလွင်မြို့ ဒိုးကွင်းမှိုခြံတွင် အောင်မြင်စွာ စမ်းသပ်စိုက်ပျိုးနိုင်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ဆေးဖက်ဝင်မှိုများဖြစ်သည့် လင်ဇီမှိုနှင့် မျောက်ခေါင်းမှိုတို့ကို အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ရွှေအပ်မှို (ပဲပင်ပေါက်မှို)နှင့် ကြယ်သီးမှိုများကို စတင်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများကို ဇီဝနည်းသုံးစွဲပြီး ပိုးသတ်ဆေးကိုလျှော့ချရန် အပင်ဆေးခန်းဖွင့်လှစ်၍ အသိပညာပေး

စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘက်စုံသီးနှံ ကာကွယ်ရေးဌာနစုမှ တာဝန်ယူဆောင်ရွက်လျက်ရှိသောCABI Centre of Agruculture, Biosciene, International Plant Wise Project မှ ပိုးမွှားရောဂါကျရောက်မှုလက္ခဏာနှင့် ကာကွယ်ကုသနည်း တောင်သူများထံသို့ ကွင်းဆင်း၍ တောင်သူများ၏ အခက်အခဲများကို လေ့လာဆန်းစစ်ခြင်း၊ Data အချက်အလက်များကို စီမံခန့်ခွဲခြင်း၊ စီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသူများကို အကဲဖြတ်ခြင်း၊ မြေဆီသြဇာများ စနစ်တကျသုံးစွဲခြင်း၊ အပင်ဆေးခန်းများနှင့် အပင်ဆရာဝန်များကို အကဲဖြတ်ခြင်း စသည့်သင်တန်းများကို သီးနှံကာကွယ်ရေးဝန်ထမ်းများအား တက်ရောက်စေပြီး အပင်ဆေးခန်းတွင် အပင်ကျန်းမာရေးကုသဆရာဝန်များအဖြစ် တာဝန်ပေးအပ်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတို့တွင် သီးနှံကာကွယ်ရေးဌာနခွဲဝန်ထမ်းများဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အပင်ဆေးခန်းရှိ အပင်ကျန်းမာရေးကုသဆရာဝန်များက တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)ကို ပြောကြားခြင်းဖြင့် အသိပညာတိုးတက်စေခြင်း၊ တိုးတက်လာသော အသိပညာနှင့်အတူ ဘက်စုံသီးနှံကာကွယ်နှိမ်နင်း နည်းစနစ်များဖြင့် ပိုးမွှားရောဂါများကို ဖြေရှင်းနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေးကို မှန်ကန်စွာသုံးစွဲတတ်ပြီးနောက် နည်းပါးအောင်လျှော့ချစေခြင်း၊ မိမိစိုက်ပျိုးထုတ်လုပ်သည့် သီးနှံပင်တို့တွင် ပါဝင်သည့်အာဟာရဓာတ်များကို သိရှိစေပြီး ပိုမိုထုတ်လုပ်စေခြင်း စသည်တို့ကို ပညာပေးဟောပြောလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလတတိယပတ်က ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာရှိ စိုက်ပျိုးရေးပညာပေးစင်တာ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဘက်စုံသီးနှံကာကွယ်ရေးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျင်ကျင်ဝင်းက ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ကျရောက်တတ်သည့် မြေဆောင်ရောဂါများကိုကာကွယ်ရန် အကျိုးပြုမှိုဖြစ်သည့် ထရိုင်ကိုဒါးမားကိုအသုံးပြုနိုင်ခြင်း၊ လိပ်ပြာမျိုးရင်းဝင်ဖျက်ပိုးများကို ကာကွယ်ရန်အတွက် ဥကပ်ပါးနဂျီကို အသုံးပြုနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများကို စိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်းဖြင့် ကာကွယ်ခြင်း၊ လက်လုပ်နည်းများဖြင့် ကာကွယ်ခြင်း၊ ပိုးဖမ်းထောင်ချောက်များကို အသုံးပြု၍ ကာကွယ်နိုင်ခြင်း စသည့် ဘက်စုံသီးနှံကာကွယ်ရေးကို အခြေခံသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စသည့်နည်းလမ်းများကိုပညာပေးပြောကြားပြီး နေပြည်တော် သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြမြလွင်က ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေး၊ စနစ်တကျ ရွေးချယ်ဝယ်ယူခြင်း၊ ဆေးဖျန်းပုံးများကို စနစ်တကျကိုင်တွယ် သုံးစွဲနည်းများနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

နွေရာသီသို့ရောက်ရှိလာတော့မည်ဖြစ်၍ မီးသတ်ဆေးဘူးများ ဆောင်ထားသင့်

ရန်ကုန် ဇန်နဝါရီ ၂၉
မကြာမီ ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ ရောက်ရှိလာတော့မည်ဖြစ်၍ မီးဘေးကြိုတင်ကာကွယ်မှု တစ်ရပ်အနေဖြင့် အိမ်တိုင်း မီးသတ်ဆေးဘူးများ ဆောင်ထားသင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မီးသတ်ဆေးဘူးဆောင်ထားခြင်းဟာ မီးဘေးကြိုတင်ကာကွယ်မှု တစ်ရပ်ဖြစ်ပါတယ်။ နွေရာသီမရောက်မီ မီးသတ်ဆေးဘူးများကို စစ်ဆေးခြင်း၊ ပြန်လည် ကာဗွန်ဖြည့်တင်းခြင်းနှင့် လိုအပ်ပါက အသစ်အရန်သင့် ချိတ်ဆွဲထားခြင်းတွေကို လုပ်ဆောင်ထားသင့်ပါတယ်။ မီးသတ်ဆေးဘူးရဲ့တန်ဖိုးဟာ မများပေမယ့် မီးလောင်လို့ မီးသတ်ဆေးဘူးမသုံးနိုင်ဘူးဆိုရင် မီးလောင်ဆုံးရှုံးမှုက များပြားသွားနိုင်ပါတယ်။ ဒါကြောင့် မီးသတ်ဆေးဘူးတွေကို အသင့်ဆောင်ထားကြဖို့ လိုပါတယ်"ဟု မီးသတ်တာဝန်ရှိသူက ပြောသည်။

မီးသတ်ဆေးဘူးများကို အဓိကအားဖြင့် စက်ရုံ၊ အလုပ်ရုံများ၊ သိုလှောင်ရုံများ၊ ရှော့ပင်းစင်တာများ၊ ဟိုတယ်များ၊ စက်မှုဇုန်များသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ မီးသတ်ဆေးဘူးတိုင်း သုံးနှစ် အာမခံပေးထားကြောင်း၊ မီးသတ်ဆေးဘူး တစ်ဘူးကို အသုံးမပြုဘဲ ထားပါက ၇/၈ နှစ်အထိ ထားနိုင်ကြောင်း၊ သို့သော် နွေရာသီကာလ မတိုင်မီ ချိတ်ဆွဲထားသော မီးသတ်ဆေးဘူးများကို စစ်ဆေးသင့်ကြောင်း၊ မီးသတ်ဆေးဘူးတစ်ဘူးကို လေပေါင်မကျမချင်း အသုံးပြုနိုင်ကြောင်း၊ အသုံးပြုပြီးပါကလည်း ပြန်လည်အသုံးပြုနိုင်ရန် ကာဗွန်ပြန်လည်ဖြည့်ထားသင့်ကြောင်း တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတကာ နည်းပညာပြပွဲတွင် ပြသထားသော Smile မီးသတ်ဆေးဘူးပညာရှင် ကိုဖြိုးအာကာကျော်က ရှင်းပြသည်။

မကြာမီ နွေရာသီကာလသို့ရောက်ရှိလာတော့မည်ဖြစ်၍ မီးသတ်ဆေးဘူးများ အသင့်ဆောင်ထားခြင်း၊ ပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်းတို့ကို စက်ရုံ၊ အလုပ်ရုံများ အပြင်အိမ်တိုင်းဆောင်ရွက်သင့်ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်အသိပညာပေး

ရန်ကုန် ဇန်နဝါရီ ၂၉
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသ အသိပညာပေးမှုများကို ဆောင်ရွက်လျက်ရှိရာ လှိုင်သာယာမြို့နယ်ရှိ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများ၌ ဇန်နဝါရီ ၂၇ ရက်က သွားရောက်ပြသခဲ့ကြောင်း သိရသည်။

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြသရာတွင် မှုခင်းအသိပညာပေးယာဉ်ပေါ်၌ ပြသသလို ကျောင်းခန်းမအတွင်း၌လည်း မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း၊ နိုင်ငံခြား ခရီးသွားများအား ကူညီစောင့်ရှောက်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားတတ်ပုံများကို အသိပညာပေးဟောပြောခဲ့ရာ ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော်အား ပညာပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အတူ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ကျောင်းသား ကျောင်းသူ ၃၅၀ ခန့်အား မှုခင်းသတိပြုဖွယ်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို ဟောပြော အသိပညာပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသ အသိပညာပေးမှုကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ မြို့နယ်ပေါင်း ၄၄ မြို့နယ်မှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ဆယ်ကျော်သက်လူငယ်များဖွံ့ဖြိုးရေး ပညာပေးမှုများဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၉
မူးယစ်ဗဟို၊ ယူနီဆက်ဖ်၊ AHEAD နှင့် ဆယ် ကျော်သက်လူငယ်ကွန်ရက်တို့ ပူးပေါင်းဆောင်ရွက်သည့် ဆယ်ကျော်သက် လူငယ်များ ဖွံ့ဖြိုးရေးအတွက် အရက်၊ မူးယစ်ဆေး ပညာပေးရက်သတ္တပတ် ဆောင်ရွက်မှုအဖြစ် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ကျောင်း ၁၀ ကျောင်း၌ ပညာပေးမှုများကို ဇန်နဝါရီ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တက္ကသိုလ်ကျောင်းများမှ ပရဟိတ ဆောင်ရွက်လိုသည့် ကျောင်းသား ကျောင်းသူများကို မူးယစ်ဗဟိုက စုစည်းပေးပြီး ယူနီဆက်ဖ်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပညာပေးမှုများ ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူများကို တစ်ဖွဲ့လျှင် ၁၁ ဦးပါ အဖွဲ့ငါးဖွဲ့ခွဲပြီး အစမ်းကာလအဖြစ် အင်းစိန်မြို့နယ်အတွင်းရှိ အထကကျောင်း ငါးကျောင်းနှင့် အလကကျောင်း ငါးကျောင်းသို့ သွားရောက်စေ၍ စာသင်ခန်းတစ်ခန်းလျှင် နှစ်ဦးနှုန်းဖြင့် ဝင်ရောက်ပြီး အခြေခံပညာ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်စေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲများ အောင်မြင်လျှင် အခြားမြို့နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးသန့်(အင်းစိန်)

ကွန်ကရစ်လမ်းခင်းပြီး၍ ပြည်သူများသွားလာရေး အဆင်ပြေ

စစ်ကိုင်း ဇန်နဝါရီ ၂၉
စစ်ကိုင်းမြို့ပန်းဘဲတန်းရပ်ကွက် အုတ်စက်လမ်းကို မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်များက ဦးဆောင်ပြီး ရပ်ကွက်လူထု၏ ထည့်ဝင်ငွေများဖြင့် အဆင့်မြှင့်တင်နိုင်ခဲ့၍ ပြည်သူများသွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ကွန်ကရစ်လမ်းသည် အကျယ် ၁၅ ပေရှိပြီး အရှည်ပေ ၂၂၀၀ အထိ ခင်းပြီးဖြစ်ကြောင်း၊ ကျပ် ၁၄၉ သိန်းကုန်ကျခဲ့ကြောင်း၊ ရပ်ကွက်နေပြည်သူများက လုပ်အားဒါနပြုခဲ့သည်အတွက် အမြန်ဆုံးခင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းဘေးဝဲယာများရှိ သစ်သားလမ်းမီးတိုင်များကိုလည်း လျှပ်စစ်ဌာနက ကွန်ကရစ်တိုင်များဖြင့် အစားထိုးပေးကာ မီးသီးကြီးများတပ်ဆင်ပေး၍ ပြည်သူများ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ (ဝ၆၆)

မှုခင်းသတင်းတိုများ

လမ်းဘေးရေမြောင်းထဲ ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့ မြို့သစ်-မယ်ဆွမ် ကားလမ်းဘေး ဆည်ရေမြောင်းထဲသို့ ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီခန့်က ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်သွားခဲ့ပြီး ယာဉ်အတွင်းပိတ်မိနေသော ယာဉ်မောင်းအား မီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့က ကယ်ထုတ်ခဲ့ရကြောင်း မိုင်းဆတ်မြို့မရဲစခန်းမှ သိရသည်။

ရေမြောင်းအတွင်း မော်တော်ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်နေကြောင်းသတင်းအရ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ရွှေနှင့် တာဝန်ရှိသူများက သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ယာဉ်မောင်းသူမှာ ယာဉ်အတွင်းပိတ်မိနေ၍ ကယ်ဆယ်ရန် မိုင်းဆတ်မြို့နယ် မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားခဲ့ရပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကိုကို ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက လာရောက်ကယ်ထုတ်ပေးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်မောင်းသူမှာ တောင်ကြီးမြို့နေ ရန်နိုင်ဦး(၂၅ နှစ်)ဖြစ်ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် (စိုးရိမ်ရ) ဒဏ်ရာများ ရရှိသဖြင့် မိုင်းဆတ်ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ရန်နိုင်ဦးအား မိုင်းဆတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ဆိုင်ကယ်နှင့် နွားလှည်းတိုက်ပြီး လူနှစ်ယောက်နှင့် နွားတစ်ကောင်သေဆုံး

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အညာတန်းကျေးရွာအုပ်စု ကျောက်တိုင်ကျေးရွာအနီး ရန်ကုန်-ပြည် ကားလမ်းပေါ်၌ ဆိုင်ကယ်နှင့် နွားလှည်း တိုက်မိရာမှ လူနှစ်ယောက်နှင့် နွားတစ်ကောင်သေဆုံးမှု ဇန်နဝါရီ ၂၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ လှည်းလမ်းကူးကျေးရွာနေ ရှိုင်းလင်းထက်(၂၂ နှစ်) မောင်းနှင်ပြီး သက်ဦးကို (၂၂ နှစ်) နောက်မှ လိုက်ပါလာသော ဆိုင်ကယ်သည် ရန်ကုန်-ပြည် လမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် လမ်းကိုဖြတ်ကူးသည့် မျိုးမြင့်(၄၁ နှစ်)မောင်းနှင်လာသော နွားလှည်းကို ဝင်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူ ရှိုင်းလင်းထက်မှာ နေရာတွင်သေဆုံးခဲ့ပြီး ဆိုင်ကယ်အတိုက်ခံရသော နွားမှာလည်း နေရာတွင်သေဆုံးခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်နောက်မှလိုက်ပါလာသူ သက်ဦးကိုမှာ ပြင်းထန်ဒဏ်ရာများရရှိ၍ မင်းလှပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းသူ ရှိုင်းလင်းထက်နှင့် နွားလှည်းမောင်းသူ မျိုးမြင့်တို့အား မင်းလှမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

တရားမဝင်သယ်လာသော ပိတောက်တုံးများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့ပုသိမ်-မုံရွာ ကားလမ်းပေါ်ရှိ မောင်းတံဂိတ်၌ ပိတောက်စကွဲယားတုံးများ တရားမဝင်တင်ဆောင်မောင်းနှင်လာသော ယာဉ်တစ်စီးကို ဇန်နဝါရီ ၂၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်း၊ ဒုဦးစီးမှူး ဦးစန်းထွန်းလင်း၊ မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ဇော်လတ်နှင့် တပ်ဖွဲ့ဝင်များ၊ ဆားလင်းကြီးမြို့ သစ်တောဦးစီးဌာနမှ တောအုပ် ဦးဝင်းအောင်နှင့် သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါမောင်းတံဂိတ်၌ ပိတ်ဆို့ရှာဖွေစဉ် ယာဉ်မောင်း ဦးတင်မောင်ဝင်း မောင်းနှင်ပြီး ယာဉ်နောက်လိုက် မြင့်မြတ်တို့ လိုက်ပါလာသည့် ဒိုင်နာယာဉ်ပေါ်မှ စပါးခွံအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ပိတောက်သစ်စကွဲယားတုံး ၄၂ တုံး(အလေးချိန် ၅ တန်ကျော်)ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ဆားလင်းကြီးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
ဦးငယ်(ဆားလင်းကြီး)

စိုက်ပျိုးရေးသုံးဆေးကို အရက်မူးပြီး မှားသောက်မိ၍ သေဆုံး

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၌ အရက်မူးပြီး စိုက်ပျိုးရေးသုံး ပေါင်းမြက်သတ်ဆေးကို အရက်ဟုထင်၍ သောက်မိသဖြင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း ဘားအံမြို့မရဲစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ ကြာအင်းဆိပ်ကြီးမြို့နေ ဦးနေမျိုးဆက်သည် ဇန်နဝါရီ ၁၄ ရက် ညပိုင်းက အရက်မူးပြီး နေအိမ်သို့ ပြန်လာပြီးနောက် စိုက်ပျိုးရေးလုပ်ငန်းသုံး မြက်သတ်ဆေးရည်များထည့်ထားသောခွက်ကို အရက်ဟုထင်ကာ မှားယွင်း သောက်မိခဲ့သဖြင့် မိသားစုဝင်များက ပတ်ဝန်းကျင်ကို အကူအညီတောင်းခံကာ ကြာအင်းဆိပ်ကြီး ဆေးရုံသို့ ပို့အပ်ခဲ့ကြောင်း၊ ကြာအင်းဆိပ်ကြီးဆေးရုံမှ ဇန်နဝါရီ ၂၂ ရက်တွင် ပွင့်ထွန်းဆေးခန်းသို့ ပြောင်းရွှေ့ကုသခဲ့ပြီး ၂၃ ရက်တွင် ဘားအံဆေးရုံကြီးသို့ ထပ်မံပြောင်းရွှေ့ကုသနေစဉ် ဇန်နဝါရီ ၂၅ ရက်တွင် ဘားအံဆေးရုံကြီး၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘားအံမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)

တံတားအုတ်ပေါင်ကိုဝင်တိုက်၍ မှန်လုံယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံ ကားလမ်းပေါ်၌ ဇန်နဝါရီ ၂၆ ရက်က တံတားအုတ်ပေါင်လက်ရမ်းကို မှန်လုံယာဉ်တစ်စီးက ဝင်တိုက်မိကာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဘားအံ-သထုံ ကားလမ်းအတိုင်း သထုံဘက်မှ ဘားအံဘက်သို့ ယာဉ်မောင်း အောင်မင်းကို(၂၁ နှစ်) မောင်းနှင်သည့် ဟွန်ဒိုင်း ခဲရောင်မှန်လုံယာဉ်ငယ်သည် အရှိန်မထိန်းနိုင်ဘဲ တံတားအုတ်ပေါင်လက်ရမ်းကို ဝင်ရောက်တိုက်မိခဲ့ပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုကြောင့် လူထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်မင်းကိုအား ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြိုင်ကလေးရဲကင်းစခန်းမှ သိရသည်။
မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)

သတင်းတိုများ

ကျောက်တံခါး၌ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေး

ပြည်သူများ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဇန်နဝါရီ ၂၀ ရက်မှစ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းကာ အိမ်တိုင်ရာရောက် အခမဲ့လိုက်လံတိုက်ကျွေးခဲ့ကြောင်းသိရသည်။

ထိုသို့တိုက်ကျွေးရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်ပြီး မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် အသင်းအဖွဲ့ဝင်များပူးပေါင်း၍ အိမ်တိုင်ရာရောက်သွားရောက်ကာ ညစဉ်ညတိုင်း ကာကွယ်ဆေးများ လိုက်လံတိုက်ကျွေးကြပြီး ဆေးသောက်ခြင်းကြောင့်ရရှိမည့် အကျိုးကျေးဇူးများနှင့် ဆေးနှင့်မတည့်သောရောဂါများအကြောင်းကိုလည်း ရှင်းလင်းပြောကြားခဲ့ကြကြောင်းသိရသည်။

ခင်ကို(ကျောက်တံခါး)

ကလေးများပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကလေးငယ်များ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့ပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးခက်က မိမိတို့ပြန်/ဆက်ရုံးတွင် Community Center ခန်းမဖွင့်လှစ်ပေးထားခြင်း၏ ရည်ရွယ်ချက်များနှင့် ခန်းမကို အသုံးပြု၍ သင်တန်းများ၊ အစည်းအဝေးများ၊ ပြိုင်ပွဲများ၊ တွေ့ဆုံပွဲများ၊ ဆွေးနွေးပွဲများကို လာရောက် ပြုလုပ်နိုင်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဆက်လက်ကျင်းပပေးခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **မော်လိုက်သားလေး**

ပြည်ထောင်စုနေ့အကြိုအထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပ

ကယားပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးပြီး နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထိန်းသိမ်းစို့လေ ပြည်ထောင်စုအမွေ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအတွက် ပန်းချီပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်က လွိုင်ကော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့ရာ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အထူးဆုရရှိသူများအား ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ကာတွန်းမျိုးကြီးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုစိုင်း (လွိုင်ကော်)

ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးသီးအခွံတစ်လုံး တွေ့ရှိ

ဖြူး ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့အရှေ့ဘက် ဝဲကြီးကျေးရွာအုပ်စု ဖြူးချောင်းအတွင်း၌ သဲမှုတ်စက်ဖြင့် ကုန်းပေါ်သို့ သဲများမှုတ်တင်နေစဉ် သဲများအတွင်းမှ စစ်လက်ကျန်ဗုံးသီးခွံတစ်လုံးကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဗုံးသီးခွံတွေ့ရှိရာသို့ ဖြူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဗုံးသီးပေါ်တွင် CISMK 3 MOR 10 LBII PIT 442/445 ဟု ရေးထားပြီး ဗုံးသီးမှာ လုံးပတ် ရှစ်လက်မခန့်၊ အရှည် ၁၃ ဒသမ ၆ လက်မခန့်ရှိသည်ကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါဗုံးသီးခွံကို နယ်မြေခံခြေမြန်တပ်ရင်းသို့ အပ်နှံရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူးမြင့်ဦး

လက်ပံတန်းမြို့မဈေးကြီး စည်းကမ်းတကျရှိစေရေးဆောင်ရွက်

လက်ပံတန်း ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်စိုးနှင့် ကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ ရက်က မြို့မဈေးကြီးအတွင်း အခွန်ထမ်းဆိုင်များ ကျူးကျော်ရောင်းချနေမှု၊ ဈေးကြီးပြင်ပမျက်နှာစာတွင် ကျူးကျော်ရောင်းချနေမှုများ၊ မြင်းလှည်း၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များ ကြုံသလိုရပ်ထားမှုများကို ကြည့်ရှုကာ စည်းကမ်းတကျဖြစ်စေရေးအတွက် ယာဉ်ရပ်နားနေရာများ သတ်မှတ်ပေးခဲ့ကြသည်။

ထို့အပြင် မြို့မဈေးကြီးအတွင်းရှိ မိလ္လာကန်များပြုပြင်လဲလှယ်ခြင်း၊ ပုံကျဈေးသည်များကို နေရာသတ်မှတ်၍ ကွန်ကရစ်ခင်းပေးခြင်း၊ အမိုးများဆောက်လုပ်ခြင်းတို့ကို လက်ထောက်အင်ဂျင်နီယာ ဦးမြင့်စန်းဦးက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်ဆင့်**

ရှင်ပင်သာဒွန်းဦးဘုရား ဗုဒ္ဓပူဇနိယပူဇော်ပွဲ စည်ကားစွာကျင်းပမည်

နွားထိုးကြီး ဇန်နဝါရီ ၂၉

နွားထိုးကြီးမြို့၏ ကျက်သရေဆောင် ရှင်ပင်သာဒွန်းဦးဘုရားကြီး၏ (၅၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁ ရက်မှ ၁၅ ရက်ထိ ၁၅ ရက်တိုင်တိုင် နှစ်စဉ်ကျင်းပမြဲအတိုင်း စည်ကားစွာကျင်းပမည်ဟု သိရသည်။

ဘုရားပွဲ၌ အဘိဓမ္မာ၊ ဓမ္မစကြာတရားတော်ကို ဝတ်ရွတ်အသင်းများက သုံး ရက်တိုင် ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်များက ကိုးရက်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ပင့်သံဃာတော် ၃၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်းများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲများအနေဖြင့် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ပြီး နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံ၊ ဝမ်းတွင်း၊ ပခုက္ကူ မြို့နယ်များမှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ခြင်းအလှခတ်ပွဲတွင် ရွှေခြံညီနောင်၊ ခိုင်ဇော်မင်း၊ ကျောက်ဆည်မင်းမင်းအဖွဲ့များက ခြင်းလုံးအလှခတ်မည်ဖြစ်သည်။ ထို့အတူ ပိုက်ကျော်ခြင်း၊ ဘောလီဘောနှင့် ဘောလုံးပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ပြီး အပျော်တမ်းပြိုင်ပွဲများအဖြစ် ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ လူနှင့် နွားဒုန်းမောင်းပြိုင်ပွဲ၊ နွားကျောစီးပြိုင်ပွဲ၊ နွားလှည်း ဒုန်းမောင်းပြိုင်ပွဲ၊ နွားထီး နွားမ အလှပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ဖျော်ဖြေရေးအနေဖြင့်လည်း ဇာတ်သဘင်ပွဲများ၏ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ရှင်ပင်သာဒွန်းဦးဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို အရက်နှင့် လောင်းကစား ကင်းစင်သောဘုရားပွဲအဖြစ် နှစ်စဉ် ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း ထိုအစဉ်အလာကို ဆက်လက်ထိန်းသိမ်း၍ အရက်ရောင်းချခြင်းနှင့် လောင်းကစားဝိုင်းများကို တားမြစ်ပိတ်ပင်ထားကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

မော်တော်ယာဉ် ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန် ပညာပေးလုပ်ငန်းများဆောင်ရွက်

စစ်တွေ ဇန်နဝါရီ ၂၉

ရခိုင်ပြည်နယ် စစ်တွေမြို့၌ မော်တော်ယာဉ် မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းကြရေးအတွက် အသိပညာပေးလုပ်ငန်းများကို စစ်တွေမြို့ အမှတ်(၅)ယာဉ်ထိန်းရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်း ရေးစီမံချက်(၂၀၁၄-၂၀၂၀)ကို အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မော်တော်ယာဉ် မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းနိုင်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိရာတွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့က အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ အသိပညာပေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်ရန် သတ်မှတ်ထားခဲ့သော်လည်း ဒေသအနေအထားအရ ဇန်နဝါရီ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသိပညာပေးလုပ်ငန်းများ ပြီးဆုံးပါက ဥပဒေအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အမှတ်(၅)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးဉာဏ်လင်းကပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများနှင့် စည်းကမ်းမဲ့ မောင်းနှင်သူများအား အရေးယူအပြစ်ပေးခြင်းများ ဆောင်ရွက်နေသော်လည်း ပြည်သူများအနေဖြင့် စည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်းနှင့် ယာဉ်မတော်တဆမှုများမှာလည်း သိသိသာသာ လျော့နည်းကျဆင်းသွားခြင်းမရှိသေးကြောင်း သိရသည်။ ယာဉ်မတော်တဆဖြစ်ပွားမှုများတွင် အများစုမှာ မော်တော်ယာဉ် မတော်တဆမှုထက် ဆိုင်ကယ်မတော်တဆဖြစ်မှုများက ပိုမိုများပြားကြောင်း၊ မူးယစ်သောက်စား၍ မောင်းနှင်ခြင်းကြောင့်လည်း ဖြစ်ပွားမှုက ပိုများကြောင်း ရဲမှူးဉာဏ်လင်း၏ ပြောကြားချက်အရ သိရသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ယာဉ်မတော်တဆမှုပေါင်း ၄၀၃ မှု ဖြစ်ပွားခဲ့ပြီး အဆိုပါ ယာဉ်မတော်တဆမှုများကြောင့် ဒဏ်ရာရသူ ၆၈၃ ဦး ရှိခဲ့ကာ သေဆုံးသူ ၁၁၅ ဦးအထိ ရှိခဲ့ကြောင်း အမှတ်(၅) ယာဉ်ထိန်းတပ်ဖွဲ့မှ စာရင်းများအရ သိရသည်။

မြတ်ဝေ

စက်ချုပ်သင်တန်းဆင်းပွဲနှင့် ကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပ

သထုံ ဇန်နဝါရီ ၂၉

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ Suu ဖောင်ဒေးရှင်း၏ ထောက်ပံ့မှုဖြင့် စေတနာ လူမှုကူညီရေးအသင်းနှင့် မေတ္တာရောင်စဉ် လူငယ်ပရဟိတအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော စက်ချုပ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲနှင့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကို ကျိုက္ကော်ရပ်ကွက်ရှိ လင်းရောင်နီဦးစာကြည့်တိုက်၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးသူရ၊ Capacity Development Myanmar(CDM)မှ ဒါရိုက်တာ ဦးအောင်ငြိမ်းချမ်းနှင့် စာကြည့်တိုက်နာယက ဆရာကြီးဦးထွန်းအောင်တို့က အမှာစကားပြောကြားပြီး စက်ချုပ်သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

လင်းရောင်နီဦးစာကြည့်တိုက်တွင် ဒေသခံပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်မွေးပညာသင်တန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ရာ နောက်ပိုင်းတွင် အင်္ဂလိပ်စာသင်တန်းများကို ဆက်လက်ပို့ချပေးရန် အစီအစဉ်များရှိကြောင်း သိရသည်။

ခွန်(ဝင်းပ)

ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြော

ဂန့်ဂေါ ဇန်နဝါရီ ၂၉

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဂန့်ဂေါမြို့နယ် ပုံတောင် ပုံညာတောင်ဒေသ ကျောမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောမြို့အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနိုင်က အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်က အသိပညာတိုးပွားရေး စာအုပ်စာပေ လေ့လာဖတ်ရှုပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွဲ့က အားကစားမြှင့်တင် စိတ်လန်းရွှင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထက်အောင်က မီးဘေးရှောင် မလောင်ခင်တား ခေါင်းစဉ်ဖြင့် လက်တွေ့မီးငြှိမ်းသတ်နည်းများကို သရုပ်ပြ၍လည်းကောင်း ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ အဆိုပါကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် မီးသတ် ဦးစီးဌာနက မီးသတိပြုရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၀၁)**

အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် သက်ငယ်မုဒိမ်းမှု ကာကွယ်တားဆီးရေး ဆွေးနွေး

မြဝတီ ဇန်နဝါရီ ၂၉

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် သက်ငယ်မုဒိမ်းမှု ကာကွယ်တားဆီးရေးအတွက် ပညာပေးအစီအစဉ်များ ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မြဝတီမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ယခုအခါ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် သက်ငယ်မုဒိမ်းမှုများသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားမှုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ယင်းဖြစ်ရပ်များအား ကာကွယ်တားဆီးနိုင်ရန် မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်း မြို့နယ်များမှ ကျေးရွာများအထိ ဟောပြောပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများကို နှံ့နှံ့စပ်စပ် ထိထိမိမိ ဆောင်ရွက်သွားမည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ ခရိုင်အမျိုးသမီးရေးရာကော်မတီမှ အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်း၍ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ ကျွန်းအုပ်စုများပေါ်မှ ဇီဝဇိုးငှက်သိုက်များကို တစ်ဦးတည်း စုသိမ်းထုတ်ယူခွင့်အား ဈေးပြိုင်အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချရန် တင်ဒါခေါ်ယူအပ်ပါသည်-

စဉ်	လပ်ပုံ	ကျွန်းအုပ်စုအမည်	ပစ္စည်းတည်နေရာ
၁	(၁)	မော်စကိုကျွန်းအုပ်စု	လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂	(၂)	ရေအေးကျွန်းအုပ်စု	ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၃	(၃)	ကဆိုင်းလှနှင့် ကော့ငါးကျွန်းအုပ်စု	ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၄	(၄)	မလိကျွန်းအုပ်စု	ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃၀-၁-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ
၃။ **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၁၄-၂-၂၀၁၇ရက် ညနေ ၁၆း၃၀နာရီ
၄။ **တင်ဒါရောင်းချမည့်ရက်** - ၁၅-၂-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ
၅။ **တင်ဒါရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၆။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ
ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၃၅၃၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး
၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၂

ဦးစိုးဂုဏ်ရောင်လင်း (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်မာဝင်း) **နှင့်** ဦးဝေဖြိုးသန့်

တရားလို **တရားပြိုင်**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားကုန်းအဆင့်၊ အမှတ်(၁/၈၆)နေ တရားပြိုင်ဦးဝေဖြိုးသန့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးစိုးဂုဏ်ရောင်လင်း (၄င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဝင်း)က မြေကွက်အရောင်းအဝယ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော်၉ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူများ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် အထောက်အထားများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဉာဏ်ထွန်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁)၊ အကြီးစားစက်ရုံ (သထုံ)၊ ကြီးကြပ်မှုအောက်၊ ရော်ဘာပစ္စည်းစက်ရုံခွဲ (ရွှေဟသ်ာလမ်း)ရှိ အသုံးမလို ပိုလျှံစက်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်၍ သက်ဆိုင်ရာစက်ရုံသို့ သွားရောက်ကြည့်ရှုပြီး ဈေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃၀-၁-၂၀၁၇ ရက် (ရုံးချိန်အတွင်း)
တင်ဒါပိတ်ရက် - ၁၀-၂-၂၀၁၇ ရက် (သောကြာနေ့) ၁၆း၀၀နာရီ
တင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊
ဖုန်း - ၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရုံးအမှတ်(၁)တွင် လျှောက်လမ်း အမိုးမိုးခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၁-၂၀၁၇ရက်မှ ၁-၂-၂၀၁၇ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင်လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၀၂၁တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ချင်းတွင်းတံတား(ခန္တီး) တည်ဆောက်ရေးလုပ်ငန်း၏ ပင်မတံတား သံပေါင်တပ်ဆင်ရန်အတွက်လိုအပ်သော သံပေါင်(၂၀၀၀)တန်နှင့် တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ချင်းတွင်းတံတား(ဟုမ္မလင်း) တည်ဆောက်ရေးလုပ်ငန်း၏ ပင်မတံတားသံပေါင်တပ်ဆင်ရန်အတွက် လိုအပ်သော သံပေါင်(၁၂၀၀)တန်အား ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် J&M Steel Solutions Co. Ltd. မှ တည်ဆောက်ရေးလုပ်ငန်းခွင်အသီးသီးအရောက် သယ်ယူပို့ဆောင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၃၀-၁-၂၀၁၇ရက် (ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၂-၂၀၁၇ရက် (၁၆း၀၀)နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်** - ၉-၂-၂၀၁၇
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။
၆။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
တံတားဦးစီးဌာန၊ ဖုန်း-၀၉-၈၆၃၄၅၃၄

ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ ညောင်ပင်ရွာကျေးရွာနေ မောင်ဝင်းကျော်ထက် ပဥ္စမတန်း(A)အထက၊ ပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်း ၈/မကန(နိုင်)၁၂၄၅၉၀သည် အမည်မှန်ဖြစ်ပါကြောင်း။
ဦးမျိုးမင်း ၈/မကန(နိုင်)၁၂၄၅၉၀

ရောင်း/လဲ

မြေထိုးစက်-D8k

ဖုန်း- 09-250663938

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် (၉၆ᵃ)၊ ဧရိယာ ၀ ဒသမ ၁၄၁ ဧကရှိ ဒေါ်ခင်ရွှေ(သမီး) ဒေါ်ခင်သက်ခိုင် အမည်ပေါက် နှစ်(၃၀)အငှားဂရန် မြေကွက်အား ဦးသာဒင်၊ ဒေါ်ခင်သက်ခိုင်၉/တကန(နိုင်)၀၃၄၇၄၆၊ ၉/တကန(နိုင်)၀၀၂၈၂၇ (ဘ)ဦးမောင်ကို၊ ဦးသာဒင်မှ ဒေါ်ခင်ရွှေ(သမီး) ဒေါ်ခင်သက်ခိုင် အမည်ပေါက် နှစ်(၃၀)ဂရန်မူရင်း၊ မှတ်ပုံတင်အမွေဆက်ခံစာချုပ်၊ ၁/၂၀၁၇ မူရင်းများတင်ပြ၍ မှတ်ပုံတင်စွန့်လွှတ်စာချုပ်ရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစုရှယ်ယာများ ရောင်းချခြင်းအား ယာယီရပ်နားရန်ကြော်ငြာခြင်း

ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် အများပြည်သူသို့ ရောင်းချခွင့်ရှိသော အစုရှယ်ယာများကို(ဒုတိယအကြိမ်)အဖြစ် ၄-၁၀-၂၀၁၆ရက်တွင်စတင်၍ ရောင်းချပေးလျက်ရှိပြီး ကုမ္ပဏီသည် ပထမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပရန် ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် အများပြည်သူသို့ အစုရှယ်ယာရောင်းချခြင်းကို ၃-၂-၂၀၁၇ရက်(သောကြာနေ့) ညနေ (၃း၀၀)နာရီမှစ၍ ယာယီရပ်နားထားမည်ဖြစ်ပြီး ပြန်လည်ရောင်းချမည့်နေ့ကို ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

အမှတ် ၁၃၁/၁၃၃၊ ပထမထပ်(ဝဲ)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ဗိုလ်တထောင်မြို့နယ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်း များကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက် လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမျိုးအမည်
၁	၇၁/မမ/CE	မြစ်ငယ်ကွန်ကရစ် ဇလီဖားစက်ရုံတွင် FD Clip Design ကွန်ကရစ် ဇလီဖား (၁၉၈,၀၀၀)တုံး ထုတ်လုပ်ရန်
၂	၇၂/မမ/CE	ခင်ဦးကွန်ကရစ် ဇလီဖားစက်ရုံတွင် e- Clips Design ကွန်ကရစ်ဇလီဖား (၁၂၂,၀၀၀)တုံး နှင့် Elastic Rail Clips (e-Clips) (၄၈၈,၀၀၀)ခု ထုတ်လုပ်ရန်

တင်ဒါပိတ်မည့် နေ့/အချိန် - ၃၀.၃.၂၀၁၇ (ကြာသပတေးနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၀.၁.၂၀၁၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994

CLAIMS DAY NOTICE
M.V HOEGH PUSAN VOY: NO(65)

Consignees of cargo carried by M.V HOEGH PUSAN VOY:NO(65) are here by notified that the vessel will arrive on about 31-1-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

Vacancy (Local Service Only)

Union Power Logistics Services Co.,Ltd. is a local owned logistics company headquarter in Yangon. We are looking for new recruitment for Marketing Department for below positions.

Position	Post	Average Salary (Kyat)
1) Manager	1	700000 to 1000000 (Negotiable)
2) Assistant Manager	1	400000 to 500000 (Negotiable)
3) Executive	2	300000 to 350000 (Negotiable)
4) Junior Executive	2	200000 to 250000 (Negotiable)

Interested candidates to send a recent photo/CV and application letter to below email address: tayzar@uplogisticsmm. com

Interview Schedule : 20th FEB 2017 (from 9:00 am to 5:00 pm)
Contact Number : 09794773575
Office Address : No.45, Pinon Yeik Mon (1st) Street, Pin Lon Housing, North Dagon Township, Yangon, Myanmar.

YGN Probox Taxi ယာဉ်များသာ

ကြော်ငြာစတစ်ကာကပ်ခြင်းဖြင့် အပိုဝင်ငွေကိုအရစ်ကျရယူနိုင်ပါပြီ။ အရည်အသွေး အာမခံချက်ရှိသည့် အမေရိကန်စတစ်ကာဖြင့် ကပ်ပေးပါမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၈၃၂၈၈၊ ၀၉-၇၈၅၀၈၃၂၈၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ် ၆၄၁၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးကျော်ကျော် အမည်ပေါက် ပါမစ်မြေကွက်အား ဦးသန်းထွန်းဦး ၉/ကပတ(နိုင်)၁၆၉၈၈၆ (ဘ)ဦးလှိုင်မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူအရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ (၃)မိုင်ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ်၂၃၅၊ ဦးပိုင်အမှတ် ၁၄၁၊ အလျားပေ၁၀၀၊အနံ၈၀ပေ မြေကွက်အမည်ပေါက် ဦးတင်ဝင်းက ဒေါ်မရီ ၁/ဗမန(နိုင်)၀၂၈၇၂၆ထံသို့ ၂၀-၅-၂၀၀၈ ရောင်းချခဲ့ရာ ဒေါ်မရီမှ မြေပေးမိန့်မူရင်းထုတ်ယူခဲ့ခြင်းမရှိသေးပါ။ ငွေသွင်းချလန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်ထုတ်ယူခြင်းနှင့် ငွေသွင်းချလန်မိတ္တူ ပြန်လည်ထုတ်ယူခွင့်ပြုပေးပါရန် ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားခဲ့သဖြင့် ကန့်ကွက်လိုသူရှိပါကအထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မရီ
(၃)မိုင် ရွှေပြည်သာကွက်သစ်၊ဗန်းမော်မြို့
ဖုန်း-၀၉-၇၉၈၈၈၄၇၁၀

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း
အသင်းရုံးချုပ် လိပ်စာပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းသည် စားသုံးဆီလက်လီလက်ကား ရောင်းချသူများ၊ ဆီကုန်သည်များ၊ ဆီစက်ပိုင်လုပ်ငန်းရှင်များ၊ စားသုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချသူများ၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များဖြင့် ၁၉၉၂ခုနှစ် အောက်တိုဘာ၂ရက်မှစ၍ မှတ်ပုံတင်အမှတ် ၃၉၁/၉၂ ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၆ အရ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး လွန်ခဲ့သော ၂၄ နှစ်တာ ကာလမှ ယနေ့အထိ မြန်မာနိုင်ငံတွင် စားသုံးဆီများနှင့်ပတ်သက်၍ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသော အသင်းကြီးဖြစ်ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် လက်ရှိမရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ကုန်စည်ဒိုင်အပေါ်ထပ်ရှိ အသင်းရုံးချုပ်နေရာမှ အောက်ပါလိပ်စာအတိုင်း ၃၀-၁-၂၀၁၇ ရက် (တနင်္လာနေ့)မှ စ၍ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

(လက်ရှိ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ကုန်စည်ဒိုင်အမှတ် ခ/၈၁-၈၂၊ ကံ့ကော်လမ်းမကြီး၏ ရုံးခန်းကိုလည်း အသင်းရုံးခွဲအဖြစ် ဆက်လက်ဖွင့်လှစ်ထားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။)

အသင်းရုံးချုပ်တည်နေရာ ။ ။ အမှတ် ၂၉၊ ၉လွှာ၊အခန်းအမှတ်၉၀၂၊ မင်းရဲကျော်စွာလမ်း၊ UMFCCI အဆောက်အအုံ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဆက်သွယ်ရန်ဖုန်းနံပါတ်များ
UMFCCI ရှိ အသင်းရုံးချုပ် ။ ။ ဖုန်း-၀၁-၂၃၁၄၂၉၅၊ Fax- ၀၁-၂၃၁၄၂၉၆
(ဘုရင့်နောင်ကုန်စည်ဒိုင်)ရှိအသင်းရုံးခွဲ ။ ။ ဖုန်း-၀၁-၅၂၈၅၈၁၊၆၈၃၅၉၃၊ Fax-၀၁-၅၂၈၅၈၄

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း

“အထူးဝမ်းမြောက် ဂုဏ်ပြုပူဇော်ခြင်း”

ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ နေပြည်တော်တို့ရှိ ကျောင်းတိုက်ကြီး ခုနစ်တိုက်တို့၏ ဦးစီးပဓာန မဟာနာယကဆရာတော် ဘဒ္ဒန္တဓမ္မာစာရ (ဂန္ထဝါစကပဏ္ဍိတ) အောင်သီတာဆရာတော်ကြီးအား ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ “သဒ္ဓမ္မဇောတိကဓဇ”ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်သည်ကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုပူဇော်အပ်ပါသည်ဘုရား။

၁၃-၃-၂၀၁၇ ရက်(တနင်္လာနေ့)တွင် ထပ်ဆင့်ပူဇော်ပွဲကျင်းပပါမည်။

အရှင်စန္ဒိမာနှင့်တပည့်များ သီရိစကြာကျောင်း၊ ပဲခူး
အရှင်ဉာဏိဿရနှင့်တပည့်များ မဟာရန်ကုန်ဓမ္မရိပ်သာ၊ မင်္ဂလာဒုံ
အရှင်ဝါယာမသီဟနှင့် တပည့်များ အောင်သီတာပျိုးဥယျာဉ်ကျောင်းတိုက်၊ တပ်ကုန်း၊ နေပြည်တော်

ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ်ညစာစားပွဲ ကျောင်းသား/သူဟောင်းများအားလုံး

ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ် ညစာစားပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၀ နာရီတွင် ဆေးတက္ကသိုလ်(၁) လမ်းမတော်၊ မြက်ခင်းပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပါဝင်ဆင်နွှဲနိုင်ပါရန် အသိပေးနှိုးဆော်ပါသည်။

ညစာစားပွဲအတွက်Registration Fees ပေးသွင်းရန် ဆေးတက္ကသိုလ်(၁) လမ်းမတော်၊ စီမံရေးရာဌာနတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ကျင်းပရေးကော်မတီ

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၉)လမ်း၊ အမှတ် ၄၇နေ ဦးစန်းမောင်(ဒုဦးစီးမှူး-ငြိမ်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)-ဒေါ်ခင်ခင်မြ(လူမှုဖူလုံရေး-ငြိမ်း) တို့၏ တစ်ဦးတည်းသောသား

မောင်မြတ်မင်းမောင်
2nd Class Engineer Officer (M.O.T),B.P.S(Y.I.E)
Eagle Ship Management Co.,Ltd.

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်းနေ ဦးတင်မောင်(လက်ထောက်အင်ဂျင်နီယာ-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်အုန်းမြင့်(အလပြ-ငြိမ်း)တို့၏သမီးထွေး

ဒေါက်တာ သူဇာတင်မောင်
M.B.,B.S(Ygn),M.P.H(Mahidol University)
Program Officer,AMDA (Yangon Office)

တို့၏ ၂၁-၁-၂၀၁၇ရက်(စနေနေ့)တွင် Sky Star Hotel ၌ ကျင်းပသော ထိမ်းမြားမင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်စိန်လက်စွပ်ချီးမြှင့်ပေးပါသော ဦးတင်ချို(အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်များကုမ္ပဏီအုပ်စု၊ ကမ္ဘာ့ကုလသမဂ္ဂဘဏ္ဍာရေးနှင့် အုပ်ချုပ်မှုဆိုင်ရာအကြံပေး-ငြိမ်း)နှင့် ဒေါ်လှမြင့် (အလပြ-ငြိမ်း)၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော စောင်း ခင်မာသီ၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော တူဖြစ်သူ မောင်အေးနှင့်တူမလေး မေမင်းမောင်၊ မင်္ဂလာပန်းကြဲပေးပါသော မအိအိကျော်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးသော ဒေါက်တာနှင်းစပယ်ထွဋ်၊ သတို့သားအရံ မောင်အောင်ကျော်သူနှင့် မောင်ဖြိုးဝေအောင်၊ သတို့သမီးအရံ မဝါဝါလင်းနှင့် ဒေါက်တာယုယုမော်၊ မင်္ဂလာဝတ်စုံ Perfect ညီညီ(မန္တလေး)၊ မင်္ဂလာဓာတ်ပုံဗီဒီယို မှတ်တမ်းတင်ပေးသော ဓာတ်ပုံမိုးကိုဦးနှင့်အဖွဲ့၊ Sky Star Hotel မှ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူး ဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်မင်းမောင်-ဒေါက်တာ သူဇာတင်မောင်

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း(၉)ရက်မှ တပို့တွဲလပြည့်နေ့အထိ ၅-၂-၂၀၁၇ မှ ၁၁-၂-၂၀၁၇ အထိ တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများစာရင်းပေးသွင်းနိုင်ကြပါသည်။

မြတ်တံခွန်စာသင်တိုက်
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၄၆၁ နှင့်ဆက်နွှယ်သည့်
၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၉

ယူနိုက်တက်ဝင်းနားအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် (၄င်း၏ကိုယ်စားမန်နေဂျင်းဒါရိုက်တာ ဦးရန်ရှင်း) **နှင့်** ၁။ ဒေါ်ဥမ္မာလွင် ၂။ ဦးကျော်ကျော်ဟိန်း

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မင်းရဲကျော်စွာအိမ်ရာ၊ လေးထောင့်ကန်လမ်း၊ အမှတ် ၃၀၃နေ(ယခုနေရပ်လိပ်စာမသိသူ) (၂) တရားရှုံး ဦးကျော်ကျော်ဟိန်း သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးအမှု-၄၆၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် (ယူနိုက်တက်ဝင်းနားအင်တာနေ ရှင်နယ် ကုမ္ပဏီလီမိတက်)က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်(၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်စေ။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နေဝင်း)**

ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

တောင်တွင်းကြီးမြို့နယ် အသင်း(ရန်ကုန်) (၂၅)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

အခမ်းအနားအစီအစဉ်

(က) **ကျင်းပမည့်နေ့ရက်** - ၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက် ၁၂-၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
(ခ) **ကျင်းပမည့်အချိန်** - နံနက် ၀၈း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
(ဂ) **ကျင်းပမည့်နေရာ** - ဝိဇ္ဇာစရဏသမ္ပန္နောဓမ္မာရုံ(တောင်တွင်းကြီးမြို့နယ်အသင်း၊ ရန်ကုန်)စွယ်တော်မြတ်စေတီတော်ပရိဝုဏ်အတွင်း မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

အသင်းဝင်များအားလုံး ၃၁-၁၂-၂၀၁၆ ရက်တွင် အသက်(၇၄)နှစ်ပြည့်ပြီး (၇၅)နှစ်ထဲရောက်ရှိသော အသင်းဝင်နှင့်ဇနီး/ခင်ပွန်းစာရင်းနှင့် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများစာရင်းကို အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါဖုန်းနံပါတ်များနှင့် နယ်မြေအမှုဆောင်များထံ ၅-၂-၂၀၁၇ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအတွက် လှူဒါန်းလိုသူများလည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း) ဖုန်း-၀၁-၉၆၉၉၆၀၂၊ အတွင်းရေးမှူး ဦးဘိုကြည် ဖုန်း-၀၁-၆၄၇၁၆၃၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ဌေး ဖုန်း-၀၉-၇၉၉၉၉၀၈၈၈၊ စာရင်းစစ် ဒေါ်မိမိခိုင် ဖုန်း-၀၉-၇၃၁၄၀၉၅၉၊ ရုံးဖုန်း-၀၉-၄၄၉၀၀၄၅၀၉။

(တောင်တွင်းကြီး မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပါမည်)

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် (၃၅ဏ) ဧရိယာ ၀ဒသမ၀၉၉ဧကရှိ မြေကွက်အား ဦးတင်မိုးထွန်း+ဒေါ်ခင်ဖြူ၊ ၉/တကန(နိုင်)၀၀၉၀၃၃၊ ၉/တကန(နိုင်)၀၁၁၅၁၅ (ဘ)ဦးထွန်းဆိုင်၊ ဦးပွမှ ဦးစိုးသိန်း၊ ဦးထွန်းဝင်းမှ ဦးတင်မိုးထွန်း+ဒေါ်ခင်ဖြူသို့ အရောင်းအဝယ်စာချုပ်မူရင်း၊ ဦးတင်မိုးထွန်း+ဒေါ်ခင်ဖြူမှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်မူရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၈၀၅

ဦးဇင်ကိုကိုဝင်း **နှင့်** ၁။ ဦးဘတင် ၂။ မောင်မင်းလွင်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ မန္တလေးလမ်း၊ အမှတ် ၁၀၄နေ (၁)ဦးဘတင်၊ (၂)မောင်မင်းလွင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ ဝယ်ယူထားသည့် မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ခင်နှင်းရီ)**

ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအားဂျာ၏သမီး ကျိုင်းတုံတက္ကသိုလ်၊ စတုတ္ထနှစ်(သင်္ချာ)မှ မအားဂါတာနှင့် မအားကာကာ ၁၃/ကတန(နိုင်)၁၄၄၂၇၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မအားဂါတာ(ခ)မအားကာကာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၂၁၆)၊ ဧရိယာ ၀ဒသမ၁၄၆ဧက ဦးမြင့်ဝင်း ၁၂/သဃက(နိုင်)၁၀၂၃၀၃ အမည်ပေါက် နှစ် ၃၀မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် ၄၇/၂၀၁၄ (၅-၁၁-၂၀၁၄) မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ရင်ရင်ဆွေ ၉/ရမသ(နိုင်)၀၁၀၇၄၄ (ဘ) ဦးကျောက်ပန်း၏ကိုယ်စား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၁၁၅/၂၀၁၆ (၁၃-၁၂-၂၀၁၆)ဖြင့် ဒေါ်ရင်ရင်ဆွေ၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးတိုးမြင့်ကျော် ၁၂/သကတ(နိုင်)၀၁၈၈၆၈ (ဘ)ဦးတိုးမြင့်မှ မှတ်ပုံတင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အမက(၁၁) စတုတ္ထတန်းမှ မအဲလစ်ဇဘက်၏ အမည်မှန်မှာ မအဲလစ်ဇဗက်ကျင်းကုမ်းကိမ်ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးမောင်မောင်အစား ဦးမန်ခမ်းဆွင်းမောင်မောင် ၁၂/မဂဒ(နိုင်)၁၀၈၁၅၉ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 3G-9946 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/2718 Toyota Ipsum ACM21, Station Wagon(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်း ၁၂/လသန(နိုင်)၀၁၀၀၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

၈-၁၂-၂၀၁၆ရက်စွဲပါ မငြိမ့်မွန်ဝင်း (ဘ)ဦးသိန်းဝင်း ၉/ပမန(နိုင်)၁၇၃၉၆၂၏ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာချက်အပေါ်

ပြန်လည်ရှင်းလင်းကြော်ငြာခြင်း

ပျဉ်းမနားမြို့နယ်၊ သစ်ထုတ်ရေး(တောင်)ဝင်းအတွင်းနေ ကျွန်တော် မောင်ရန်မျိုးသက်အား ဇနီးဖြစ်သူ မငြိမ့်မွန်ဝင်း(ဘ)ဦးသိန်းဝင်း ၉/ပမန(နိုင်)၁၇၃၉၆၂မှ ပျဉ်းမနားမြို့နယ်တရားရုံးတွင် လင်မယားကွာလိုမှုစွဲဆိုထားရာ ကျွန်တော်မောင်ရန်မျိုးသက်မှ အနိုင်ဒီကရီရရှိထားသူ တစ်ဦးဖြစ်ပြီး ၄င်းအနိုင်ဒီကရီအား ယနေ့အချိန်ထိ ပယ်ဖျက်ထားခြင်းမျိုး မရှိသည့်အပြင် ကျွန်တော်ကိုယ်တိုင်မှပင် မငြိမ့်မွန်ဝင်းအား ကွာရှင်းပြတ်စဲလိုသော ဆန္ဒမရှိသောကြောင့် ယနေ့ထိတိုင် တရားဝင်အကြင်လင်မယားအဖြစ် ဆက်လက်တည်ရှိနေသေးကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

မောင်ရန်မျိုးသက် ၉/ပမန(နိုင်)၁၈၅၇၉၅

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြင်းမူမြို့နယ်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၂၁

ဦးနီတာ **နှင့်** ဒေါ်ဆိုင်ကွန် ပါ(၂၉)

တရားလို **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပစံပြကျေးရွာတွင် နေထိုင်သူများဖြစ်ကြသော ဦးစိုးမြင့်နှင့် ဦးကျော်သန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနီတာက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထား စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ခင်စန်းလင်း)**

မြို့နယ်တရားသူကြီး
မြင်းမူမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၃၆ယ/၈၀၉၆၀ Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဟန်ထွန်း ၉/မဟမ(နိုင်)၀၁၃၀၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (နေပြည်တော်)

ချာချီးယား ခရိုမြို့သစ်
အရှေ့ပိုင်းဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄)၊မြေကွက်အမှတ်(၇၁၄)၊မြေကွက်တည်နေရာအမှတ် ၄/၇၁၄၊ဗိုလ်ဆွန်ပက်လမ်း၊ကျွန်းစစ်သားရပ်ကွက်၊ဒလမြို့နယ်၊ဦးအေးဝင်းအမည်ပေါက်ပါမစ် မြေအားအမည်ပေါက်ဦးအေးဝင်း(ခင်မွန်)ကွယ်လွန်သဖြင့်ဒေါ်ဝင်းဝင်းအေး(၁၂/ဒလန(နိုင်) ၀၇၂၉၆၈)ကတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းနှင့်မြေချပါမစ်ပျောက်ဆုံးကြောင်း (၂၉-၈-၁၆)ရက်စွဲပါကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဦးဗိုက်ပွ(ခ)ဦးအေး ဝင်းသေဆုံးကြောင်းဒလမြို့နယ်၊မော်စက်ရပ်ကွက်၊အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ၏(၁၆-၁-၁၉၉၉)ရက်စွဲပါထောက်ခံစာ၊ဦးအေးဝင်းသေဆုံးကြောင်းဒလမြို့နယ်၊ကမာက ဆစ်ရပ်ကွက်၊အုပ်ချုပ်ရေးမှူး၏(၉-၈-၂၀၁၆)ရက်စွဲပါထောက်ခံစာ၊ဒလမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏(၃၀-၈-၂၀၁၆)ရက်စွဲပါထောက်ခံစာ၊မြေချပါမစ်မူရင်းပျောက်ဆုံး ကြောင်းဒလမြို့နယ်၊ကျွန်းစစ်သားရပ်ကွက်၊အုပ်ချုပ်ရေးမှူးနှင့်ဒလမြို့မရဲစခန်းတို့၏ထောက် ခံစာ၊ပါမစ်ပျောက်ကြောင်းကိုကိုယ်တိုင်ဝန်ခံချက်နှင့်မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင်လျှောက် ထားသူကိုယ်တိုင်မနေ၊သွပ်မိုးပျဉ်ကာအိမ်တွင်အိမ်ငှားဦးရှိန်ထားရှိခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှဝန်ခံကတိပြုချက်တို့တင်ပြ၍ဂရန်သစ်(ပါမစ်ပျောက်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မန္တလေးခရိုင်တရားရုံးတော်

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၇၁၈ နှင့်ဆက်နွယ်သည့်

၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဦးစောငြိမ်း	နှင့်	၁။ ဦးမြတ်စိုး
		၂။ ဦးဝင်းအောင်
		၃။ ဦးအောင်ကျော်ဆန်း
		၄။ ဦးအောင်မျိုးနွယ်
		၅။ ဦးကျော်မြင့်
ဒီကရီအနိုင်ရသူ		တရားရှုံးများ

(၁) ဦးမြတ်စိုး၊ အမှတ် (၂၁)၊ ခိုင်ရွှေဝါလမ်းနှင့် ၆၉-လမ်းထောင့်၊ ဆ-၆/၉၁၊ ကားလုပ်ငန်း၊ ချမ်းမြသာစည်မြို့နယ်၊ (၂) ဦးအောင်ကျော်ဆန်း၊ လမ်း-၃၀၊ ၆၆လမ်းနှင့် မင်းကွန်းဘိုးဘွားရိပ်သာတိုက်ခန်း၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ (၃) ဦးကျော်မြင့်၊ ၀၀-၈၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၇၁၈တွင် ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လှကြည်)
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၂)၊ အကွက်(၁၅)၊ ညံတောတောင်၊ ဦးပိုင်(၁၂၀-က)၊ မြေယာအမှတ်(၈၂-အေ)၊ ဧရိယာ ၀ ဒသမ ၁၀၀ ဧကရှိ ဂရန်မြေကွက်သည် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်စာချုပ်အမှတ်(၄၅၂/၂၀၀၂-၂၀၀၃)ဖြင့် ဦးဂျာလ၊ ဦးတူးလွမ်၊ ဒေါ်ကမ်ဘောဇီ အမည်ပေါက် အနှစ်(၃၀)ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့အား ဦးဂျာလပါ၃ ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက လက်ရောက်အဆုံးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောတရားဝင် စာရွက်စာတမ်းမူရင်းအထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးညီညီချစ် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၄၃၆၀)
B.Sc, M.Sc (Physics), D.B.L, H.G.P, RL (ADVOCATE)

ဒေါ်ဝင်းဝင်းမော်	ဒေါ်ရတနာချစ်စု	ဒေါ်ကြူကြူအေး
(စဉ်-၉၂၄၀)	(စဉ်-၃၉၂၁၈)	(စဉ်-၂၉၉၀၄)
LL.B, D.B.L,D.I.L	LL.B, LL.M	LL.B
(တရားလွှတ်တော်ရှေ့နေ)	(အထက်တန်းရှေ့နေများ)	

အမှတ်(၉)၊ ၃၅လမ်း၊ ၈၇×၈၈ လမ်းကြား၊ ဒေးဝန်းအရှေ့ရပ်၊ မန္တလေးမြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့ အမှတ် (၃)ရပ်ကွက်နေ (ဘ) ဦးထွန်းဝင်း၏သား ဦးတင်မောင်ဆွေ(ခ)ဦးတင်မောင်ရွှေ(ခ) ဦးဝင်းလှိုင် ၉/လဝန(နိုင်)၀၂၅၇၇၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း မွေးသက္ကရာဇ်မှာ (၂၇-၁-၁၉၇၃) ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်စိုးအောင်-ဒေါ်ခင်မြင့်တို့၏ သမီး အိမ်အမှတ် (၇/၈၇)၊ ရွှေချို(၈လမ်း၊ အထက (ခွဲ) လဥ ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်အေးအေးစိုး ၉/ပမန(နိုင်)၀၁၈၈၀၁နှင့် ဒေါ်အေးအေးချစ်စိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်အေးအေးစိုး(ခ)ဒေါ်အေးအေးချစ်စိုး
၉/ပမန(နိုင်)၀၁၈၈၀၁

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်တွင် နေထိုင်သော ဦးရန်မျိုးအောင် ၉/အမရ(နိုင်)၁၁၅၅၀၇၏ ဖခင်အမည်မှန်မှာ ဦးစန်းနှင့် ဦးစန်းဝင်းမောင်၉/အမရ(နိုင်)၀၅၁၃၄၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးရန်မျိုးအောင်**
၉/အမရ(နိုင်)၁၁၅၅၀၇

အမည်ပြောင်းကြေညာခြင်း

လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာနေ အဖဦးစိုင်းလှထွန်း-အမိဒေါ်နန်းငွေယု၏ သမီး နန်းလှမိုင်(ခ)နန်းခမ်းလှ ၁၃/လရန(နိုင်)၁၃၂၃၃၆အား ယနေ့မှစ၍ နန်းလှမိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

နန်းလှမိုင်

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၅၊ ၁၀၊ ၇) ခုံယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မန္တလေးခရိုင်တရားရုံးတော်

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၂၇ နှင့်ဆက်နွယ်သည့်

၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၀

ဦးစောငြိမ်း	နှင့်	၁။ဦးငွေဦး
		၂။ ဦးသွင်စိုး
		၃။ ဦးဝင်းအောင်
		၄။ ဒေါ်ကျင်ဆိုင်ပြေ
		၅။ဒေါ်မာမာဆိုင်
		၆။ဦးဇော်ထွန်း
ဒီကရီအနိုင်ရသူ		တရားရှုံးများ

(၁)ဦးငွေဦး၊ စက်မှု(၁)၊ ဝပ်ရှော့လုပ်ငန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ (၂)ဦးသွင်စိုး(လွင်စိုး)၊ ၀၀-၈၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ (၃)ဒေါ်ကျင်ဆိုင်ပြေ (၄င်း၏ကိုယ်စားလှယ်စာရသူဒေါ်ခင်သူဇာ) ၃၇-၃၈ကြား၊ ၆၈-၆၉လမ်းကြား၊ မဟာမြိုင်အပိုင်း (၃)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ (၄)ဒေါ်မာမာဆိုင် ၀၀-၈၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ (၅) ဦးဇော်ထွန်း၊ ၀၀-၈၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၂၇တွင် ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လှကြည်)
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မန္တလေးခရိုင်တရာရုံးတော်

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၇၂၀ နှင့်ဆက်နွယ်သည့်

၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃

ဦးစောငြိမ်း	နှင့်	၁။ ဦးလွင်နိုင်ဝေ
		၂။ ဦးမောင်မောင်ဦး
		၃။ ဒေါ်အေးကြူ
		၄။ ဒေါ်ခင်ချို
		၅။ ဒေါ်ဆွေဆွေလွင်
		၆။ဦးဝင်းအောင်
ဒီကရီအနိုင်ရသူ		တရားရှုံးများ

(၁)ဦးလွင်နိုင်ဝေ၊ (၀၀-၈)၊ နတ်ရေကန်ကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ (၂)ဦးမောင်မောင်ဦး၊ ၆၃ လမ်း၊ ၃၁-၃၂ လမ်းကြား၊ အမှတ်(၁၅)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ (၃)ဒေါ်အေးကြူ (၄င်း၏ကိုယ်စားလှယ်စာရသူ ဦးအေးကိုထွန်း) လမ်း-၃၀၊ ၇၆-၇၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၇၂၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လှကြည်)
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၀၉၅၀)၊ ဧရိယာ ၀ဒသမ၀၁၀ဧက ဒေါ်ခင်ဌေးမြင့် ၁၂/ဗဟန(နိုင်)၀၃၇၇၃၇အမည်ပေါက် နှစ် ၃၀ မြေငှားဂရန်စာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၂၀/၂၀၁၆(၂၅-၁၁-၂၀၁၆)ဖြင့် မြေကွက်အမည်ပေါက် ဒေါ်ခင်ဌေးမြင့်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးခင်မောင်ဝင်း ၉/တကန(နိုင်)၁၃၇၄၃၅(ဘ) ဦးအောင်ဒင်မှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

